www.burmeseclassic.com

BURMESE CLASSIC .com

# အရိုး



...ဆို သည် ၏

စာစုများ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အရိုး

. . . ဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူ ခွင့်ပြုချက် အမှတ် | ၄၀၀၈၅၀၀၇၀၇ |
| မျက်နှာဖုံး ခွင့်ပြုချက် အမှတ် | ၄၀၀၇၇၆၀၈၀၇ |
| ပထမ အကြိမ် | ၂၀၀၇ ခုနှစ် အောက်တိုဘာလ |
| မျက်နှာဖုံး ဒီဇိုင်း | ရဲမြင့်သူ |
| မျက်နှာဖုံးရိုက် | ဒေါ်ခွေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးဝင်းမြိုင် (၀၂၄၈၆)၊ သိဒ္ဓိမြိုင် ပုံနှိပ်တိုက် ၁၁၃/၃၄ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊ ၁၁၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၂၀၀ |


## မာတိကာ


| | | |
|---|---|---|
| ၁။ | နာမည်ကြီး ဆိုသည်မှာ | ၁ |
| ၂။ | ခွေး ဆိုသည်မှာ | ၉ |
| ၃။ | အလုံး ဆိုသည်မှာ | ၁၇ |
| ၄။ | တံခါး ဆိုသည်မှာ | ၂၅ |
| ၅။ | ဝတ္ထု ဆိုသည်မှာ | ၂၉ |
| ၆။ | အရူး ဆိုသည်မှာ | ၃၉ |
| ၇။ | အလှူ ဆိုသည်မှာ | ၄၅ |
| ၈။ | အမြင် ဆိုသည်မှာ | ၆၁ |
| ၉။ | မှန် ဆိုသည်မှာ | ၆၇ |
| ၁၀။ | အသုဘ ဆိုသည်မှာ | ၇၃ |
| ၁၁။ | ကော်ပီ ဆိုသည်မှာ | ၇၇ |
| ၁၂။ | စတူဒီယို ဆိုသည်မှာ | ၈၁ |
| ၁၃။ | စီးရီး တစ်ခွေ ဆိုသည်မှာ | ၈၇ |


www.burmeseclassic.com

www.burmeseclassic.com

ကဗျာ ဖတ်ပြီး
ကဗျာရေး။
သီချင်း နားထောင်ပြီး
သီချင်းရေး။
ဝတ္ထု ဖတ်တော့
ဝတ္ထုရေး။
တရားစာ ဖတ်တော့
ဘုရားစင်ရှေ့ပြေး။
ငွေ မရှိ ငွေရှာ
ဆန်မရှိ ဆန်ရှာ
ပြဿနာ မရှိ ပြဿနာရှာ
အလုပ် မရှိ အလုပ်ရှာ
တစ်ရံရောအခါက
ငါ ....
ကူးစက်လွယ်တဲ့ ရောဂါ ...။

## နာမည်ကြီး ဆိုသည်မှာ ....

တစ်ခါက ကမ္ဘာဟု ခေါ်သော ရွာကြီးတစ်ရွာ ရှိလေသည်။ ထိုရွာကြီးတွင် ဘယ်သူ သူကြီး၊ ဘယ်သူ ရွာခေါ် ဟူ၍ မရှိ။ အားလုံး ကိုယ့် အပိုင်းနှင့် ကိုယ်၊ ကိုယ့်အထာနှင့် ကိုယ် နေကြသော ဟူ၏။ ထိုရွာကြီး၏ နယ်နိမိတ် ဧရိယာထဲတွင် 'ပင်လယ်' ခေါ် ရေသတ္တဝါများ ဖမ်းဆီး စားသောက် မွေးမြူနိုင်သော အင်းများနှင့် 'သမုဒ္ဒရာ' ခေါ် ကျယ်ဝန်းသော ရေကန်ကြီးများလည်း ပါဝင်လေသည်။ ထိုကမ္ဘာရွာကြီးကို မြစ်၊ ချောင်း စသော ရေစီးကြောင်းလေးများ၊ မြောင်းငယ်လေးများလည်း ဖြတ်သန်း စီးဆင်းနေကြသေး၏။ ထိုရွာကြီးတွင် 'တောင်' ဟု ခေါ်သော ကမူလေးများလည်း ရှိ၏။ 'တော' ဟု ခေါ်သော ချုံပုတ်ရှုပ်ရှုပ်များလည်း ရှိ၏။ 'ကန္တာရ' ဟု ခေါ်သော တလင်းပြောင်ပြောင်လေးများလည်း ရှိ၏။ 'တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်း' ခေါ် ရေခဲရောင်းသည့် ဆိုင် နှစ်ဆိုင်ပင် ရှိ၏။ ထိုရွာကြီးတွင် လူများ နေထိုင်ကြသည့် အလျောက် သူတို့ ဆိုင်ရာ အပိုင်းအလိုက် 'တိုက်' ဟု သတ်မှတ်ကြ၍ 'ဘာတိုက်၊ ညာတိုက်' ဟု အမည် ပေးထားလေသည်။ သို့သော် ထူးခြားသော အခြင်းအရာ တစ်ခုမှာ ထိုကမ္ဘာရွာကြီးတွင် နေထိုင်ကြသူများသည် အားလုံး နာမည်ကြီးများသာ ဖြစ်ကြကုန်၏။ ထိုသူ့ အနက်မှ အချို့ကို တင်ပြရပါလျှင်

အိမ်သူရွှေမ ဟာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှံ့ရွာ ဝဲထူသူ တစ်ယောက် ရှိ၏။ သူ ဝဲ တစ်ခါ ပေါ်ပြီး ယားပြီဟု ဆိုလျှင် မငြိမ်းနိုင်၊ မစီးနိုင် အတော်ကြာအောင် ကုတ်၍ အယားဖျောက် ရလေသည်။ သူသည် စတော်ဘယ်ရီရှိတ်၊ မစ်ရှိတ်များလည်း ကြိုက်၏။ "ရှိတ်စပီးယား" ဟု လူသိများလေသည်။ သူ့သမီးမှာလည်း ရွာတွင် တစ်ခါက ကွမ်းတောင်ကိုင် ဖြစ်ခူး၍ နာမည်ကြီး၏။ သို့သော် သူ့အဖေလို ဝဲတော့ မပေါက်။ ချေးသာ ထူသဖြင့် သူလည်း ယားလေသည်။ "ဘရစ်တနီစပီးယား" ဟု ကာလသားများကြား ကျော်ကြား၏။ သူတို့ သားအဖကို ရွာက ရှိန်ကြ၏။ အဘယ်ကြောင့် ဆိုသော် "ရှိတ်စပီးယား" ကြီး၏ တူများ၊ သားများသည် ရွာတွင် ရမ်းကားချင်ကြသူများ ဖြစ်သလို ဆိုးလည်း ဆိုးကြ၏။ သူတို့ အဖေလို ဝဲမပေါက်၊ သူတို့ နမလို ချေးမထူသော်လည်း မျိုးရိုးဂုဏ် ထိန်းသည့် အနေနှင့် ညှင်းများ၊ နှင်းခူများ၊ ပွတ်များ၊ ခက်များ ပေါက်ကြ၍ ယားကြသည်သာ ဖြစ်သည်။ ထိုအုပ်စုတွင် ခေါင်းဆောင်သည် "မာဘီး" ဖြစ်၏။ ထို့ကြောင့် "မာဘီးယား" များဟု လန့်ကြလေ၏။ သူတို့ အိမ်သည် လူတွင်မက ကြောင်ပါ နာမည်ကျော် ဖြစ်သည်။ "မာဘီး" မွေးထားသော ကြောင်ကြီးသည် "ဂါဘီး" ဟု၍ ကြောင်လောကတွင် ထင်ရှားလေသတည်း။ သူတို့အိမ်တွင် သူများလို နတ်ကွန်း မထား။ နေထိုင်သူများ စရိုက်နှင့် ကိုက်အောင် သဲယားကွန်းသာ ထား၏။ အကယ်၍ မိတ်ဆွေ သူတို့နှင့် တွေ့ချင်၍ "ဝဲယားသေသအာလစ်ဝင်း" ဟု မေးသော် "သဲယားသေသအာ" ဟု ကျွန်တော် လိုက်ပြပါမည်။

မာဘီးတို့ တစ်သိုက်မှာ အနောက်ပိုင်းသားများ ဖြစ်ကြ၏။ အရှေ့ပိုင်းတော့ သိပ်မလာရဲ။ အဘယ်ကြောင့် ဆိုသော် သူတို့လောက် နီးနီး မိုက်သော အရှေ့ပိုင်းသား ညီအစ်ကို တစ်သိုက် ရှိ၍ ဖြစ်သည်။ ထိုညီအစ်ကိုများမှာမူ မိဘများကို နည်းနည်း ကြောက်ရ၏။ သူတို့ မိဘများသည် ဇာခြင်ထောင် လုပ်ငန်း ပိုင်ရှင်များ ဖြစ်ပြီး လယ်ယာများလည်း ပိုင်ဆိုင်လေသည်။ "ဇာ" လုပ်ငန်းတွင်ရော၊ "ယာ" လုပ်ငန်းတွင်ပါ သူတို့ ဝင် "ကူ" ကြရသဖြင့် "ယာကူဇာ" များဟု ကျော်ကြားကြလေ၏။ ယာကူဇာများ တကယ် မိုက်သလား ဆိုတော့ အမှန် ပြောရလျှင် သူတို့ ဦးလေးတွေကို မမီလှကြချေ။ သူတို့ ဦးလေးများမှာကား မိုက်ရုံမက ဗိုက်ဆာလျှင် တွေ့ရာအိမ် အတင်း





တက်စားမည် ဟူသော မူတစ်ခု ချမှတ်ထားကြကာ အလွန်လည်း ရိုင်းကြသေးသဖြင့် "ဆာမူရိုင်း" တွေဟု တစ်ရွာလုံး ခေါ်ကြလေ၏။ ထို့မျှသာ မကသေး။ ထမင်းခဲ့ရှိ လက်ပါချင်ကြသော ဆာမူရိုင်း၊ ယာကူဇာတို့ တစ်သိုက် ကြားတွင် ဝေါ်ကြီးကျလှ၍ ဘာစားစား မကြာခဏ နင်တတ်ကာ ဘာဂျာ အမှုတ်ကောင်းသော တစ်ကိုယ်လုံး ပုဆိုး ခြုံထားသည့် ပျားဖွတ်သမား "နင်ဂျာ" များမှာလည်း နာမည်ကြီးလေသည်။

သို့သော် ရွာတွင် အနောက်ပိုင်းမှာရော၊ အရှေ့ပိုင်းမှာပါ ဘယ်သူ့မှ ဂရုမစိုက်သော သူများလည်း ရှိကြ၏။ အနောက်ပိုင်းတွင် မုဆိုး တစ်ယောက် ရှိသည်။ မိန်းတစ်ချောင်းနှင့် တစ်ယောက်တည်း တောထဲကို ကွတ ကွတ ဝင်ဝင်သွားတတ်သော အလန်စား ဘဲတစ်ရွေ့ ဖြစ်ရာ "အလန် ကွတာမိန်း" ဟု လူသိများ၏။ နောင်သော် ကွာစေ ပြောင်းရောင်းစားပြီး တာရိုး ဘေးနေ မိန်းမ တစ်ယောက်နှင့် မရှင်း မရှင်း ဖြစ်မိသဖြင့် "အလန် ကွာတာမိန်း" ဟု ပြောင်းခေါ်ကြလေသည်။ ထိုမုဆိုးတွင် ညီနှစ်ယောက် ရှိရာ နှစ်ယောက်လုံး ဘောကန်စားကြပြီး အားလုံး အလန်စားတွေချည်း ဖြစ်၏။ အကြီးကောင်မှာ မကျေနပ်တာ တွေ့ရင် "ရှီးတဲ့မှု" ဟု ဆဲတတ်၍ အစက "အလန်ရှီး" ဟု ခေါ်ကြလေသည်။ နောင်သော် ရှိတ်စပီးယားကြီး၏ သမီး တစ်ယောက်နှင့် အကြောင်း ပါ၍ သူလည်း လိုက် "ယား" ရလေသော် "အလန်ရှီးယား" ဟု နာမည်ကျော်၏။ အငယ်ကောင်မှာ ငယ်ငယ်က စပျစ်သီးကို စမစ်သီးဟု မပီကလာ ပီကလာ ခေါ်ခြင်း အကြောင်းပြု၍ "အလန်စမစ်" ဟု နာမည် ရလေသည်။ သူတို့ နှစ်ယောက်တွင် ဘောကန်ဖက် ဘော်ဒါ တစ်ယောက် ရှိရာ သူလည်း နာမည်ကြီး ဖြစ်၏။ ထိုင်နေသည့် အလုပ်သမားရေ့ မဖေးတုန်းက ဆေးရိုးဗစ် တစ်ခါ ဝင်ကာဖူးပြီး နေ့ဘက် ဖြစ်ဖြစ်၊ ညဘက် ဖြစ်ဖြစ် အမြဲ ခမ်းနေသည့် အလျောက် "ဒေးဗစ် ဘက်ခမ်း" ဟု သိလေသည်။ သူနှင့် အတူ ဆေးရိုးဗစ် ကာဖူးသည့် များလည်း ရွာတွင် အမြောက်အမြား ရှိ၏။ ဒေးဗစ် ဘက်ခမ်း ထမင်းချက် ဟင်းချက် တပည့်လေး တစ်ယောက် ရှိရာ သူလည်း သူ့ဆရာလို အမြဲ ခမ်းနေသူသာ ဖြစ်သည်။ မကြာခဏ လက် တတ်ပြီး ဇွတ်ရွတ်တွ



www.burmeseclassic.com

www.burmeseclassic.com



စကား များသဖြင့် 'ရှရွတ်ခမ်း' ဟု ခေါ်ကြလေသည်။

အရှေ့ပိုင်းတွင်လည်း ဘယ်သူ့မှ ဂရုမစိုက်သော ခပ်မိုက်မိုက် ကပွဲယ လူထွက် တစ်ယောက် ရှိ၏။ အဖေ တစ်ခု၊ သားတစ်ခု နေထိုင် လာခဲ့ကြရာမှ အဖေ ဖြစ်သူ ဆုံးပါးသော် သူတစ်ယောက်တည်း ကျန်ခဲ့၍ ဘုန်းကြီးကျောင်းတွင် လာရောက် ကပ်ရပ် နေထိုင်ရသဖြင့် 'ကျန်ကျောင်း' ဟု မေးထူး ခေါ်ပြော ရှိကြလေသည်။ သူ နေထိုင်ခဲ့ဖူးသည့် ဘုန်းကြီး ကျောင်းမှ ကိုယ်တော်များမှာလည်း ရပ်ကျော် ရွာကျော်များသာ ဖြစ်၏။ လောကီ ဒုက္ခ အဝဝကို ရှောင်ကွင်း၍ ဘယ်မိန်းမ၏ လင်မှ မလုပ်လို ကြသဖြင့် ဘုန်းကြီး ဝတ်နေကြသည် ဖြစ်ရာ 'ရှောင်လင်' ကိုယ်တော်များ ဟု လွန်စွာ ကျော်ကြား၏။ ထိုကိုယ်တော်များသည် နှယ်နှယ်ရရ မဟုတ်၊ အုပ်စုလည်း တောင့်၍ ကိုယ်ခံပညာလည်း ကောင်းသော ကျန်ကျောင်း၏ ဆရာ အရင်းခေါက်ခေါက်များ ဖြစ်ကြလေသည်။ ကိုယ်တော်များမှာ အရှေ့ ပိုင်းတွင် ရှောင်လင်ကျောင်း ဆောက်၍ သီတင်းသုံးနေကြသည် ဖြစ်သော ကြောင့် 'ယာကူ၊ ဆာမူ' တို့ တူဝရီး အုပ်စုမှာ အနောက်ပိုင်းသား 'မာဖီး' တို့ တစ်သိုက်လောက် ထင်ရာ မစိုင်းရဲ၊ မရမ်းကားရဲ။ ထို့အပြင် ရှောင်လင် ကိုယ်တော်တို့ ကျန်ကျောင်းတို့ ဆိုတာက တခြား လူတွေ မဟုတ်၊ အသား ဖြူဖြူ မျက်လုံး မှေးမှေး သူတို့နှင့် ခွေနီးမျိုးစပ်လည်း တော်နေသေးသဖြင့် ယာကူတို့ တူဝရီး တစ်အုပ်မှာ ခပ်ကုပ်ကုပ်သာ နေကြလေသည်။ ထို့ပြင် အရှေ့ပိုင်း၌ ဘယ်သူ့မှ မနိုင်၍ လွှတ်ထားရသော လူကြီး တစ်ယောက်လည်း ရှိသေး၏။ အခြား မဟုတ်၊ ခါးချိအောင် ကူလီ ထမ်းစားဖူး၍ နောက်ဆုံး ရူးသွားပြီး ကုန်းကုန်း ကွကွ ယပ်တောင် လေး တဖျတ်ဖျတ်နှင့် လမ်းတကာ လျှောက်သွားနေသော ချိကုန်းကြီးပင် တည်း။

တကယ်တမ်း တွေးကြည့်ရသော် ကျွန်တော်တို့ ကမ္ဘာ ရွာကြီးတွင် လူမိုက်များ ပေါချက်ကတော့ တအား ဖြစ်လေ၏။ အရှေ့ပိုင်း၊ အနောက်ပိုင်း လူမိုက် အိမ်ဝိုင်းများ ရှိသော်လည်း တကယ်တမ်း တူးခါးနေအောင် မိုက် သော လူမိုက်ကြီးများမှာ ရွာလယ်ပိုင်း တစ်ဝိုက်မှသာ အထွက်များလေ သည်။ ပမာ ဆိုရသော် တစ်ရွာလုံး သိသည့် လူမိုက်ကြီး တစ်ယောက်



BURMESE CLASSIC .com



ရှိ၏။ ထိုလူကြီးသည် အိုလှပြီ ဖြစ်သော်လည်း ခေါင်းက အစ ခြေမ အဆုံး တစ်ကိုယ်လုံး အလွန် အကြောမာလေသည်။ ငယ်စဉ် သဘင်သည် ဘဝက လာဘားဒါး ဒေါင်ဒေါင် ဒင်ဒင် ဖွင့်၍ စင်ပေါ်တွင် ကွေးနေအောင် ကကပြခဲ့သူ ဖြစ်လေရာ သူ့ အရည်အချင်း အားလုံးကို ပေါင်း၍ တစ်ရွာလုံး က 'အိုစမာ ဘင်လာဒင်' ဟု ခေါ်ကြလေသည်။ သူ့နောက်လိုက်များမှာ သူ့ထက်ပင် မိုက်သေး၏။ တချို့ဆိုလျှင် အရည်မရ အဖတ်မရ အိမ်သာတွင်း ထဲ ခုန်ခုန်ချ၍ 'အသေခံ ဝုန်းခနဲ' ကြလေသည်။ ဗလိုင်းကြီး ကိုယ့်ကိုယ် ကိုယ် သတ်သေကာ မိုက်ပြသော သူများ ဖြစ်၏။

ထိုလူသိုက်နှင့် အိမ်နီးနားချင်း လူရမ်းကားကြီး တစ်ယောက်လည်း ပေါ်ဖူးလေရာ ယခုအခါ မိုက်တွင်း နက်လွန်း၍ အနောက်ပိုင်းသား တစ်သိုက် ဝိုင်းရိုက်ခံရကာ သေလေပြီ ဖြစ်၏။ ထိုလူသည်လည်း သူ ရှိစဉ်က ဓားမြှောင်များကို မစင် အမျိုးမျိုး သုတ်၍ ထုတ်မရောင်းခင် သူ့ခြံထဲ ဖွက်ထားခြင်း၊ အရက်ပုန်း ခိုးချက်၍ ရောဂါပိုးများ ရောပြီး လူ အများ သေအောင် ထုတ်ရောင်းရန် ကြံခြင်း စသဖြင့် ဇီဝ ဓာတုလက်နက် အမျိုးမျိုး ထုတ်လုပ်ရန် ကြိုးစားဖူးလေသည်။ ထိုလူကြီး၏ အမည်မှာ 'ဟူစိန်' ဖြစ်၍ အခြား ဟူစိန်များနှင့် ကွဲပြားရန် လည်းကောင်း၊ 'ဆဒ္ဒန် ဆင်မင်း' ဓာတ်ထုပ်ထဲမှ သောနုတ္တရ မုဆိုးကြီးနှင့် ဥပမိ ခပ်ဆင်ဆင် ရှိ၍ လည်းကောင်း 'ဆက်ဒန် ဟူစိန်' ဟု ရွာတွင် အလွယ် ခေါ်ကြ လေသည်။

သို့သော် တစ်ရွာလုံး အနေအားဖြင့် ခြုံကြည့်လျှင် ရွာတွင် သူကြီး မထားသော်ငြား ဘယ်သူမှ ထောင်ထောင် ထောင်ထောင်၊ ရှုပ်ရှုပ်ယှက်ယှက် လုပ်၍ မရ။ တစ်ရွာလုံး ဝိုင်းဆုံးမ၍ ပြားသွားမည် ဖြစ်၏။ ဤအချက်ကို သက်သေခံသည့် သဘော ရှေးလူကြီးများ ပြောပြကြ၍ ပုံပြင် သဖွယ် နားထောင်ရသည့် အဖြစ်အပျက် တစ်ခုမှာ

တစ်ခါက အော်ကြီးဟစ်ကျယ် ထ ထလုပ်တတ်၍ ထောင် ခိုးမှုနှင့် ထောင် တစ်ခါ ကျစဉ်က တလာစီ ခံရဖူးသော 'ဟင်[illegible]လာ' ဟူသည့် လူတစ်ယောက် ရှိသည် ဆို၏။ ထိုလူရှုပ်၏ [illegible]ပေါင်းအသင်းများမှာ အသာ စံစရာ ကိစ္စတွင် တက်ကြွလှ၍ အနှ[illegible]ရာ ကိစ္စမျိုးတွင်မူ ဓီဇာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်တတ်သော 'နာဇီ' တစ်သိုက် ဖြစ်လေသည်။ အနီ ဟစ်တလာနှင့် သူ့ နာဇီ တစ်သိုက်သည် တုတ်ဆွဲ ဓားဆွဲနှင့် သူများ အိမ်ဝိုင်းထဲ ကျူးကျော် ဝင်ကာ ကြက်ဆွဲ၊ ငှက်ဆွဲ၊ ဘူးစင်ဖြို၊ တံစက်မြိတ် မီးရှို့၊ အိမ်ရှင်များကို အပြုံလိုက် တုတ်နှင့် ရိုက် စသဖြင့် အကြောင်းမဲ့ ဆိုးသွမ်းရမ်းကားကြလျက် တစ်အိမ်၊ နှစ်အိမ်၊ သုံးလေးအိမ် ကျူးကျော်၍ နောက်ဆုံး ရွာမြောက်ပိုင်းတွင် အေးအေးချမ်းချမ်း နေနေကြသော မြောက်ပိုင်းသားတို့ အိမ်ဝိုင်းထဲ အထိ ဝင်၍ ရန်စလေသည်။

ဤနေရာတွင် မြောက်ပိုင်းသားတို့ စရိုက်ကို အနည်းငယ် ဖော်ပြရလျှင် ထိုလူများသည် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်၊ ယောကျ်ား မိန်းမ ယမကာ မမှီဝဲတတ်သူလည်း ရှားသဖြင့် 'ရုရှား' ဟု ရွာတွင် အမည်တွင်သူများ ဖြစ်သလို မည်မျှ အေးအေး နေကြသနည်း ဟူသော် သူတို့အားလုံး ရေခဲ ပလုတ်တုတ် ရောင်းစားနေကြသူများ ဖြစ်လေသည်။

ထိုရုရှားများမှ အနီထောင် ကစားသမားများချည်း စုထားသော ရုရှား တပ်နီတော်နှင့် ဟစ်တလာ နာဇီ တစ်သိုက် ထိပ်တိုက် တွေ့ကြလေရာ ဇရုတ်သုက္ခ နာဇီ တစ်သိုက်မှာ ထင်သလို လုပ်မရဘဲ ရေခဲ ပလုတ်တုတ် ဒဏ်ကို အေးခဲ ထုံကျင်စွာ မရှုမလှ ခံကြရသည်သာမက ရုရှားတို့ အပြင် အမြင် မကြည်သူ အခြား ရွာသားများပါ ဝိုင်းရိုက်ကြသဖြင့် ပြားနေအောင် ခံကြရကာ တစ်ခါတည်း ငြိမ်ကျသွားသော ဟူ၏။

သို့သော် ရွာထဲတွင် လူဆိုးတွေချည်း ကြီးစိုးနေသည် မဟုတ်။ သာရေး၊ နာရေး ပျော်စရာများလည်း ရှိပေသေးသည်။ အလှူ မင်္ဂလာ ပွဲတော် ဖျော်ဖြေရေး အတွက် ဖြစ်သလို ဖွဲ့ထားသော အနုပညာ အုပ်စုလည်း ရှိ၏။ ချောက်တီး ချောက်ချက် ရွာတီးဝိုင်း တစ်ဖွဲ့လည်း ရှိသည်သာ ဖြစ်၏။

ဗီရိုထဲတွင် ဖျံသို အခြောက်များ သိမ်းထား၍ အဟားခံရဖူးသော ဘင်ထုသည့် 'ဗီသိုဘင်' မှာ ရွာတီးဝိုင်း ခေါင်းဆောင် ဖြစ်၏။ အိမ်များတွင် သက်ကယ်၊ ဓနိ လိုက်မိုးသည့် အလုပ် လုပ်စား၍ အမိုး ပြိုကျကာ 'ဇက်' ပိုးအုပ်ခံရဖူးရှာသော 'မိုးဇက်' လည်း တီးဝိုင်း အဖွဲ့သား ဖြစ်လေသည်။ ဖိုးဆိုချင်၊ မယ်ဆိုချင်များလည်း ရှိလေရာ ငယ်နာမည် 'ပရက်'





ဖြစ်၍ သီချင်း ဆိုရင်း လည်ချောင်းထဲ စလေဆီးသီး တစ်ခါ နင်ဖူးသည့် 'ပရက်စလေ' မှာ အတော် ကျော်ကြားလေသည်။ ဘီးတွေ လုပ်ရောင်းသော တဲမှ ချာတိတ်များမှာ 'ဘီးတဲလ်' အဖွဲ့ ဟူ၍ သပ်သပ် ထင်ရှား၏။ မိုက်တစ်လုံး ဝယ်ရန် 'ကယ်ပါ' လုပ်ဖူးသည့် မူးမူးနှင့် ကြက်ဖ ခွပ်လျှင် ဂျက်လေယာဉ်ထက် မြန်၍ လူနှင့်သာမက ကြက်ဆင်နှင့်ပင် သူနိုင် ကိုယ်နိုင် အကြိတ်အနယ် ချဖူးသည့် 'မိုက်ကယ် ဂျက်ဆင်' မှာလည်း တွန့်တွန့်တွန့်တွန့်နှင့် ကရာဝယ် တစ်ရွာလုံး ကျော်သော အဆိုသမား ဖြစ်သည်။ မယ်ဆိုချင်များလည်း ရှိသေးရာ ...

သူမက်ကလောင် ပေါက်စဉ်က သွားစကြ၍ ဒေါ်ပွကာ နားရင်း လိုက်တီးသဖြင့် 'မက်ဒေါနား' ဟု ထင်ပေါ်သည့် အပျိုကြီးမှာ အကဲဆုံး ဖြစ်သည်။ စလင်းဘတ်ထဲတွင် ဒီဇင်ဘာ လိုင်နာတောင့် ထည့်၍ ရွာရိုး တစ်လျှောက် ဟိုဒီယွန်းတတ်သော 'စလင်းဒီယွန်း' မှာ အသံ သာသလိုလို ပြောကြ၏။ ကြုံတုန်း ပြောရလျှင် ထိုစလင်းဒီယွန်း အဖေ ပိုင်သော သမ္ဗာန်မှာ ဘာနှင့် ဝင်တိုက်တိုက် တန်းခနဲ သူချည်း နစ်နစ်သွား၍ ခဏခဏ ပြန်ဆယ်ရသဖြင့် 'တိုက်တန်းနစ်' ဟု တစ်ရွာလုံး သိလေသည်။ ပရိသတ် ကရုဏာသက်သည်မှာ မွန်သွေးလေး နည်းနည်း စပ်၍ ရိုးလှသော 'မွန်ရိုး' ခေါ် လှတပတ ကလေးမ ဖြစ်၏။ သူ့အဖေမှာမူ အလှူတကာတွင် သူ့ ရွှေသွား ကြွားချင်၍ အရိုး ကိုက်ပြတတ်သော နှုတ်ခမ်းမွေးနှင့် 'ဦးရွှေရိုး' ဖြစ်သည်။ ရိုတ်စပီးယားကြီး၏ သမီး 'ဘရစ်တနီ စပီးယား' မှာမူ ကာလသားတို့ အကြိုက် တစ်ပေးခံရသူ ကလေးမ ဖြစ်၏။ သို့သော် သူ့အစ်ကို 'မာဖီး' တို့ လူစုကို လန့်ရ၍ ဘယ်သူ့မှ ပါးစပ် မယားရဲကြပေ။

'ရိုတ်စပီးယားကြီး' လည်း အနုသမား ဖြစ်၏။ သို့သော် သူက ဇာတ် လိုင်းမှာ ဆရာ ဖြစ်သည်။ တစ်ရွာလုံး ဘယ်သူမှ သူ့လောက် ပြဇာတ် အရေး မကောင်း။ နောက် အနုပညာသမားများလည်း ရွာတွင် များ၏။

'ဗီသိုဗင်' ၏ သမီးယောက်ဖ ဂိုးသမား 'ဗင်း' မှာ ရွာတွင် ဇာတ်ကချ၍ နဖူးစည်း ဒူးပိတ် ရေးကြသော် သူ အကောင်းဆုံး ဖြစ်လေသည်။ ကျွဲနှင့် နွားသည် ခပ်ဆင်ဆင်ဟု ယူဆ၍ ရေကန်ထဲ နွားများ မောင်းချကာ


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြည့်ဖူးသူ 'ရေနွား' ဆိုသော လူကြီးမှာ အစုတ်အပြတ်များ ပြန်ပြင်၍ အသစ် ဖြစ်အောင် လုပ်ပေးတတ်သော 'ပြင်သစ်' မိသားစုဝင် ဖြစ်လေသည်။ ပေါချာချာနှင့် ဆယ့်ခြောက်အလီ မရသဖြင့် ကျောင်းထွက်ကာ ထမင်းချက် လုပ်နေသော ဘုန်းကြီး တရားဟော ပလ္လင်ပေါ် ခဏခဏ တက်ဆော့၍ အချခံရသည့် 'ချာလီချက်ပလင်' သည်လည်း ရွာတွင် ရှိကာ ဖြစ်၏။

ထိုအနုပညာ အုပ်စု တစ်သိုက်သာမက ရွာထဲတွင် အခြား လူသိုက်များလည်း ပျော်ပျော်ပါးပါး နေထိုင်လျက် ရှိကြသေးပေရာ

မမော် ယောက်ျား ပေါက်စီ ရောင်းစားသည့်၊ သူ့မိန်းမက ချစ်စနိုးနှင့် ငတုံးဟု ခေါ်ခံရသော 'မော်စီတုန်း' တို့ အုပ်စုသည် လည်းကောင်း၊

နာမည်ရင်းမှာ ဟင်နရီ ဖြစ်၍ ထိုင်နေလျှင် ဒူး တနန့်နန့်နှင့် ဒူးကျွေး မရသည့် 'ဟင်နရီ ဒူးနန့်' တို့ ကာလသား တစ်သိုက်သည် လည်းကောင်း၊

ပပလွှားလွှား ဝတ်စားတတ်၍ လေကလေး တချွန်ချွန်နှင့် ရွာရိုးလျှောက်ကာ စိတ်တိုလွယ်ကြသော 'ပလေတို' တို့ အဖွဲ့သည် လည်းကောင်း၊

ကိုကာလီတို့ စက်ဘီး ပြင်ဆိုင်မှ အမောက်ကလေး ပြောင်အောင် ဖီးကာ ဖီးကားနှင့် တစ်ချိန်လုံး ဒါပဲ သနေသည့် 'ကာလီ ဒါသ' တို့သည် လည်းကောင်း လွန်စွာ ပြောပြ၍ ကောင်းသည့် ကမ္ဘာ ရွာထဲမှ အကြောင်းများ ဖြစ်သော်လည်း စာရှည်မည် စိုး၍ နောက် ကြုံမှ တင်ပြရပေမည်။

နိဂုံးချုပ် ပြောပြလိုသော ရွာထဲမှ နှစ်ယောက်မှာ မိုက်ကယ် ဂျက်ဆင်နှင့် အတူ လူပျို ဘဝက မိုက်တစ်လုံး ဝယ်ချင်၍ 'ကယ်ပါ' လုပ်ဖူးသည့် နောက် မိုက်ကယ် နှစ်ယောက် ရှိလေရာ မြင်းလောင်းစဉ်က အကြီးအကျယ် ရှုံး၍ ကျော်ကီတွေကို သေအောင် မုန်းကာ သူ့ အိမ်ရှေ့ လမ်းဖြတ်လျှောက်လျှင် ဒန်အိုးနှင့်ကို ထွက်ပေါက်မည်ဟု ကြုံးဝါးထားသည့် အရပ် ရှည်ရှည် 'မိုက်ကယ် ကျော်ဒန်' နှင့် အိုသော် ရိပ်သာ ဝင်မည်ဟု ခဏ ခဏ ပြောတတ်သည့် အရပ် ပုပု 'မိုက်ကယ် အိုဝင်' တို့ ဖြစ်လေသတည်း။



## ခွေး ဆိုသည်မှာ ....

ဤတဒ္ဒနုယာလောက သတ္တဝါ အနုန္တတို့၌ 'ခွေး' ဟူ၍ ဆိုလိုက်လျှင်ပင် အမြီး တထောင်ထောင်၊ နားရွက် တလှုပ်လှုပ်၊ ဟိုကုတ် ဒီကုတ်၊ သွားစွယ် အဖွေးသားနှင့် တချို့က ဟိုသွား သည်သွား၊ တချို့က ငုတ်တုတ်ပြူးကြောင်၊ တချို့က ခွေခေါက် ငိုက်မြည်း၊ တချို့ကလည်း သွား တဖြီးဖြီးဟောင်နေတတ်သော ကျွန်ုပ်တို့ အနီး တစ်ဝိုက် ပတ်ဝန်းကျင်တွင် ကပ်ရပ်စားသောက် နေထိုင်နေသည့် သတ္တဝါ တစ်မျိုးကို အခွေတော်၏ အမြင်တွင် ထင်လာပေလိမ့်မည်။

အနို သတ္တဝါသည် အမှတ်မဲ့ထားလျှင် ဘာမှ မဟုတ်ပြားသော်လည်း ကျွန်တော်သည်မှာကား သင်းတို့ကို ချစ်ခင်သော လူအားယား တစ်ယောက်ဖြစ်သည်သာမက စပ်စုတတ်သော ဗီဇလည်း မွေးရာ ပါလေသောကြောင့် မွေးထားသော၊ မွေးခဲ့ဖူးသော ကိုယ့်ခွေးများ အပြင် တောခွေး၊ ဖြိုးခွေး၊ ဆင်းရဲသားခွေး၊ သူဌေးခွေး၊ ဝဲစားခွေး၊ မျိုးကောင်းခွေး၊ မြန်မာခွေး၊ ဘိုခွေး၊ သဘော်ခွေး၊ စစ်ခွေး၊ အနံ့ခံ ပုလိပ်ခွေး၊ မျက်မမြင် လမ်း[illegible]ခွေး၊ ကာလေကချေခွေးက အစ ရှည် တို့ အလတ် သုံးရပ် ခန္ဓာ [illegible]ဖြာသော ခွေးသတ္တဝါတို့ကို လက်လှမ်းမီသလောက် စပ်စု [illegible] ဖတ်ရှု လေ့လာမိလေသည်။ ထိုအခါတွင်မှ ဤအကောင်စား[illegible]သည် အန္တရာယ် ထူပြော

www.burmeseclassic.com



များပြားလှ၍ စိတ်အပြောင်းအလဲ မြန်လှသော လူ့လောကၾ အလကား ကပ်ရက် စားသောက် အသက်ရှင် နေထိုင်နိုင်လောက်အောင် 'လည်' လှသော ဦးနှောက်နှင့် မျိုးရိုး သဘာဝ အပြင် လူစကား မပြောတတ်ငြား လူကြိုက်အောင် ဖားတတ်သော စရိုက် ရှိကြောင်း တွေ့လာရလေသည်။ ပမာ ဆိုရသော် စကား မပြောတတ်ငြား အသံ ထွက်နိုင်သော သတ္တဝါ ဖြစ်ရကား 'အီ အီ အင် အင်' အသံပြု၍ လူကို ညှုတတ်သကဲ့သို့ အမြီး တလည်လည်နှင့် ဆစ်ဂနယ် *signal* ပြ၍ စားရအောင် ကြံတတ်လေ့ ရှိကြ၏။ ထိုမျှမက တစ်ခု ထပ်သိလာရသည်မှာ ရှည်လျားလှသော လူသား သမိုင်း တစ်လျှောက် လူနှင့် အတူတကွ သင်းတို့ နေခွင့် ရခဲ့ခြင်းမှာ သစ္စာ ရှိခြင်း၊ သံယောဇဉ် ကြီး၍ စောင့်ရှောက်တတ်သော သဘာဝ ရှိခြင်း၊ သတ္တိ ရှိ၍ စွန့်စားရဲခြင်း၊ အမိန့် နာခံတတ်ခြင်း အစရှိသော ထူးခြား ကောင်းမြတ်သည့် စရိုက် သဘာဝ သင်းတို့၏ မျိုးရိုး ဗီဇတွင် ရှိနေခြင်းတည်း။

ခွေးသမိုင်း၊ ခွေးလောကနှင့် ခွေးမျိုးကွဲ သဘာဝ၊ ခွေးနှင့် လူကြား မှတ်သားလောက်သော ကိစ္စများ၊ ခင်ဗျားနှင့် ကျွန်တော် ကြားဖူးပြီးသော၊ မကြားဖူးသေးသော ခွေးတို့နှင့် ပတ်သက်သည့် ရယ်စရာ၊ ရင်နင့်စရာ၊ မှတ်သား အတုယူစရာ၊ ထိတ်လန့်စရာများ အစရှိသည်တို့ကို သမိုင်းနှင့် တကွ၊ စာအုပ် စာပေနှင့် တကွ၊ သိပ္ပံနည်း ဝိဇ္ဇာနည်းနှင့် တကွ၊ အရပ် စကားနှင့် တကွ နိုင်သလောက် လေ့လာမိသောအခါ 'ခွေး' ဆိုသည်မှာ ၎င်း၏ ပြိုင်ဘက် 'ကြောင်' သတ္တဝါထက် ပိုမို များပြားလှသော အဖြစ် အပျက် ဇာတ်လမ်း၊ ဇာတ်ကွက် ခွေးဋီကာ စာဖွဲ့ရလောက်သော အကောင် များ ဖြစ်သဖြင့် ကျွန်တော့်မှာ ရေးစရာ အတိုအစ ရလေမလားဟု စေ့ငုမိရာ မှ သီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဇာတ်လမ်းရှည် ဝတ္ထုကြီး၊ ဟာသ ပုံပြင်မှ အစ သေသည် အထိ ရေးစရာ မကုန်နိုင်အောင်ကို ပွထစွာ ရရှိလာရကား ဤအကြောင်းချည်းသာ ထိုင်ရေးနေရလျှင် ကျွန်တော်၏ နာမည်သည်ပင် 'အရိုး' ဘဝမှ 'ခွေးရိုး' ခေါ်ခံရကိန်း ရှိလေသည်ကို တွေ့ရလေသည်။ သို့ရာတွင် နိမ့်ကျသော အဟိတ် တိရစ္ဆာန်ပင် ဖြစ်လင့်ကစား နိုင်ငံတကာ ကမ္ဘာနှင့် ချီ၍ တွေ့ရသည်မှာ ခွေးနှင့် ပတ်သက်၍ လူတို့သည် အသင်း





အဖွဲ့များပင် တည်ထောင်လျက် ကိစ္စ အရပ်ရပ်တွင် စီးပွားရေး အရပါ အမြတ် ရနေသည့် အပြင် တစ်နေရာတွင် သူငယ်မ တစ်ယောက်သည် ခွေးတစ်ကောင်ကို ပြုစု ထိန်းကျောင်းခွင့် ရသဖြင့် ဂုဏ်ယူနေပုံ ရသော မျက်နှာထားကို ကျွန်တော် ကိုယ်တိုင် ကြုံခဲ့ရပါသဖြင့် သတ္တဝါတို့၏ ကံကို သံဝေဂ ရခဲ့ဖူးလေသည်။ ထို့ပြင် စာပေနယ် အရေးအသားတွင် မြင်ပင် မမြင်လိုက်ရဖူးသော်ငြား ကျွန်တော် အလွန် ကြည်ညို လေးစားသော ဆရာကြီး ဦးရွှေဥဒေါင်းမှ အစ ကျွန်တော် ကျင်လည်ရာ အနုပညာ၊ ကွန်ပျူတာ လောက ကျွန်တော့် ပတ်ဝန်းကျင် ပေါက်စနမှာပင်လျှင် ခွေးကို ခင်မင် မေတ္တာထားသူ များလှကြောင်း တွေ့ရသည့် အလျောက် ခွေး အကြောင်းကို အထိုက်အလျောက် ကျွန်တော် သိသလောက် ဖောက်သည် ချပြလိုက်ရပါသည်။ ဤစာစုတို့သည်ကား ခွေးနှင့် လူကြား မြောက်မြား လှစွာသော ကိစ္စရပ် အဝဝကို ကျွန်တော့်ဘက်က အမြင်နှင့် တကုပ်ကုပ် အလုပ်ရှုပ်ခံ၍ ဘုတ်အုပ် အဖြစ် တရှည်တလျား ရေးသားဆဲ အနက်မှ ကဏ္ဍ တစ်ပိုင်းသာ ဖြစ်၍ အဆင်ပြေမည် ဆိုပါက ခင်ဗျား ဖတ်၍ အလုပ်ရှုပ်အောင် ကျွန်တော် အကုန်လုံး စု၍ ထုတ်ရန် အကြံ ရှိပါသဖြင့် ကန့်ကွက်လိုပါက အမြန်သာ လှမ်းတားကြဖို့ ဖြစ်ပါသည်။ ခွေးနှင့် လူ ယှဉ်ကြည့်လျှင် မည်ကဲ့သို့ ရှိလေသနည်းဟု အတွေးရသည့် အလျောက် ကျွန်တော်၏ အမြင်မှာ အောက်ပါ အတိုင်းသာ ဖြစ်ပါသည်။

- သတ္တဝါတို့၏ သက်တမ်းသည် ခန့်မှန်း၍ မရသည့် ကံပါ အတိုင်း ဖြစ်သည့် အလျောက် ခွေးနှင့် လူသည် ငယ်ငယ်နှင့်လည်း သေနိုင်သလို အလယ် အရွယ်နှင့်လည်း သေနိုင်၍ ကြီးမှလည်း သေနိုင် သည် ဖြစ်ရာ သေမှာ သေချာသည်ဟု ကောက်ချက်ချရ၍ 'အကြို မသာ' သတ္တဝါချင်းဟု ယူရပေ၏။

- ယေဘုယျအားဖြင့် လူသည် တစ်ယောက်ချင်း မွေး၍ မွေးသည် အပြုံလိုက် မွေးတတ်ခြင်း သဘော ရှိရာ အကယ်၍ လူအ[illegible]ဖြင့် ယူရပါမူ အမြွှာပူး တစ်စုံ မွေးလျှင် သဘာဝကျ၍ မဆန်းလှ[illegible]။ သုံးယောက် ထွက်လာလျှင် နည်းနည်း ဆန်းလာပါပြီ။ လေးယော[illegible] တစ်ပြူး မွေးလျှင် တော်တော် ဆန်းလာပြီ ဖြစ်၍ ငါးယောက်ပြူး၊ ခြောက်ယောက်ပြူးမှသည်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ယောက်ပြူး ရှစ်ယောက်ပြူး အထိ ရှိလာခဲ့သည် ရှိသော် 'ခွေးလုလု' ဟု ယူသော် ရလောက်ပေ၏။

- လူများမှာ ဖခင် ထင်ရှား ရှိပြီးသား ဖြစ်၍ ခွေးများမှုကား တိရစ္ဆာန် သဘာဝ ဘဝပေး အရ ဘယ်ခွေး လက်ချက်ကြောင့် ကလေး မွေးဖြစ်မှန်း မသိသဖြင့် ခွေးကလေးများ ဘယ်ခွေး အဖေ ခေါ်ရမှန်း မသိ ဖြစ်ရာကြခြင်းသည် ကိစ္စ မရှိသော်ငြား လူကလေးငယ်များ ဖခင် မထင်မရှား မွေးဖွားမိလျှင်မူ လွန်စွာ စက်ဆုပ်ရွံရှာ အောနလုံးနာစရာ ဖြစ်လေသောကြောင့် ထိုအပြစ်မျိုး လွန်ကျူးသူ လူများအား 'ခွေး' ဟု ခေါ်လျှင် နာရန်ပင် မရှိရုံမက ထို့ထက် တစ်ခွသော စကားလုံးများ ရှာထားသင့်ပေသည်။ သို့သော် ကျွန်တော် မြင်သည်ကား လူသား လောက တွင် အသိဉာဏ် ရှိပါလျက် အထက် အဖြစ်အပျက် ကဲ့သို့ ပက်စက်သော ကိစ္စများ ကြားသိနေရခြင်းသည် 'လူသည် ခွေးထက် မြင့်မြတ်၏' ဟူသော အယူ အတွက် ထောက်ကွက် ရ၍ မေးခွန်း ထုတ်ပြစရာ ပြဿနာဟု ယူသော် ရ၏။ နောက်ဥပမာ တစ်ခုမှာလည်း ...

- ခွေးမများသည် မိမိ ကလေးငယ်များကို အများအားဖြင့် အထိပင် မခံအောင်၊ ဖခင် မရှိငြား မေတ္တာကြီးစွာ ထားကြသော်လည်း လူလောက တွင်မူ ဖခင် မထင်ရှား မွေးဖွားရုံမက စွန့်ပစ်၍ပါ ပြေးတတ်ကြသဖြင့် ဆေးရုံနှင့် မိဘမဲ့ ဂေဟာများမှ စောင့်ရှောက်ထားကြသော လူကလေးငယ် များ အထင်အရှား ရှိသည်ကို ကျွန်တော် သိရရာ ရက်စက်လှသော မိဘများ ဖြစ်သည်နှင့် အညီ ကြောက်လန့်မိရုံ အပြင် အန်ချင်စိတ်ပါ ထို လူစားများ အပေါ် ဖြစ်ခဲ့ရဖူးလေသည်။

လူသည် အရှက် အကြောက် အသိဉာဏ် ရှိ၍ အဝတ်အစား ဝတ်ဆင် ယဉ်ကျေးမှု ရှိသလောက် ခွေးကား တုံးလုံး ဖြစ်၍ လွတ်လပ်သော သဘော ရှိပေငြား လူများသည် မိမိ ကိုယ်တိုင် ဝတ်ဆင် ခြယ်သရုံ အားမရဘဲ မွေးထားသည့် ကိုယ့်ခွေးကိုပါ အင်္ကျီဝတ်၊ ဖဲပြားချည်၊ လည်ပတ် မျိုးစုံနှင့် သရုံမက အမွေးပါ ညှပ်ပေးထား၍ စိတ်အိုက်နေရှာသော ခွေး မျက်နှာကို တစ်ခါ၊ နှစ်ခါ ကျွန်တော် မြင်ဖူးပါသည်။ ထိုကိစ္စ ပြောင်းပြန် လှန်၍ တွေးရသော် အကယ်၍ လူရော ခွေးပါ ဝတ်စရာ မလို တုံးလုံး





ယဉ်ကျေးမှု ထွန်းကားခဲ့ပါလျှင် ကျွန်တော်တို့ စားဝတ်နေရေး ကိစ္စတွင် 'ဝတ်' တစ်လုံး ပြုတ်သဖြင့် အတော်ပင် အလုပ်ရှုပ် သက်သာမည့် အပြင် ရည်းစား၊ မိန်းမ စသူတို့အား ဆင်ပေးရန် ပိုက်ဆံကုန် သက်သာ သွားသောကြောင့် အကျိုး လွန်စွာ များနိုင်သည်ဟုလည်း ယူသော် ရ၏။

- လူသည် ကျွေ့ကောက် ကြံစည် ဉာဏ်နီဉာဏ်နက် များလှ၍ တရားဥပဒေများနှင့် ပုဒ်မထုတ် ထိန်းချုပ်ပေးရသော်ငြား ခွေးမှုကား တရား ရုံး မရှိသဖြင့် အကယ်၍ လူနှစ်ယောက်နှင့် ခွေးနှစ်ကောင်သည် သဘော ချင်း ခပ်ဆင်ဆင် မကြည်လင်သဖြင့် တစ်ဦးကို တစ်ဦး၊ တစ်ကောင်ကို တစ်ကောင် တွယ်ကြလေသော် အတိုချုပ်လျှင် လူတွင် တစ်ယောက် အံပုံ ပြုတ်လျှင် တစ်ယောက် အချုပ်ခံရသော်လည်း ခွေးတွင်မူ ရန်ပွဲ ပြီးသော် ခံရသည် ဖြစ်စေ၊ ကိုက်ရသည် ဖြစ်စေ နှစ်ကောင်သား လမ်းပေါ် သွားလျက်သာ မြင်ရမည် ဖြစ်ပေသည်။

- မျိုးကောင်းသော ခွေးသည် တစ်နှစ်လုံး နေမှ ဟိုစိတ် တစ်လသာ ထသော်ငြား လူမှုကား အရွယ် ရောက်သည်မှ စ၍ တစ်နှစ်တာပတ်လုံး တရွရွ ဖြစ်ကြလျက် အသက် ထွက်မှ ငြိမ်သည်သာမက ခွေး သဘာဝတွင် ခွေးမ အမိက ကျ၍ သဘော မှုလျှင် အဆင်ပြေသော်လည်း လူတွင်မူ လူမှုကျင့်ဝတ် စည်းကမ်းများ ရှိထားပေရာ ရှုးတတ်သော သတ္တဝါချင်း အတူတူ ဖြစ်၍ စိတ်ဖောက်ပြန်သော် အငယ်အနှောင်း၊ မျောက်မ စသည် စသည်ဖြင့် လူ့လောကတွင် မုန်လာဥ ကိစ္စများ များပြားလေသည်ဟု ဟူသော် ရ၏။

- လူသည် ဝမ်းစာနှင့် သဏ္ဌာန် တူသည့် စီးပွား ဥစ္စာ အစာ ရှာရာတွင် တစ်ဦးနှင့် တစ်ယောက် လုလောက်သော ကိစ္စ၌ တည့်တည့် ရင်ဆိုင် အပြိုင်ကိုင်ကြရုံနှင့် အားမရဘဲ ကလိန်ကျ၍ လိမ်ကြရုံနှင့် မ[illegible]၊ ချောက်တွန်းခြင်း၊ အဆင်း ဘီးတပ်ခြင်း၊ ကျော်ရိုက်ခြင်း၊ ခ[illegible]ခြင်း၊ မက်လုံးပေး ငါးစာ ချခြင်း၊ လက်ဝါးကြီး အုပ်ရန် ကြံ[illegible] စသဖြင့် ရေးရလျှင် မဆုံးနိုင်လောက်အောင် အမျိုးမျိုး အဖုံဖုံ စုံလင်[illegible]အောင် အချင်းချင်း ဖဲ့ကြသော်လည်း ခွေးလောက အစာ လုကြရာဝယ် [illegible]ကိုက်ကြ၊ မာန်ကြရုံ ထက် မပိုကြောင်း၊ ခွေးတစ်ကောင်သည် အခြား ခွေးတစ်ကောင်၏ အစာ



www.burmeseclassic.com

www.burmeseclassic.com



အား မက်လုံး ပေး၍ လိမ်ပြေးသွားသည်ကို ကျွန်တော် ဒီအသက်အရွယ်ထိ မြင်ဖူးဖို့ အသာထား ကြားမှု ကြားဖူးခြင်း မရှိသည်ကို ထောက်၍ ခွေးသည် လူထက် ဤနေရာတွင် ဗိုက်ဝအောင်သာ စား၍ ပိုသော်လည်း ရေခဲသေတ္တာထဲ သိမ်းရန် ယူသွားခြင်း မရှိသည်လည်း တစ်ကြောင်းကြောင့် အသိဉာဏ် နည်း၍ (ဝါ) စိတ်ကောင်း ရှိ၍ လောဘ နည်းသည်၊ ရိုးသည်ဟု ယူသော် ရ၏။

- ခွေးသည် လူကို သခင်ဟု သတ်မှတ်ရာတွင် မွဲသည် ထောသည်၊ လှသည် ရွဲ့သည်၊ ဖြူသည် မဲသည်၊ ဖြောင့်သည် ကောက်သည်၊ မည်သည့် ဘာသာ ကိုးကွယ်သည် စသည်ဖြင့် အယုတ်၊ အလတ်၊ အမြတ် မခွဲ တသားတည်း သစ္စာ ရှိသော်ငြား လူက ခွေးကို မွေးလျှင်မူ လှသည် လှသော၊ မျိုးကောင်းသော၊ လိမ္မာသော၊ ခြံလုံသော၊ မကိုက်တတ်သော၊ ဝယ်၍ မွေးလျှင် ဈေးမှန်သော စသည်အားဖြင့် ကိုယ့် အတ္တနှင့် အညီ ခွေး ရှေ့တွင် နာမဝိသေသန များစွာ ထား၍ ဘိုနာမည်၊ ဗမာ နာမည်၊ ဂျပန်၊ တရုတ်၊ ကုလား၊ ကပ္ပလီ နာမည် ပေါင်းစုံ စိတ်တိုင်းကျ ပေးထားကြသည့် အပြင် သူ့ခွေးသည် ငါ့ခွေးထက် ပိုကောင်းသည်ဟု ထင်သူ လူစား များလှ၍ လူသည် ခွေးလောက် ဘယ်တုန်းကမှ သစ္စာ မရှိဟု ကောက်ချက် ချရလေ၏။ ပြောင်းပြန် တွေး၍ ခွေးက သခင်ကို ငယ်မှ၊ ချောမှ၊ ချမ်းသာမှ၊ နို့ပြတ်မှ၊ ဉာဏ်ကောင်းမှ၊ လိမ္မာမှ၊ အမြီး နန့်ပြလျှင် လက်ဖျောက် တီးတတ်မှ၊ ချေး မစားမှ စသဖြင့် ရွေးရုံမက ဟိုဘာသာ ကိုးကွယ်တဲ့ သူ့သခင်က ဒီဘာသာ ကိုးကွယ်တဲ့ ငါ့သခင်ထက် သာတယ် ဟု တွေးသော် ခံရုံသာ ရှိပေတော့သည်။

- လူနှင့် ခွေးတို့သည် ရုပ်နာမ် ရှိသော သတ္တဝါမျိုး ဖြစ်ကြ၍ ခန္ဓာ ရှိလျှင် ဝေဒနာ ရှိသည် ဟူသော တရားတော် အရ အသက် ရှင်စဉ် ဖြစ်စေ၊ သေခါနီး ဖြစ်စေ ဝေဒနာ ခံစားရလေလျှင် လူသည် လွန်စွာ အဖြစ်သည်း၍ ဆေးထိုး ဆေးသောက်၊ ဆရာဝန်ပြ၊ ဆေးတိုက်ပြ အပြုစုခံချင်၊ ညည်းညူ ဟစ်အော်၊ သေသော် အသုဘ ချရ၊ မသေခင် တတွတ်တွတ် မှာလို မှာကြနှင့် တော်တော် အကဲမရ ဖြစ်လျက် ယောက်ယက်ခတ်လွန်းကြသော်လည်း ခွေးများ ဝေဒနာ ခံစားရ၍ အသက် ထွက်ခါ





နီးတွင်ပင် ညည်းညူ အူဟောင်နေသော ခွေး ရှားလှလျက် သခင် ကံကောင်းသော ခွေး တချို့မှ အပ အများစုမှာ ဝေဒနာကို အောင့်အီး ကြိတ်မှိတ် ခံစားကြကာ သေမင်းနှင့် မျက်လုံး တည့်တည့် ရင်ဆိုင်ကြည့်၍ တစ်ကောင်တည်း ရဲရင့်စွာ သေရှာ လိုက်တတ်ကြပေရာ ဝေဒနာ ရောဂါတို့နှင့် သေခြင်းတရားကို ရင်ဆိုင်ရာတွင် ခွေးသည် လူ့ထက် သတ္တိ ပိုလေသည်လောဟု အမေးနှင့် တကွ စုံစမ်းရန် ကျွန်တော့်ထံတွင် ကြွေးကျန် ရှိသည်ဟု ယူရပေတော့သည်။

ဤသည်မှာကား ခွေးလောကနှင့် လူ့လောက အကြား စဉ်းစား လေ့လာစရာ မြောက်မြားလှစွာသော ကျွန်တော်၏ ကိစ္စများ အနက်မှ ကွက်၍ အပေါ်ယံ ရုပ်ကာ အနည်းငယ် အချက်အလက်သာ တင်ပြလိုက်ရခြင်း ဖြစ်လေသည်။ အဆုံး အနေအားဖြင့် ခွေးနှင့် လူကြား ခြားနားချက် ပုံတိုလေး တစ်ခုဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပေသည်။

အခါ တစ်ပါး၌ လူတစ်ယောက်သည် အိမ်မှ ထွက်၍ ဈေးဘက်သို့ သွားလေသော် သူ၏ ခွေးသည်လည်း အိပ်နေရာမှ ဝေါက်ခနဲ ထ၍ သခင်နောက်သို့ တရှူရှူ ပြေးလိုက်လာလေရာ သခင်က ပြန်လှည့်၍ 'တောက် … နေခဲ့စမ်း' ဟု ကြိမ်းသော်လည်း မရဘဲ ခပ်လှမ်းလှမ်းမှ အကဲခတ်ကာ ပါလာလေသဖြင့် ထိုလူလည်း မမာန်တော့ဘဲ ဆက်သွားလေ၏။ ခရီးလမ်း တစ်ခုလပ် ညောင်ကြပ်ပင် တစ်ပင်အောက် ရောက်လေသော် လူသည် အသိ တစ်ယောက်နှင့် တွေ့၍ ခွေးကို လက်ညှိုးထိုးပြလျက် 'ကျွန်တော့် ခွေးဟာ သွားရာ တကောက်ကောက် လိုက်တတ်လွန်းလို့ ဒီစရိုက် ခင်ဗျား သဘောကျရင် ခေါ်သွားနိုင်မလား' ဟု ပြောနေချိန်တွင် ခွေးသည်လည်း အခြား ခွေးတစ်ကောင်ကို တွေ့သဖြင့် ဟောင်၍ နေလေသည်။ ဤအခြင်း အရာကို မာဂဒဘာသာ နားလည်သော ညောင်ပင် ရုက္ခစိုးက တွေ့မြင် ကြားရသောအခါ သံဝေဂ ပွားလေသည် ဟူ၏။ ရုက္ခစိုး ကြားသော ခွေး ပြောသည့် စကားသည်ကား …

'ငါ့သခင် ဘယ်သွားသွား သူ့ခများ တစ်ကိုယ်တည်းသမား ဆိုတော့ အကူ အကယ်ရအောင် ပင်ပန်းတယ် သဘောမထား ဘေးမှပဲ စုပြီး နားတော့မယ်' ဟူ၍ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အလုံး ဆိုသည်မှာ ....

အားကစား လောကတွင် 'အလုံး' ကိစ္စသည် အတော် နေရာ ရနေပေသည်။ ဤစကား ထင်ရှားပုံကို ရှုကြကုန်လော့။

ကမ္ဘာ တဝှမ်း ထင်ရှားသော 'ဘောလုံး' ကစားနည်း ဆိုသည်မှာ 'အလုံး' တစ်လုံးကို လူတစ်လှေကြီးက ကွင်းပြောင်ပြောင် တစ်ခုထဲတွင် သူ့ရ ငါရ ခြေထောက်နှင့်သာ ပညာပြ လုယက်ကြ၍ သူ့ အပေါက်ထဲ ကိုယ်ကန်၊ ကိုယ့် အပေါက်ထဲ သူကန်နှင့် အပြိုင်အဆိုင် နှံကြရသော အားကစား ဖြစ်ရာ ဒိုင်လူကြီး ဆိုသည့် (သူလည်း မကန်ရပါဘဲ) ဟိုပြေး ဒီပြေးနှင့် စည်းကမ်းတွေ ထုတ်တတ်သော မည်းမည်း ငနဲ တစ်ကောင် ဝင်ရှုပ်နေသည်မှ အပ ကြည့်၍ ကောင်းလှသော ကိစ္စ ဖြစ်ပေ၏။

'အလုံး' တစ်လုံးကို ခြေနှင့် မကန်ဘဲ လက်နှင့် ပုတ်၍ နွှဲရသော အခြား အားကစား နှစ်ခုမှာကား ကွင်းခလယ် အလယ်တွင် ပိုက်တား၍ လူအုပ်စု နှစ်ဖက်မှ မမှီမကမ်း လှမ်းလှမ်း ပုတ်ရသော 'ဘော်လီဘော' ကိစ္စနှင့် မိုးပေါ် မြှောက်ထားသော ခြင်းပေါက် နှစ်ခုထဲ သူ့ဘက် ကိုယ့်ဘက် ခွဲ၍ လက်နှင့် လုယက် ခုန်ပေါက် ပစ်ထည့်ရသော 'ဘတ်စကတ်ဘော' ကိစ္စတို့ ဖြစ်ရာ နှစ်နည်းလုံးမှာ မမှီမကမ်း လုပ်ကိုင်ရသော သဘော ရှိသည် ဖြစ်၍ ထိုအားကစား လိုက်စားသူများ ချစ်ကြသော် ကျလျှင် ကျ၍ ကျကျ မကျကျ ရှည်လာတတ်ကြသည်မှာ ပြောစရာ လိုသည်

www.burmeseclassic.com



မဟုတ်ပေ။

နောက် 'အလုံး' ကိစ္စ တစ်ခု ရှိသည်မှာ ပေါ့ပေါ့ပါးပါး လုပ်ထားလည်း ရပါလျက် ဒုက္ခ ပေးရန် အကြံနှင့် မလေးလေးအောင် စီမံထားသော ဘောပြောင် ချောချောကို ပြေးလမ်း ပြောင်ချောချောပေါ်သို့ ဖိနှပ် ပြောင်ချောချော စီးကာ ပြောင်ချော်ချော် ရုပ်နှင့် ငုတ်တုတ်ခံနေသော အတံဖြူကလေးများကို မှန်အောင် လှိမ့်၍ ပစ်ကစားရသော 'ဘိုးလိန်း' အားကစားပင်တည်း။

နောက် 'အလုံး' အမျိုးမျိုးကို တုတ် အမျိုးမျိုးနှင့် ရိုက်နှက်ကစားရသော အားကစားနည်း များစွာလည်း ရှိနေလေသေးပေရာ ကူလီကူမာ အကြံနှင့် မသိသူ အမှတ်တမဲ့ ခြေနှင့် သွားကန်မိလျှင် မချိမဆန့် ခံရနိုင်သည့် သစ်သား အလုံးကို သားရေပြား အုပ်၍ တုတ်ပြားပြားနှင့် ရိုက်နှက် ဆုံးမ ကစားရသည့် ကျီးသား ရိုက်ပုံနှင့် ခပ်ဆင်ဆင် 'ခရစ်ကက်' အားကစားသည် လည်းကောင်း၊ သူနှင့် သဘောတူ ဘယ်သူ အဖေ၊ ဘယ်သူ သား ဖြစ်၍ ဘယ်ဟာ အရင် စပေါ်ခဲ့သလဲ ကျွန်တော် မကွဲသော သားရေ အလုံးကို တုတ်လုံးလုံးနှင့် ရိုက်ကစားကြသည့် 'ဘေ့စ်ဘော' အားကစားသည် လည်းကောင်း၊ လိမ္မာသော်လည်း ပြေးချင် လွှားချင်ရှိလှသည့် မြင်းသတ္တဝါကို တက်စီးပြီးကာမှ (အချို့ ဒေသများတွင် မြင်းအဆင်မပြေသဖြင့် ကုလားအုတ်ကြီး ခွ၍ ဆော့ကြသည်ဟု ကျွန်တော် ကြားဖူး၏) ကုန်းကုန်း ကွကွနှင့် မြေပြင်မှ 'အလုံး' ကို တုတ်တံနှင့် လိုက်ကြုံး ရိုက်ရသော 'ပိုလို' အားကစားသည် လည်းကောင်း၊ နောက်မှ မြင်းပေါ်မှ တဖုန်းဖုန်း ကျကြလွန်းသဖြင့် တင်းလာကြ၍ မြင်းကို ဖယ်ကာ လူသက်သက် ဆက်တွယ်ကြပုံ ရသည့် 'ဟော်ကီ' အားကစားသည် လည်းကောင်း၊ ခုန်ဆွ ခုန်ဆွနှင့် ဘယ်လိုမှ အငြိမ် မနေသည့် အမွေးတောင် ပေါက်နေသေးသော သားရေ အလုံး သွားရာနောက် ဖတ်ဖတ်မောအောင် လိုက်၍ 'ရက်ကက်' ခေါ်သည့် လက်နက် တုတ်တံဖြင့် တစ်ယောက် တစ်ချက်၊ ဟိုဘက် သည်ဘက် နှက်ရသည့် 'တင်းနစ်' အားကစားသည် လည်းကောင်း၊ နောက်မှ ပင်ပန်းလွန်းလှ၍ သက်သာရာ ရစိမ့်သောငှာ နည်းနည်း သေးငယ်သော 'အလုံး' ကို ခုံပေါ်ဝယ် တစ်ဖက် တစ်ချက် ရက်ကက် ငုတ်တိုလေးများဖြင့် ရိုက်ကစားကြည့်ရာ မသက်သာသည့်





အပြင် ပိုသေးသော 'အလုံး' သည် ပိုခုန်၊ ပိုသွက်လေသဖြင့် ကစားသူ နှစ်ယောက် ခမျာ ဆတ်စလူး ခါရရှာလေသော 'ပင်ပေါင်' ခေါ် *'Table tennis'* ကစားနည်းသည် လည်းကောင်း၊ 'အလုံး' ကို တုတ်တံနှင့် ရိုက်ရတာချင်း တူသော်ငြား တစ်ခါ ရိုက်လျှင် တမျှော်တခေါ်ကြီး ရောက်ရောက်သွားသဖြင့် ရိုက်ရတာ နည်းနည်း၊ နောက်က လိုက်နေရ ပျောက်သွားလျှင် ရှာနေရသည်က များကာ အချိန်ကုန် လျှာထွက် တစ်ပွဲ တစ်ပွဲပြီးလျှင် ပက်လက် ဖြစ်နေတတ်သည့် *'Golf'* ခေါ် ဂေါက်သီးရိုက် အားကစားသည် လည်းကောင်း စသည် စသည်အားဖြင့် လူတို့သည် အလုံး တစ်လုံး ရလျှင် မျိုးစုံအောင် ဆော့ကြ၍ 'အလုံး' အားကစားများ ပွထနေအောင် ရှိပေ၏။

ထိုမျှသာမကသေး အလုံး တစ်လုံးနှင့် ကုန်းပေါ်မှာ ဆော့၍မှ အားမရ ရေထဲထိ ဆင်း၍ အလုံးနှင့် ကမြင်းကြော ထကြသည့် *'Water polo'* ခေါ် ရေဘောလုံး အားကစားသည် လည်းကောင်း၊ တုတ်နှင့် မရိုက်ဘဲ တုတ်နှင့် ထိုးလျှင် ဘယ်နှယ် နေလေမည်လဲဟု တွေးထင်သည် သာမက တစ်လုံး ဆော့ရသည်ကို အားမရ အလုံး တပြုံတမ တုတ်နှင့် ဝိုင်းထိုးကြသည့် 'ဘိလိယက် စနူကာ' အားကစားသည် လည်းကောင်း စသဖြင့် အလုံးနှင့် ပတ်သက်၍ ကပ်သီးကပ်သပ် ကိစ္စများ များစွာ ရှိနေလေသည်။

လူသတ္တဝါ ဆိုသည်မှာလည်း အလုံးကြီး တစ်လုံးပေါ်တွင် ကပ်ရပ်နေကြရသည် ဖြစ်လျက် ထိုအလုံးကြီးကို 'ကမ္ဘာလုံးကြီး' ဟု သူတို့ဟာ သူတို့ နာမည် ပေးထားကြသေးသည် ဖြစ်သည့် အလျောက် 'အလုံး' မြင်လျှင် စိတ်ဝင်စားတတ်ကြသည်မှာ ဆန်းလှသည်ဟုတော့ မဆိုနိုင်ပါပေ။ (ကမ္ဘာလုံးကြီးကို သူ့ အလုံးကြီး ငါ့အလုံးကြီးဟု ယနေ့ အချိန် အထိ မလုကြသေးသဖြင့် သက်ပြင်းချရသော်ငြား လုချင်ချင် သဘောများ တွေ့လာရ၍ စိတ်ချရသည်ဟုတော့ မဆိုသာပေ။)

မည်မျှ အလုံးကို ချစ်ကြပါသနည်းဟူမူ ဘယ်လိုမှ မလုံးသော ကိစ္စ (ဥပမာ အုတ်ခဲ) ကိုပင် တစ်လုံး နှစ်လုံးဟု သမုတ်ချင်ကြ၍ ရှည်ရှည် ဖြစ်နေသော အရာ (ဥပမာ ဝါးနှင့် သံလိုက်၊ ပလတ်စတစ်ပိုက်)



www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ တစ်လုံး နှစ်လုံးပင် ခေါ်ခဲ့ကြ၍ 'တစ်လုံး' မက 'နှစ်လုံးပြူး' ဟူသော သေနတ် အမျိုးအစားပင် ပေါ်ခဲ့သည် ဖြစ်ရာ တစ်ခေတ် တစ်ခါက သူကြီးများ ဝိုက်ထွားစရာဟု ရာဇဝင် အလာ ရှိလေ၏။ သို့သော် ကျွန်တော် ဆိုချင်သည်မှာ နှစ်လုံးပြူး ကိစ္စ မဟုတ်၊ အခြား အလုပ်သာ ဖြစ်၍ နှစ်လုံးပြူးကို ခဏ ထောင်ထားလိုက်ရပေသည်။

ဆိုခဲ့သည့် အတိုင်း လူတို့သည် 'အလုံး' ကို စိတ်ဝင်စားသကဲ့သို့ ကျွန်တော်သည်လည်း အမြီးလည်း မပေါက်၊ မှတ်ပုံတင်လည်း လက်ဝယ်တွင် ရောက်နေသဖြင့် လူဖြစ်လောက်သည်ဟု အထင်ရသဖြင့် 'အလုံး' နှင့် ပတ်သက်သော အားကစားများကို စိတ်ဝင်စားလေသည် ဖြစ်သော်လည်း စပ်စပ်စပ်စပ်နှင့် ဘာမှ မတတ်သည့် သန္ဓေ ပါသည့် အလျောက် ဘယ်တစ်ခုတွင်မှ မပေါက်မြောက်သော်လည်း နိုင်သလောက် ဝင် ဝင်ကြဲဖူးလေရာ အောက်ပါအတိုင်း ဖြစ်လေသည်။

ကနဦး အစ ကျွန်တော်နှင့် 'အလုံး' ပတ်သက်ရသည်မှာ 'ဘော' ဖြစ်လေရာ 'ဘော' သည် 'ကန်' နှင့် တွဲ၍ မှတ်ထားမိလေသဖြင့် ငယ်စဉ်ကပင် ကျွန်တော့်ရှေ့ ဘာ 'ဘော' ကျလာလာ ကန်လိုက်ရမှ နေသာထိုင်သာ ရှိလေရကား မှန်များ ကွဲခြင်း၊ သူများ သွားမှန်ခြင်း၊ ထွက်ပြေးဖူးခြင်း၊ မိသွား၍ အရိုက်ခံ အဆူခံ အတိုင်ခံ ဒဏ်ပေးခံရခြင်း၊ ဘောမကန်မိဘဲ ခဲကန်မိခြင်း၊ ဘောနှင့် ခြေ လွဲ၍ ပက်လက် လဲခြင်း၊ ကိုယ် ကန်၍ သူများ မှန်ကာ အချင်းချင်း ထိုးရခြင်း၊ ခြေဦးတည့်ရာ ကန်တတ်၍ ဘောပေါက်သွားခြင်း၊ ဘောမြင်လျှင် ဝင်ဝင် ကန်မိတတ်၍ လိုရင်း ကိစ္စ မေ့သွားခြင်း စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဖြစ်ပျက်ခဲ့၍ ဘောနှင့် ကျွန်တော် တွဲလျက် ကြီးပြင်းလာခဲ့လေသည် ဖြစ်ရာ မိုးရွာလျှင် မိုးရွာ၍ ဘောကန်ပြီး မိုးမရွာလျှင်လည်း ကန်တာပဲ ဖြစ်လေသည်။ ဘောနှင့် ကန်ကို မည်မျှ တွဲ၍ မှတ်ထားမိလေသနည်း ဟူမူ လူပျိုပေါက် ဘဝ သွေးကြွ၍ တစ်ယောက်နှင့် တစ်ယောက် ဘောကြသော ကိစ္စတွင်ပင် တစ်ပါးသူက လက်သီးကို သုံးသော်ငြား ကျွန်တော်က ခြေကို အရင် သုံးသည် ဖြစ်၍ မျက်လုံး ပြူးအောင် ခံလိုက်ရရှာသူများ ရှိခဲ့ဖူးလေသည်။ အသက် ကြီးလာလတ်သော် ဘောကို တစ်မျိုးတစ်မည် ကန်နေကြသည်ကို





သဘောကျ၍ 'ဘော' 'ဇ' မသေးသည်လည်း ဖြစ်ရာ ကျွန်တော်ပါ ထိုသို့ ဝင်ကန်မိသဖြင့် အိပ်ရေးတွေပျက်၊ မျက်တွင်းကလည်း ဟောက်ပက်၊ စာစောင်ဖိုးလည်း အိတ်ထဲက ထွက်လျက် နောက်ဆုံး ဟိုးအဝေးကြီးမှာ သူတို့ဟာ သူတို့ ကန်နေသော ဘောက ကျွန်တော့် လာမှန်၍ လန်ကျန်ခဲ့သည်တွင်မှ ဘောကိစ္စ တစ်စခန်း ရပ်၍ 'ဘော' ဇာတ်သိမ်းခဲ့လေသည် ဖြစ်သောကြောင့် အရှေ့ အလယ်ပိုင်း ဒေသတွင် စစ်သွေးကြွများ ရှိသည်ကို သိရသော အခါမှ ကျွန်တော်လည်း ဘောသွေးကြွ ဖြစ်ခဲ့ဖူးကြောင်း ဇာတ်ဟောင်း လှန်ပြရပေသည်။

သို့ရာတွင် *'Soccer'* ဆို တော်ပါဟု စိတ်ပင် နာသော်ငြား အလုံး မြင်လျှင် လက်ယားတတ်သည့် အားလျော်စွာ ပိန်ရှည်ရှည် ခန္ဓာလည်း ရှိသည့် အလျောက် ဘတ်စကတ်ဘော တမြောက်မြောက် ဝင်ပုတ်မိပြန်ရာ ထိုကစားနည်းမှာ (ကစားဖူးသူများ သိကြသည့် အတိုင်း) ဘောပစ် ဘောဖမ်း ကျွန်တော် မကျွမ်း ဖြစ်သည့် အတွက် လက်ချောင်း ဆယ်ချောင်းတွင် ကိုးချောင်း ခေါက်၍ လူမြင်လျှင် အနူ ထင်လောက်အောင် ပတ်တီး အဖွေးသား ဒဏ်ကြေလိမ်းဆေးနံ့ တလှွားလှွားနှင့် ဆေးခန်း သွားခဲ့ရသည်က တစ်ကြိမ်၊ သူများ ပစ်လိုက်သော ဘောကို လက်နှင့် မဖမ်းဘဲ မျက်နှာနှင့် ဖမ်းမိ၍ မျက်မှန်ခမျာ ကြားထဲက အချောင် ကျိုးခဲ့ရရှာသည်ကလည်း တစ်ကြိမ်၊ ဖားနှင့် သားပိုက်ကောင် မဟုတ်ပါလျက် ခုန်ဆွ ခုန်ဆွ သွားလုပ်မိသည့် အတွက် အကျမတော် ခြေသပွတ်တိုင် ပျော်ပျော်ကြီး လည်သွားခဲ့သည်က တစ်ကြိမ်၊ ပြေးရင်း လွှားရင်း ချော်လဲကာ အင်္ဂတေပေါ် ရေကူးမိ၍ ခြေ လက် နဖူး တံတောင် ဒူးတို့ တစ်ပြိုင်နက် စုတ်ဖူးသည်က တစ်ကြိမ်၊ တတိယ စတုတ္ထ အကြိမ်ကြိမ် ဒုက္ခ ခံခဲ့သည်သာမက နောက်ဆုံး ပဋ္ဌမ ကျွန်တော့် ဒုက္ခသည်မှာ အောင့်တောင့် အောင့်တောင့်နှင့် ကျောက်ချင် ဖြစ်လာပါ၍ ဖွားဖက်တော်ကို ငှဲကွက်သောအားဖြင့် ထိုလောကကြီးမှ လွတ်ရလေတော့၏။ အမှတ်ထင်ထင် ကျွန်တော် စံချိန် ဝင်ခဲ့သည်မှာ သူများ ခြင်းထဲ ဘောလုံးနှင့် ပစ်ထည့်ခဲ့သမျှ တစ်ခါမှ မဝင်ခဲ့ခြင်းပေတည်း။

အလျှင်းသင့်သလို စိတ်ကူး ရ၍ ကျွန်တော် တစ်ခု တင်ပြလိုသည်မှာ 'အလုံး' အားကစားနှင့် ပတ်သက်၍ ကျွန်တော် ဒေါသ ထွက်ခဲ့ရဖူး

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့် အကြောင်း ဖြစ်လေသည်။ အိန္ဒိယဟု ခေါ်တွင်သည့် လူမျိုး တစ်စုတို့ နေထိုင်သော ပြည်ထောင် တလွှား ကျွန်တော် အူကြောင်ကြောင် ရောက်သွားဖူးစဉ်က အနီ တိုင်းပြည်တွင် 'ခရစ်ကတ်' ဟု ဆိုပါက လူတကာ တုတ်နှင့် နက်နေသော ကိစ္စ ဖြစ်၍ တွေ့သမျှလူ ဘယ်သူ့ ခလုတ် တိုက်တိုက် ခရစ်ကတ် ရိုက်ဖူးသူ ဖြစ်သည့် အလျောက် နည်းနည်း နေရာ ရရုံနှင့် ခရစ်ကတ် ရိုက်တတ်ကြလေရာ တစ်နေ့သော အခါတွင်မူကား ကျွန်တော် အားယား ပန်းခြံ တစ်ခုထဲ လမ်းသလားလေလျှင် ခရစ်ကတ် ဘောတစ်လုံး လိမ့်လာသည်ကို မြင်၍ 'ဘော' နှင့် 'ကန်' အမြဲ တွဲထားတတ်သော အကျင့်လည်း ရှိသည် ဖြစ်ရာ လာလတ္တံ့သော ခရစ်ကတ် ဘောကို ခြေခုံနှင့် အသာ ထောပနာ မိလေရာ သင်းဘောလုံးမှာ အတော် မာလေ၍ အထက်က ကျွန်တော် ဆိုခဲ့သည့် အတိုင်း သစ်သားကို သားရေ ဖြို၍ ကလိန်ခြုံ အလုံးလိုင်း ဖြစ်သည်နှင့် အညီ တော်တော် အီသွားခဲ့ရဖူးလေသည်။ ဤကား အလုံးနှင့် ပတ်သက်သမျှ စကားကြွင်း တစ်ခု ရခဲ့ရသည့် အကြောင်းတည်း။

ဆိုလေခဲ့သည့် အတိုင်း အလုံးနှင့် ကျွန်တော့် လမိုင်းသည် ဘတ်စကတ်ဘောလိုင်းတွင် တစ်ခန်း သိမ်းသော်ငြား လူလတ်လျား တစ်ယောက် ဖြစ်၍ အဆင်သင့်သဖြင့် ဘဝ တကွေ့ဝယ် 'ဘိုးလိန်း' ကိုလည်း ဝင်တွယ်ဖူးလေရာ ကျွန်တော်၏ ဇနီး ခမျာ ပါရမီဖြည့်ဖက် ဖြစ်ချင်ရှာလွန်းလှလျက် ကျွန်တော်နှင့် သူပါ ဝင်၍ 'ဘိုးလိန်း' ကို အတူတူ နက်ခဲ့ဖူးလေသည်။ အားကစား ဆိုသည်မှာ စနစ်တကျ မလုပ်လျှင် ဘယ်နေရာမှ ပုံမလာသည်ကို မသိရှာလောက်အောင် ဉာဏ် 'ချာ' သော ထိုလင်မယားသည် အားယားတိုင်း ဘိုးလိန်း သွားပစ်လေတော့ရာ ဘောလက်မှာ စွပ်လျက် မှောက်လျက် လဲကြသည်တွင် သောက်ရက် နည်းကြသော်ငြား အများ ဟားခံရသည်က တစ်ကြောင်း၊ ကိုယ်ပိုင် ဖိနပ် မရှိသဖြင့် ဖိနပ်ငှား ကစားကြရာမှ ခြေထောက်များတွင် ဝဲအထပ်ထပ် ပွားလာ၍ တစ်ယောက်ကို တစ်ယောက် ဆေးလိမ်း၊ ကြိတ်ကုကြရသည်က တစ်မည်၊ တစ်ချို့တွင် နှစ်ယောက်သား လက်မောင်းများ ညောင်းလွန်းလှ၍ ထိုလက်မောင်း နှစ်စုံက ဆိုင်ရာ ခန္ဓာကိုယ်တို့ကို စွန့်ခွာ ထွက်သွားရပေလိမ့်မည် ဟူသော





ရာဇသံ ပေးသည့် အိပ်မက်ကို တစ်ပြိုင်နက် မက်မိကြသည်က တစ်ပါးတို့ကြောင့် ဘိုးလိန်း လောကကို ဆလံသ၍ ပြန်ကြပေတော့၏။

ဤနေရာတွင် ကြော်ငြာချင်သည်မှာ ကျွန်တော်၏ မိန်းမမှာ မျောက်ရှုံးအောင် ဆော့သည့် နေရာတွင် ကျွန်တော်နှင့် အသွင်တူ၍ အိမ်သူ ဖြစ်လာသည် ဖြစ်ရကား လင်မယား နှစ်ယောက် ပေါင်း၍ စနူကာ ထိုးကာ အမျိုးမျိုး ဖြစ်ပျက်ခဲ့ကြဖူးသဖြင့် အဆင်သင့်လေမှ သက်သက် တစ်ကဏ္ဍ ဖော်ပြရပေဦးမည်။

အလုံး အားကစား လောကနှင့် ကျွန်တော် နောက်ဆုံး ပတ်သက်ခဲ့သမျှ ကိစ္စမှာ *'Golf'* ဟု ခေါ်တွင်ရာ ဂေါက်သီး အားကစားသာ ဖြစ်၍ လက်ပြင် ငုတ်ရင် ငုတ်၊ မငုတ်ရင် တုတ်ကျိုး၊ မကျိုးရင် လက်နာ၊ မနာရင် ဘောလွဲ၊ မလွဲတော့ဘူး ဆိုရင်တောင်မှ တောင်ရိုက်လျှင် မြောက် ရောက်၊ အဝေး မှန်းရိုက်လို့ ဒီနားတင်ကျ၊ အားရပါးရ 'ဖုန်း' ခနဲ ဆော်လိုက်မှ တစ်ပေလောက်ပဲ သွားလိုသွား 'ဟရေးဘားဘား' အော်ခဲ့ရဖူးလေသည်။

ဤသည်မှာကား အလုံး ဆိုသည်မှာ ဟူသော ခေါင်းစဉ် အောက်မှ မြောက်မြားလှစွာသော ကဏ္ဍတို့ အနက် 'အားကစား' တစ်ခုကို ကွက်၍ ကျွန်တော် အကြမ်းအားဖြင့် ဖော်ပြလိုက်ရခြင်း ဖြစ်ပေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## တံခါး ဆိုသည်မှာ ....

၁။ အိမ်ခြံဝင်း တံခါး တစ်ခု ...

တံခါးရဲ့ ဟိုဘက်မှာ သူ့အိမ် ရှိတယ်၊ တံခါးရဲ့ ဒီဘက်မှာ သူ ရပ်နေတယ်။ တံခါး အပြင်က အရှင်သခင်ကို အိမ်က ကြည့်နေတယ်၊ သူက တံခါး အထဲက အိမ်ကို ကြည့်နေတယ်၊ အိမ်မှာ အတွေးတွေ ရှိသလား ... သူ့မှာတော့ အတွေးတွေ ရှိတယ် ... 'တစ်ရက် စောပြီး ငါ ပြန်ရောက်တာပဲ' ခြံတံခါးကို တွန်းဖွင့်ပြီး သူ ဝင်သွားတယ် အိမ်နှင့် သူ ပေါင်းမိသွားတယ်။

၂။ အိမ်ရှေ့ တံခါးမ တစ်ခု ...

တံခါးရဲ့ အတွင်းမှာ တစ်စုံတစ်ရာ ရှိသလား ... တံခါးရဲ့ အပြင်မှာတော့ သူ ရပ်နေတယ်၊ ယောက်ျားစီး ဖိနပ် တစ်ရံ သူ တွေ့တယ်၊ သူ့ ခေါင်းထဲက သံသယ တံခါး တစ်ပေါက် 'ချက်ခနဲ' ပွင့်သွားတယ်၊ အိမ်ရှေ့ တံခါး လက်ကိုင်ကို သူ သော့နှင့် ဖွင့်ပြီး ဝင်လိုက်တယ် ... အိမ်ထဲ သူ ရောက် သွားတယ်။

၃။ အိပ်ခန်း တံခါး တစ်ခု ...

တံခါးရဲ့ ဒီဘက်မှာ တိတ်ဆိတ်မှု ရှိတယ်၊ သူ ကြမ်းပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်ရင်း ရပ်နေတယ်၊ တံခါးရဲ့ ဟိုဘက်မှာ … တံခါးရဲ့ စကားသံကို သူ ကြားလိုက်တယ်။

'မဖွင့်နဲ့'

၄။ ရေခဲသေတ္တာ တံခါး တစ်ခု …

တံခါးရဲ့ ဗိုက်ထဲမှာ ဖန်ခွက် တစ်ခွက်နှင့် အေးခဲ ထုံကျင်မှု၊ သောက်လက်စ တခီလာ တစ်လုံးနှင့် သံပရာသီးစိပ်တွေ၊ နောက် … တခြားဟာ တချို့တလေ အိပ်ပျော်နေကြတယ်။ တံခါးရဲ့ အမြင်မှာ ငြိမ်သက်နေတဲ့ အိပ်ခန်းကျယ် တစ်ခု၊ လူတစ်ယောက်၊ ပြီးတော့ နံရံ တစ်ခုက ဒူးလေး တစ်လက်။ တံခါးကို သူ ဖွင့်လိုက်တယ်၊ အေးခဲ ထုံကျင်မှုက ဒူးလေးဆီ ပြေးသွားတယ်၊ သူ့လက်က ဖန်ခွက်ဆီ ပြေးသွားတယ်။

၅။ ဆယ့်ငါးမိနစ် … နာရီဝက် … လေးဆယ့်ငါးမိနစ် အချိန်ဟာ သူ့ တံခါးပေါက်တွေကို တစ်ချပ်ပြီး တစ်ချပ် တွန်းဖွင့် ဖြတ်လျှောက်သွားတယ်၊ သူဟာ သူ့အာရုံ ငါးပါး တံခါး ပေါက်တွေ တဖြည်းဖြည်း ထုံလာတာကို စောင့်နေ တယ်။

၆။ မှန်ဗီရို တံခါး တစ်ခု …

တံခါးရဲ့ တစ်ဘက်မှာ သူ … ရက်စက် ကြမ်းကြုတ်မှုနှင့် အမဲလိုက် ဒူးလေး တစ်လက်။ တံခါးရဲ့ နောက်တစ်ဖက်မှာ သွေးဆာနေတဲ့ သံမဏိ မြားတံတွေ … တစ်ဖက်ကို တစ်ဖက် ဖောက်မြင်နေရတယ်၊ သူ တံခါးကို ဆွဲဖွင့်လိုက်တယ်။

၇။ မမြင်နိုင်တဲ့ တံခါး တစ်ခု …

တံခါးရဲ့ ဒီဘက်မှာ သူ … တံခါးရဲ့ တစ်ဖက်မှာ … သံမဏိ မြားဟာ တံခါးကို ဖောက်ပြီး သားကောင်ဆီ ဝင် ရောက်သွားတယ်၊ အကုသိုလ်ဟာ တံခါး အားလုံး ဖြတ်ပြီး သူ့ဆီ ရိပ်ခနဲ ခုန်ဝင်လာတယ်။

၈။ အသေကောင် တင်ထားတဲ့ ဆေးရုံကား တစ်စီးရဲ့ တံခါး တစ်ချပ် ပိတ်သွားတယ် … သူ့ကို လာခေါ်တဲ့ ရဲကား





တစ်စီးရဲ့ တံခါး တစ်ချပ် ပွင့်လာတယ်၊ သူ့ အနာဂတ် တံခါး တစ်ချပ် ပိတ်သွားတယ်၊ သူ့ရှေ့က သူ့ မိန်းမ မျက်နှာမှာ နောင်တ တံခါး တစ်ချပ် ပွင့်နေသလား …

'ညနေသားကို မင်း ကျောင်း သွားကြိုလိုက်ပါ'

၉။ တရားရုံးက တရားခံ ဝက်ခြံ တံခါး တစ်ခု …

တံခါး နောက်ကွယ်မှာ အပြစ် ရှိတဲ့ ရာဇဝတ်သား၊ တံခါး အပြင်ဘက် အပြစ် မရှိတဲ့ လူတွေ ကြားထဲမှာ သူ့ မိန်းမ … တရားသူကြီးဟာ စားပွဲကို တစ်ချက် ထုလိုက်ပြီး သူနဲ့ ဆိုင်တဲ့ တံခါး တစ်ချပ်ဆီ ထထွက်သွားတယ်၊ သူ့ မျက်စိထဲ မှာ သံတိုင် တံခါး တစ်ချပ် ပွင့်သွားတယ်။

၁၀။ သုံးရာ ခြောက်ဆယ့် ငါးရက် … ဆယ့်နှစ်လ … တစ်နှစ် အချိန်ဟာ နှစ်သစ်ကူး တံခါးတွေကို တစ်ချပ်ပြီး တစ်ချပ် တွန်းဖွင့် ဖြတ်လျှောက်သွားတယ်၊ သူဟာ သူ့အာရုံ ငါးပါး တံခါးပေါက်တွေ တဖြည်းဖြည်း ထုံလာတာကို သိနေ တယ်။

၁၁။ ထောင်ဘူးဝ တံခါး တစ်ခု …

တံခါးရဲ့ နောက်ကွယ်မှာ သူ့ အပြစ်တွေ ကျန်ခဲ့သလား… သူကတော့ တံခါးရဲ့ အပြင်ဘက်ကို လျှောက်ထွက်လာတယ်။ တံခါး အားလုံး ကြားကို တိုးဝင်သွားမယ့် လေတစ်သုတ် သူ့ကို ပွတ်တိုက်သွားတယ်၊ တံခါး အားလုံး ကြားက ဖောက် ထွက်လာတဲ့ လွတ်လပ်မှု သူ့ကိုယ်ထဲ စိမ့်ဝင်လာတယ်။

'ငါ စောပြီး လွတ်လာတယ်'

၁၂။ အိမ်ရှေ့ တံခါးမ တစ်ခု …

တံခါးရဲ့ အပြင်မှာ တစ်လောကလုံးနဲ့ သူ ရှိနေတယ်၊ တံခါးရဲ့ အထဲမှာရော၊ 'ယောကျ်ားစီး ဖိနပ် တစ်ရံ'

သူ့ကိုယ်ထဲက ဒုစရိုက် ဆယ်ပါး တံခါးတွေ ဝုန်းခနဲ ကျိုးပဲ့ ပွင့်ထွက်သွားတယ် … သူ့အတွက် နိုင်ဖို့ တံခါးက ညင်ညင် သာသာ ပိတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၃။ တံခါးပေါက် တစ်ခု ...
တံခါးရဲ့ အထဲဘက်မှာ အမိပ္ပာယ် မရှိတဲ့ အနောက်တိုင်း ရုပ်ရှင် တစ်ခုနှင့် ကြည့်နေတဲ့ လူတွေ ... တံခါးရဲ့ အပြင်ဘက် တကယ့် လက်တွေ့ လောကထဲ ကျွန်တော် ပြန်ဝင်လာခဲ့တယ်။ အတုတွေကို ပျင်းနေတာ ကြာပါပြီ။

၁၄။ ကန်ထရိုက် တိုက်ခန်းရဲ့ တံခါး တစ်ခု ...
တံခါးရဲ့ အထဲမှာ ကျွန်တော့် အိပ်ခန်းဟာ ကျွန်တော် ပြန်အလာကို စောင့်နေတယ်၊ တံခါးရဲ့ အပြင်မှာ ကျွန်တော်နဲ့ 'ယောက်ျားစီး ဖိနပ် တစ်ရံ'

. . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

အိမ်တံခါးကို သော့ ဖွင့်ပြီး ကျွန်တော် ဝင်သွားလိုက်တယ်။ အဘိဓမ္မာ အတ္တ တံခါးချပ်တွေနှင့် အလုံ ပိတ်ထားတဲ့ ကျွန်တော့်မှာ ဘယ်တုန်းကမှ မိန်းမ တစ်ယောက် မရှိခဲ့ဘူး။



## ဝတ္ထု ဆိုသည်မှာ ....

၁။ အချစ် ဝတ္ထု (ရိုးရိုး)
ကောင်လေး တစ်ယောက် ရှိ၏။ ကောင်မလေး တစ်ယောက် ရှိ၏။ ကောင်လေးက ကောင်မလေးကို ချစ်၏။ (သို့) ကောင်မလေးက ကောင်လေးကို ချစ်၏။ အချစ်ခံရသူက အစက ပြန်မချစ်။ နောက်တော့ ပြန်ချစ်သွား၏။ ကွဲမလို ကွဲမလို မကြာခဏ ဖြစ်၏။ နောက်ဆုံး ညား၏။

၂။ အချစ် ဝတ္ထု (ရှယ်)
အဓိက ဇာတ်ကောင် သုံးယောက်နှင့် အထက် ပါ၏။ တစ်ယောက်ကို တစ်ယောက် ပတ်ချာလည်၍ ချစ်ကြ၏။ ဇာတ်ပို့ ဇာတ်ရံ အများ ပါ၏။ ဇာတ်အိမ် ဇာတ်ကွက်တွင် ဝင်၍ ခလောက်ဆန်ကြ၏။ ဟိုလူနှင့် ဟိုလူ ညားမလား၊ ဟိုလူနှင့် ဒီလူ ညားမလား၊ ပရိသတ် ဇဝေဇဝါ ထင်၏။ နောက်ဆုံး ညားချင်ရာ ညား၍ ဇာတ်သိမ်း၏။

၃။ အလွမ်း ဝတ္ထု (ရိုးရိုး)
ကောင်လေး တစ်ယောက်နှင့် ကောင်မလေး တစ်ယောက် ချစ်ကြ၏။ ကွဲဖို့ လိုရင်း ဖြစ်၍ တစ်ခုခုကြောင့် ကွဲကြ၏။ ကွဲသော် လွမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



၄။ အလွမ်း ဝတ္ထု (ရှယ်)
မင်းသား ပါ၏။ မင်းသမီး ပါ၏။ ကလေး အရွယ်တည်းက တွေ့၍ ကြိုက်ကြ၏။ သို့သော် ဘာမှန်း မသိ ကွဲ၏။ အချိန် အကြာကြီး လွမ်းကြ၏။ အသက် ကြီးသော် ပြန်တွေ့၏။ ကွဲမှ လွမ်းစရာ ဖြစ်၍ စာရေးဆရာမက မကွဲကွဲအောင် ပြန်ခွဲ၏။ ကွဲကြပြန်၏။ အိမ်သာ တက်သည့် ကိစ္စမှ အစ အားလုံး လွမ်းစရာ ဖြစ်၏။ သေကွဲ ကွဲသော် ပိုလွမ်း၍ ကောင်း၏။

၅။ အခန်းဆက် ဇာတ်လမ်းရှည် (ရိုးရိုး)
ဇာတ်လမ်း ရှည်ရန် လိုရင်း ဖြစ်၏။ အဓိက ဇာတ်ဆောင် တချို့ ပါ၏။ ဇာတ်လမ်း ဆင်၍ ရသမှျကို ဆင်၏။ မပြီးနိုင် မစီးနိုင် ဖြစ်ပျက်၏။ ကိစ္စ အမျိုးမျိုး တင်ပြ၏။ ပရိသတ် စွဲအောင် ကောင်းခန်း ရောက်လျှင် ဖြတ်ဖြတ်ထား၏။ နောက်ဆုံး စာရေးဆရာ ကိုယ်တိုင် ပျင်းလာသော် ဇာတ်သိမ်း၏။

၆။ အခန်းဆက် ဇာတ်လမ်းရှည် (ရှယ်)
မိသားစု ဆယ်ခုခန့် ပါ၏။ ဇာတ်ကောင် အများကြီး ဖြစ်၏။ အချင်းချင်း ရှုပ်ထွေး ပွထနေအောင် ပတ်သက်ကြ၏။ အချစ်၊ အလွမ်း၊ ဟာသ၊ ဒဿန၊ ဗဟုသုတ၊ ရသ၊ စွန့်စားခန်း အားလုံး ပြွတ်သိပ် ပါဝင်၏။ အိမ်ထောင်ရေး၊ လူမှုရေး စီးပွားရေးများဖြင့် ဇာတ်အိမ်သည် လွန်စွာ ကျယ်ပြန့် ရှည်လျား ရှုပ်ထွေး၏။ ဇာတ်လမ်းကို ကြည့်နေရင်း ပရိသတ် အချို့ မပြီးခင် သေကြ၏။ ဇာတ်လမ်းကို စိတ်စွဲ၍ သရဲ ဖြစ်ကြ၏။ စာရေးဆရာ ကိုယ်တိုင်လည်း သူ့ဇာတ်သူ မနိုင် ဖြစ်၏။ သူ သေသော် သူ့ သားသမီးများက ဇာတ်လမ်းကို ဆက်ရေးကြရ၏။ ဇာတ်လမ်းမှာမူ အဆုံးမသတ်သေး။ ဇာတ်ကောင် အားလုံး သေမှ အေးမည် ဖြစ်၏။ (ကြောက်စရာ ကောင်းလောက်အောင် ရှည်သော အခန်းဆက် ဇာတ်လမ်းရှည် ဖြစ်သည်)





၇။ အပေါစား ဝတ္ထု (ရိုးရိုး)
သဘာဝ မကျဖို့ လိုရင်း ဖြစ်၏။ ယောက်ျားက ယောက်ျား စိတ် မရှိ၊ မိန်းမက မိန်းမစိတ် မရှိ ဖြစ်၏။ လေကြီးလေကျယ် ပြောကြ၏။ ဇာတ်ကောင် အားလုံး အိုနာဆစ်ထက် ချမ်းသာ၏။ လူမက နတ်တမျှ ချောကြ၊ လှကြ၊ ကော်ကြ၏။ ဇာတ်လမ်း ကျောရိုးမှာ မဲပြာပုဆိုး ချစ်ကြိုက် ကွဲညားသာ ဖြစ်၏။ ဖတ်ပြီးသော် ပရိသတ် လွှင့်ပစ်၏။

၈။ အပေါစား ဝတ္ထု (ရှယ်)
သဘာဝ မကျရုံမက အဓိပ္ပာယ် မရှိဖို့ပါ လိုရင်း ဖြစ်၏။ အောက်တန်းစား ဒဿနများ ဖောဖောသီသီ ပါ၏။ လူမှု ကျင့်ဝတ် စည်းကမ်းများ ဖောက်ဖျက်အောင် မြှောက်ပေး၏။ ဇာတ်ကောင်များသည် စိတ်ကူးများဖြင့်ပင် မတွေးဝံ့သော အဖြစ်အပျက်များကို ဖြစ်ပျက်ပြကြရ၏။ ဇာတ်လမ်း ကျောရိုးကို သူများဟာ ခိုးချ၏။ စာရေးဆရာသည် အမည်ခံ တစ်ယောက် ဖြစ်၍ ရုံးဒိုး နှစ်ဆယ်လောက် ရှိ၏။ အရေအတွက် များများ ထွက်ဖို့ လိုရင်း ဖြစ်၏။ ဖတ်သူ အတွက် အန္တရာယ် ကြီးသော စာများ ဖြစ်၏။

၉။ ဘဝ သရုပ်ဖော် ဝတ္ထု (ရိုးရိုး)
ဆင်းရဲ နွမ်းပါး၏။ ဒုက္ခ ရောက်၏။ အနှိမ်ခံရ၏။ ကြိုးစားအားထုတ်သော်လည်း ကံက မကောင်း။ ဇာတ်လမ်းထဲမှ ပတ်ဝန်းကျင် လူများသည် မကောင်းသော လူများသာ ဖြစ်နေလေ့ ရှိ၏။ သုခရေ တစ်စက်လောက် ဖော်ပြ၍ ဒုက္ခရေ တစ်တိုင်ကီစာ ဖော်ပြ၏။ ဖတ်ပြီးသော် ပရိသတ် မသက် မသာ သက်ပြင်းချ၏။

၁၀။ ဘဝ သရုပ်ဖော် ဝတ္ထု (ရှယ်)
ဇာတ်ကောင်သည် မွေးကတည်းက သေသည် အထိ ကံဆိုး၏။ အံ့သြစရာ ကောင်းအောင် ဒုက္ခချည်း လှိမ့်ပိန့် ရောက်၏။ ကူညီသူ လောကကြီးတွင် တစ်ယောက်မှ မရှိ။ တွေ့သမျှ



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခ ရောက်စရာ ဖြစ်၏။ စာရေးဆရာသည် ဇာတ်ကို မနာနာ အောင် တုတ်နှင့် ရိုက်၏။ ဖနောင့်နှင့် ပေါက်၏။ ကြမ်းပေါ် ချ၍ ခြေအစုံနှင့် တက်ခုန်၏။ နံရံကို ကိုင်ရိုက်၏။ ရှစ်ထပ် တိုက်ပေါ်မှ ပစ်ချ၏။ ဇာတ်လည်း တော်တော် နာ၍ စာရေး ဆရာလည်း မောသော် ဇာတ်သိမ်း၏။

၁၁။ ခံစားမှု ဝတ္ထု (ရိုးရိုး)

ဇာတ်လမ်း အစတွင် သနားစရာ ဖြစ်၏။ အလယ်တွင် စိတ် မကောင်းစရာ ဖြစ်၏။ အဆုံးသတ်သော် ဝမ်းနည်းစရာ ကောင်းလေ၏။ ဖတ်ပြီးသော် ပရိသတ် မျက်ရည်ဝဲ၏။

၁၂။ ခံစားမှု ဝတ္ထု (ရှယ်)

သနားစရာ၊ ဝမ်းနည်းစရာ၊ စိတ်မကောင်းဖြစ်စရာ၊ ကရုဏာ သက်စရာ၊ *heart* ထိစရာ ကိစ္စ အားလုံး သိမ်းကြုံး ပါဝင်၏။ စာရေးဆရာ ကိုယ်တိုင် မျက်ရည် ဘူးသီးလောက် ကျ၏။ အယ်ဒီတာက ရာဝင်အိုးလောက် မျက်ရည်ကျ၏။ ပရိသတ်ထဲ မှ စိတ်မခိုင်သူများ တဝါးဝါး ငိုရ၏။ စိတ်ခိုင်သူများ အံတင်း တင်း ကြိတ်လျက် အဝေးသို့ ငေးကာ မျက်ရည် ပိုးပိုး ပေါက်ပေါက် ကျ၏။ ဝတ္ထုသည် မျက်ရည်များ ရွှဲနစ်နေ၍ မီးကင် ဖတ်ရလေ၏။

၁၃။ မုဆိုး ဝတ္ထု (ရိုးရိုး)

မုဆိုး ပါ၏။ သားကောင် ပါ၏။ သားကောင်သည် အမျိုးမျိုး လှည့်ပတ် ပြေး၍ မုဆိုးက မရမက လိုက်၏။ နောက်ဆုံး မိသွား၍ ဇာတ်သိမ်း၏။

၁၄။ မုဆိုး ဝတ္ထု (ရှယ်)

မုဆိုးနှင့် သားကောင် ပါ၏။ မုဆိုးက သားကောင်ကို လိုက် ၏။ သားကောင်က မပြေး ပြန်ခံချ၏။ ပညာ ပြိုင်ကြ၏။ သားကောင်ဘက်မှ အဖော်များ ရောက်လာ၏။ မုဆိုး ပြန်ပြေး ရ၏။ နောက်ဆုံး ဘာကြောင့်မှန်း မသိ မုဆိုးသာ နိုင်သွား၏။ (လူဆိုတော့ နိုင်တာပေါ့)





၁၅။ သိပ္ပံ ဝတ္ထု (ရိုးရိုး)

အားလုံး သေပြီးမှ ရောက်လာမည့် အနာဂတ် ကမ္ဘာကို စိတ်ကူးယဉ်၏။ ကမ္ဘာဖျက်မည့် အန္တရာယ် ပါ၏။ လူ နားမလည်နိုင်လောက်သော သိပ္ပံ ကိစ္စများ ပါ၏။ စိတ်ကူး တည့်သလို ဇာတ်အိမ် ဖွဲ့၏။ အဆုံးတွင် တစ်ခုခုက ကမ္ဘာကို ကယ်တင်လိုက်၏။

၁၆။ သိပ္ပံ ဝတ္ထု (ရှယ်)

ဂြိုဟ်သားများ ဘယ်က ရောက်လာမှန်း မသိ ပါ၏။ စက်ရုပ် များ ပါ၏။ လူလိုလို ဘာလိုလို ဟာတွေ ပါ၏။ အာကာသ လည်း ပါ၏။ ဆန်းနိုင်သမျှ ဆန်းသော ပစ္စည်းများ၊ ယာဉ် များ၊ အဆောက်အအုံများ ပါ၏။ ဂြိုဟ်သားများ၊ လူများ၊ စက်ရုပ်များ ဗလိုင်းကြီး တိုက်ခိုက်ကြ၏။ ဇာတ်လမ်းလည်း စချင်သလို စ၍ ဖြစ်ချင်ရာ ဖြစ်ကာ ဆုံးချင်သလို ဆုံးလေ၏။

၁၇။ ထိတ်လန့်သည်းဖို ဝတ္ထု (ရိုးရိုး)

ဇာတ်ကောင်သည် ဘာမှန်း မသိသော တစ်စုံတစ်ရာကို ကြောက်လန့်၍ ထွက်ပြေး၏။ (သို့) ဖြေရှင်း၏။ ည ပါ၏။ အမှောင် ပါ၏။ တစ်ယောက်တည်း တိတ်ဆိတ် အထီးကျန်မှု ပါ၏။ အခန့်မသင့်လျှင် မိုးကြီး လေကြီး ကျ၍ မိုးကြိုးပါ ပစ်၏။ ဝိုးတဝါး တစ်ခုခုကို တွေ့မလိုလို မိမလိုလို ဖော်ပြ ၏။ ဇာတ်ကောင် ထိတ်လန့်၏။ ပရိသတ်လည်း အကြောင်းမဲ့ ဖတ်ပြီး လန့်နေကြ၏။

၁၈။ ထိတ်လန့်သည်းဖို ဝတ္ထု (ရှယ်)

စကတည်းက လန့်စရာ ကောင်း၏။ ဘာဖြစ်နေမှန်း မသိသော်လည်း စိတ်ဝင်စားအောင် ဖော်ပြ၏။ ညအမှောင်သာမက လူသေကောင်ပါ ပါ၏။ ခြေပြတ်၊ လက်ပြတ်၊ ခေါင်းပြတ် ပါ၏။ သွေးထွက်သံယို ဖြစ်၏။ တစ်ခါတစ်ရံ မီးလောင်မှု ပါ၏။ တောကြီး မျက်မည်း ပါ၏။ လူလိုက်သတ်နေသည့် အရူး ပါ၏။ ပရ လောကသား လိုလို၊ နာနာဘာဝ လိုလို၊



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်လိုလို ဟာတွေလည်း ပါ၏။ ဓား၊ လှံ၊ လက်နက် အစုံ ပါ၏။ အသက်ကို အန္တရာယ် ပြုနေမှု ပါ၏။ လူတွေ၏ စိတ်အားငယ် ထိတ်လန့်နိုင်သော အခြေအနေ ကိစ္စ အားလုံး သိမ်းကြုံး ထည့်ထား၏။ ခွေးပြေး ဝက်ပြေး ပြေးရမှုများလည်း ပါ၏။ ဇာတ်သိမ်းသော် ဇာတ်ကောင်သည် သူ့ကို အန္တရာယ် ပြုနေသော ကိစ္စ ပြီးပြီဟု ယုံသွား၏။ သို့သော် ထိုကိစ္စသည် မပြီးဟု အမြဲ ဖော်ပြ၍ စာရေးဆရာက ဇာတ်သိမ်း၏။ ပရိသတ် ခမျာ ထိုမပြီးသော ကိစ္စ ငါ့နားများ ရောက်လေ မလားဟု တထိတ်ထိတ် ဖြစ်ကျန်ခဲ့လေ၏။ (အစကတည်းက မဖတ်ရင် အဲဒီ ကိစ္စ သိတောင် သိမှာ မဟုတ်ဘူး)

၁၉။ စုံထောက် ဝတ္ထု (ရိုးရိုး)

လောကကြီးတွင် တကယ် မရှိသော အလွတ် စုံထောက် ဟူသည့် ငနဲ ပါ၏။ အမှု တစ်ခု ဖြစ်၏။ တရားခံ ပုန်းနေ၏။ အလွတ် စုံထောက်မှ လိုက်ရှာ၍ 'တူတူရေဝါး' ဟု ဆိုကာ တရားခံ မိသွားလေ၏။

၂၀။ စုံထောက် ဝတ္ထု (ရှယ်)

မတရား ရှုပ်သော အမှု တစ်ခု ဖြစ်အောင် ဆင်၏။ ပရိသတ် က ရှင်းရှင်း တွေး၍ တရားခံ ပေါ်သွားမှာ စိုးသဖြင့် တရားခံ လိုလို ဇာတ်ကောင် လေးငါးဆယ်ယောက် ဖော်ပြထား၏။ ပရိသတ် မျက်စိလည်အောင် သဲလွန်စလိုလို၊ ဘာလိုလိုတွေ နှင့် တွေးလမ်း ချော်အောင် လုပ်၏။ အခင်း ဖြစ်ပွားရာ နေရာ အချိန်နှင့် အခြေအနေ အရပ်ရပ်ကို တိတိကျကျ ဘယ် တော့မှ မဖော်ပြ။ လိုက်သူက လိုက်၊ ပြေးသူက ပြေး၊ တွေးသူက တွေး၊ ပုန်းသူ ပုန်းနှင့် ဇာတ်လမ်းကို ဝရုန်း သုန်းကား ဆွဲခေါ်သွား၏။ နောက်ဆုံးတွင် တရားခံလိုလို ဇာတ်ကောင်တွေထဲမှ တစ်ယောက်မှ မဟုတ်သော အခြား တရားခံကို ဖော်၍ ပရိသတ် အံ့သြစေသည်။ သဲလွန်စ ကွင်းဆက်များကို မရမက ဂဟေဆော် တွဲဆက်ပြ၍ စုံ





ထောက်တော်ကြောင်း ပရိသတ်ကို နားသွင်း၏။

၂၁။ စွန့်စားခန်း ဝတ္ထု (ရိုးရိုး)

အလကား နေရင်း စွန့်စားလိုသော ဇာတ်ကောင် ပါ၏။ စွန့်စားစရာ ကိစ္စ ပေါ်လာ၏။ ကျားကုတ် ကျားခဲ ကြံ၏။ နောက်ဆုံး အောင်မြင်သွားလေ၏။

၂၂။ စွန့်စားခန်း ဝတ္ထု (ရှယ်)

မစွန့်စားလို့ မရ၊ စွန့်စားမှုကို ဖြစ်မည့် ကိစ္စ တစ်ခု တင်ပြ၏။ စွန့်စားမည့် ဇာတ်ကောင် အချို့ ပါ၏။ ထောင်ချောက် များ၊ နားမလည်မှုများ၊ အန္တရာယ်များ စုံနေအောင် ပါ၏။ ဇာတ်ကောင်များ ခွေးလို ဝက်လို သောက်ကျိုးနည်း စွန့်စား ကြရ၏။ အချို့ နေရာတွင် မှော်လိုလို၊ စုန်းလိုလို ဟာတွေ ပင် ဖော်ပြ၏။ မသေကောင်း မပျောက်ကောင်း လက်မတင် လေးတွေ ခဏ ခဏ ဖြစ်၏။ ဇာတ်ကောင်များ အနက်မှ သေသူ သေ၍ ကျန်သူ ကျန်ကာ နောက်ဆုံး အောင်မြင်စွာ ဇာတ်သိမ်း၏။

၂၃။ ရာဇဝင် ဝတ္ထု (ရိုးရိုး)

အတိတ် ကာလ ရာဇဝင် သမိုင်းထဲမှ ခေတ်တစ်ခုကို အခြေ ပြု၍ ဇာတ်အိမ် တည်၏။ ပြီးသော် စာရေးဆရာ စိတ်ကူး တည့်သလို တစ်လျှောက်လုံး ရေး၏။ ဇာတ်သိမ်းသော် တကယ်လိုလို စိတ်ကူးလိုလို လူလည်ကျ၍ ဇာတ်သိမ်း၏။

၂၄။ ရာဇဝင် ဝတ္ထု (ရှယ်)

ရာဇဝင် သမိုင်းထဲမှ လူသိ များသည့် ပုဂ္ဂိုလ် တစ်ဦးဦးကို အခြေတည် ဇာတ်အိမ် ဖွဲ့၏။ သမိုင်း မှတ်တမ်းများနှင့် စာရေးဆရာ အာဘော်ကို ဆတူ ရော၍ မတရား ခမ်းနား အောင် တင်ပြ၏။ ရှေးဟောင်း ယဉ်ကျေးမှု ပါ၏။ သမိုင်းဝင် စစ်ပွဲကြီးများ ပါ၏။ ဇာတ်ကောင်တို့၏ စကားပြောကို တစ်မျိုး တစ်ဖုံ လုပ်ထား၏။ သမိုင်းဆရာကိုယ်တိုင် မှတ်တမ်းတင်ရန် မေ့ကျန်ခဲ့သလိုလို ကိစ္စ သုံးလေးငါးခု တင်ပြ၏။ ဇာတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



များကို သူရဲကောင်းများ အဖြစ် မြှောက်၍ နေရာ ပေးထားၡ်။ အဆုံးတွင် သမိုင်းဝင် ကိစ္စ တစ်စုံတစ်ရာ အထောက်အထား အဖြစ်ပျက် တစ်ခုနှင့် ဇာတ်သိမ်းလေ၏။

၂၅။ အပျော်ဖတ် ဝတ္ထု (ရိုးရိုး)

ပျော်စရာ ကောင်းသော ကိစ္စနှင့် ဇာတ်ကို ဖွင့်သည်။ ပေါ့ပါး လွတ်လပ်၍ ပျော်စရာ ဖြစ်ရပ်များ၊ အသောများနှင့် ဇာတ်ကို သယ်သွားသည်။ ကြည်နူးဖွယ် ကိစ္စ တစ်ခုနှင့် ဇာတ်သိမ်း၏။

၂၆။ အပျော်ဖတ် ဝတ္ထု (ရှယ်)

သဘာဝကျသော လူမှု အဖွဲ့အစည်း အတွင်းတွင်သာ ဇာတ်အိမ် ဖွဲ့သည်။ ပုံစံ ကွဲပြားသော ဇာတ်ကောင်များ ပါ၏။ လူအများစု အတွက် ပျော်စရာ ကောင်းသော အခမ်းအနား၊ အဖြစ်အပျက်များ ပါ၏။ ပတ်ဝန်းကျင် တစ်ခုလုံး ပေါ့ပါး လွတ်လပ်မှုနှင့် နောက်ခံပြု၏။ ဝမ်းနည်းစရာ ကိစ္စများကို ဖော့ပစ်၏။ သမရိုးကျ ဇာတ်လမ်းသွားများကို တစ်မျိုးတစ်ဖုံ လှည့်ပစ်၏။ လေးနက်မှု တစ်စုံတစ်ရာကို ရှားပါးစွာ ထည့်သွင်း၏။ စာရေးဆရာသည် ပျော်ပျော်ကြီး ရေး၏။ ပရိသတ်လည်း ပျော်ပျော်ကြီး ဖတ်၏။ ပျင်းရိမှုကို ပျော်ဖြေရေးသဘော ဖြစ်၍ အကောင်းနှင့်သာ ဇာတ်သိမ်း၏။

၂၇။ ဟာသ ဝတ္ထု (ရိုးရိုး)

အဖြစ်အပျက် အားလုံးကို ရေးချင်သလို ရေး၏။ သောလုံး၊ ဖောက်လုံး၊ အတွင်း ပြက်လုံး၊ အပြင် ပြက်လုံးများ သွင်း၏။ ရယ်ရဖို့ အဓိက ဖြစ်၏။ သိပ်မရယ်ရလျှင် ကလိထိုး၏။ စာရေးဆရာသည် ဝါကျတို၊ ဝါကျလတ်များသာ အသုံးများ၏။ ပရိသတ် အချို့ တဟားဟား ရယ်၍ အချို့ တည်တည်ကြီး ဖတ်ကြ၏။

၂၈။ ဟာသ ဝတ္ထု (ရှယ်)

စိတ်ထဲတွင် ပြုံးရုံသာ ဖြစ်သော အခြေအနေ တစ်ခုကို ထိန်းထား၏။ သဘာဝကျမှုကို အခြေခံ၍ သဘာဝမကျမှုကို





တင်ပြ၏။ ကန့်သတ် ထိန်းချုပ်မှု ဘောင်မရှိ။ အဖြစ်အပျက်နှင့် စိတ်ကူး အတွေးကို ရောထွေး တင်ပြ၏။ လူတစ်ဦးထဲမှ သုံးလေးငါးခါ ပြန်ဖတ်မှု ဒဏ်ကို ခံနိုင်အောင် စာရေးဆရာ ကြိုးစား၏။ မလိုက်ဖက်သော တွဲစပ်မှုမျိုးနှင့် ဇာတ်အိမ် ဖွဲ့၏။ ကွဲပြား ခြားနားသော ဟာသ အတန်းအစား အမျိုးမျိုး ပါဝင်၏။ ဇာတ်သိမ်းသော် ပရိသတ်သည် တဟားဟား ပွဲကျသူလည်း ရှိ၏။ ပြုံးသူလည်း ရှိ၏။ လုံးလုံး မရယ်သူလည်း ရှိလေ၏။

သီချင်းတွေကိုလည်း ဝတ္ထုလို ဖတ်ကြည့်ကြပါလားဗျာ။



www.burmeseclassic.com

www.burmeseclassic.com

## အရှုး ဆိုသည်မှာ ....

မေး။ မင်္ဂလာပါ ခင်ဗျာ။

ဖြေ။ . . . . . . .

မေး။ ပုံစံ ကြည့်ရတာ နှယ်နှယ်ရရတော့ မဟုတ်ဘူး၊ အောင်မြင် ကျော်ကြားနေတဲ့ အရူးကြီး ဖြစ်မှာပဲ။

ဖြေ။ အောင်မြင်ပြီလား ကိုယ့်လူရာ။ တစ်လောကလုံး ကိုယ့် မသိတဲ့ သူ တစ်ယောက်မှ မရှိဘူး။

မေး။ တော်တော် အရှိန်အဝါကြီးတာပဲနော်။ ဒီလို အောင်မြင်နေတော့ ဘယ်လိုများ ခံစားရလဲ မသိဘူး ခင်ဗျ။

ဖြေ။ ပီတိပေါ့ကွာ၊ ပီတိ ဖြစ်တာပေါ့၊ 'ပီတိစား အားရှိ' ဆိုတဲ့ စကား မောင်ရင် မကြားဖူးဘူးလား။ ဒါပေမဲ့ တစ်ခု ရှိတယ် နော်။ သတိက အရေးသိပ်ကြီးတယ်။ အောင်မြင်မှုမှာ ယစ်မူး နေလို့ မရဘူး။

မေး။ (အံမယ် သူကများ ...) ဟုတ်ကဲ့ မှတ်ထားပါမယ်၊ အစ်ကို ကြီး အနေနှင့် ဘယ်အရွယ်တည်းက စရူးခဲ့သလဲ ပြောပြပေး ပါလား။

ဖြေ။ မွေးစကတည်းကပဲဟေ့။ ပါရမီ ပါလာတယ် ခေါ်မလား။

အိမ်သူရွှေမ ရေးပ

www.burmeseclassic.com

လသားတုန်းက သိပ်မသိသာပေမဲ့ ကြီးလေ ရူးလေ ဖြစ်လာလိုက်တာ ဒီနေ့ထိပဲ။

မေး။ မိဘ ဆွေမျိုးတွေရဲ့ အားပေး ပံ့ပိုးမှု ရခဲ့တယ်လို့ ပြောနိုင်မလား။

ဖြေ။ ပြောနိုင်တာ မဟုတ်ဘူး၊ တစ်မျိုးလုံး အရူးချည်းပဲ။ တစ်ယောက်မှ မကောင်းဘူး၊ ဒါပေမဲ့ အဆင့် ရှိတယ်နော်။ တစ်ယောက်မှ မကြမ်းဘူး။ ယဉ်ယဉ်လေး ကိုယ့်ဟာကိုယ် အထာနဲ့ ရူးနေကြတာ။

မေး။ တချို့က ပြောကြတယ်လေ၊ 'ရူးတယ် ဆိုတာ လွယ်တာမှတ်လို့' ဆိုတဲ့ စကားကို အစ်ကိုကြီး ဘယ်လို မြင်ပါသလဲ ခင်ဗျာ။

ဖြေ။ ဒါကတော့ မောင်ရင် စဉ်းစားကြည့်လေ။ လောကကြီးမှာ လူကောင်းက များပြီး အရူး ရှားတယ် မဟုတ်လား။ ဒီတော့ကာ ဆိုလိုတဲ့ သဘောက ကောင်းရတာ လွယ်တယ်။ ရူးရတာ ခက်လို့ လူကောင်း များနေတယ်လို့ ယူရင် ရမယ်လေ။ ကိုယ်ကတော့ မောင်ရင် သိတဲ့ အတိုင်း ခက်တာပဲ အရသာတွေ့တတ်တော့ ပညာ ပါပါပဲ ရူးတယ်။ အေးအေးပဲ ရူးတယ်။ တချို့ အရူးဘွဲ့လို အော်ကြီး ဟစ်ကျယ် ရူးပြမနေဘူး။ ဘာလုပ်မှာလဲ။ ဟုတ်တယ် မဟုတ်လား။ အချိန်တန်ရင် ကိုယ့်ကို အရူးလို့ သနားနေတဲ့ ပရိသတ်က ခွဲလာတတ်မှာပဲလေ။ ဘယ်အရူးက အရူး လောကကို စေတနာ ရှိတယ်၊ ဘယ်လောက် ရူးတတ်တယ်၊ အရူး လောကကို ဘယ်အရူးက ပိုချစ်တယ်၊ ဘယ်အရူးကတော့ လူသနားအောင် အတင်း ရူးပြနေတယ် ဆိုတာတွေ ပေါ်လာမှာပါ။ အချိန်လေး ခဏ ပေးထားလိုက်။ ကိုယ့်ကို သနားနေကြတဲ့ ပရိသတ်က လူကောင်းတွေပဲဟာ။ ကျကျနန ရူးဖို့ ဘယ်လောက် ခက်လဲ ဆိုတာ သူတို့လည်း သိတာပေါ့။ သိက္ခာ ရှိတဲ့ အရူး တစ်ယောက် ဖြစ်ဖို့ ဆိုတာက ပါရမီခံလည်း ပါမှ၊ ကံလေးလည်း





လိုက်ဦးမှ ရူးဖြစ်တာ။ ကိုယ် မဆွယ်ဘူး။ ပရိသတ် သနားအောင် ကိုယ် ဘယ်တော့မှ အရူးပါ ခင်ဗျာ ဆိုပြီး မဆွယ်ဘူး။ ကိုယ့်ဟာကိုယ် ရူးစရာရှိ ရူးပြလိုက်မယ်။ ခပ်တည်တည်ပဲ ရူးနေမယ် ဒါပဲ။ လွယ်တယ်ထင် ရူးကြည့်ပါလား။ မောင်ရင်လည်း လွယ်တယ်ထင် အခု စမ်းရူးကြည့်လေ။ သိပ်ခက်တယ် မရဘူး။ ရေရှည်မှာ ကွာသွားတာပဲ။

မေး။ အရူးတွေကို သနားကြတဲ့ လူကောင်းတွေ ယုံကြည်နေတာက အရူးတွေဟာ ကိုယ်ရူး ရူးမှန်း မသိဘူး။ ရူးနေပြီလို့ ပြောရင် စိတ်ဆိုးကြတယ်လို့ပေါ့။ အစ်ကိုကြီးကျတော့ ကိုယ် ရူးတာကိုယ် သိနေတယ်လေ။ အခုတလော အရူး လောကမှာ ဒီကိစ္စလေး အပြောများနေလို့ အစ်ကိုကြီးရဲ့ အမြင်လေး တစ်ဆိတ် ပြောပါဦး။

ဖြေ။ ကိုယ်လည်း ဒါပဲ ပြောချင်နေတာ။ တချို့က အတင်း တွန့်လိမ် ကွေးကောက် အော်ဟစ်ပြီး ပြကြတယ်။ တချို့ကြတော့လည်း သူများ ရူးပုံ ရူးနည်း လိုက်ရူးကြည့်ကြတာလည်း ရှိတယ်။ တချို့က ခေတ်မမီတဲ့ ရူးနည်းတွေနှင့် ကျန်ခဲ့ကြပြီ။ တချို့ကတော့ ခေတ်မီမီ ရူးတတ်အောင် ကြံကြတယ်။ မောင်ရင် အခု မေးတဲ့ ကိစ္စက အဲဒါပဲ။ ပညာ ပါတယ်နော်။ ခေတ်ကွ ခေတ် ခေတ်။ ခေတ်နောက်ကျ ကျန်ခဲ့ရင် သွားတာပဲ။ ကမ္ဘာကြီးက အရမ်း တိုးတတ်လာပြီ။ အရူးတွေလည်း ခေတ်မီနေရမယ်။ အရင် အရူးတွေက ကိုယ် ရူးလို့ ရူးမှန်း မသိဘူး။ ဒါ မှန်တယ်။ လူကောင်းတွေလည်း လက်ခံထားတယ်။ ဒါပေမဲ့ အခု အဲဒီခေတ် ကုန်သွားပြီလေ။ အရူးတွေ ရူးမှန်း သိတဲ့ခေတ် ရောက်လာပြီ။ မောင်ရင် သိတာပေါ့လေ။ ကိုယ်က ခေတ်မီမီပဲ ရူးနေချင်တာ။ (သောက်ကိုးနဲ့ အရူးဟာ)

မေး။ ဒါဆို အရူးတွေ သူတို့ကိုယ် သူတို့ ရူးမှန်း မသိဘူး ဆိုတာ ခေတ်မမီဘူးပေါ့နော်။

ဖြေ။ မမီဘူး။ အများကြီး နောက်မှာ ကျန်ခဲ့ပြီ။ ကိုယ် ပြောချင်တာက

www.burmeseclassic.com



မရူးဘူး ဆိုရင်လည်း လူကောင်းပဲ လုပ်နေ။ ရူးမယ် ဆိုရင် သေချာ ရူး။ ကျကျနန ရူးပစ်လိုက်စမ်း။ ယုံယုံကြည်ကြည် ရူး၊ ခေတ်မီမီ ရူးနိုင်အောင် ကြိုးစား။ တော်ရုံရော်ရိ မလုပ်နဲ့ အရူး မဖြစ်လာဘဲ နှမ်းသွားမယ်။ အနှမ်းကြီး ဖြစ်သွားလိမ့်မယ်။ ကရော် ကမယ် လုပ်လို့ မရဘူး။ အရေးကြီးတယ်။

မေး။ အရူးလိုင်းတွေထဲမှာ အစ်ကိုကြီး ဘယ်လိုင်းကို ပိုအားသန်ပါသလဲ။

ဖြေ။ တချို့က မယား တလိုင်းနဲ့ ရူးကြတယ်။ ခံစားချက် ရှိတယ်။ လိုအပ်ရင် ခပ်ကြမ်းကြမ်း ရူးပစ်လိုက်မယ်။ ဂရုမစိုက်ဘူး။ ဒီသဘောပေါ့။ ခံစားမှု ဦးစားပေးပေါ့။ ဒါပေမဲ့ အများအားဖြင့် အေးဆေးပဲ ရူးတယ်။ ကောင်းပါတယ်။ ကိုယ် လက်ခံတယ်လေ။ တချို့ကျတော့ တဏှာလိုင်းနှင့် ရူးကြတယ်။ ဒါကျ မကောင်းဘူး။ ကိုယ် မကြိုက်ဘူး။ ညစ်ပတ်တယ်။ အရူး သိက္ခာကျတယ်။ နောက်တစ်လိုင်းက ဥစ္စာလိုင်း။ ဒါလည်း သိပ်မကောင်းဘူး။ ဥစ္စာရူးက ဒေါသ များတယ်လေ။ ကိုယ်ကတော့ အရူးလိုင်းပဲ။ အကြောင်းပြမနေဘူး။ ကိုယ် ရူးတယ်။ အရူးပဲ။ ကိုယ် ရူးနိုင်သလောက်ပဲ ရူးတယ်။ ကိုယ် ဒီလောက်ပဲ ရူးနိုင်တယ်။ ဟန်မဆောင်ဘူး။ ဒီလောက်ပဲ ရူးပြတယ်။

မေး။ အရူး စစ်စစ် မဖြစ်တာတွေ ရှိလား ခင်ဗျ။

ဖြေ။ ရှိတယ်။ အများကြီးကို ရှိတာ။ ကိုယ် ပြောပြမယ်။ တချို့ ရူးချင်လို့ ရူးကြည့်တယ်။ မဖြစ်ဘူး။ ပေါသွားတယ်။ ငပေါကြီးပဲ ဖြစ်သွားတယ်။ တချို့ ရူးကြည့်တယ်။ မရဘူး။ သွပ်ချောင်ချောင် ဖြစ်နေတယ်။ တချို့ တော်တော် ကြိုးစားတယ်။ ဂေါက်သွား၊ ကွေးသွား၊ လစ်သွားတယ်။ ရူးမသွားဘူး။ တချို့ ရူးလုလု အထိ ဖြစ်လာပြီး ရပ်သွားတယ်။ ကြောင်နေတာ၊ အဲဒါ ရူးတာ မဟုတ်ဘူး။ အဲဒါ ကိုယ် ပြောတာပေါ့။ အရူး စစ်စစ် ဖြစ်ဖို့ ခက်တယ်လို့။ တချို့ ရူးချင်ယောင်





ဆောင်တာ ရှိသေးတယ်။ အလကား အဲဒါ လိမ်တာ။ နင်လား၊ ငါလား တကယ်တမ်း ရူးကြည့် မခံနိုင်ဘူး။ တကယ်တမ်း သူတင် ကိုယ်တင် အရူး ထကြပြီဟေ့ဆို မရတော့ဘူး။ သွားရော မလိုက်နိုင်တော့ဘူး။

မေး။ ရူးရတာ ခက်တယ်နော်။ တော်တော် မလွယ်တဲ့ ကိစ္စပဲ။ အစ်ကိုကြီး ပညာ အရည်အချင်းလေး ……

ဖြေ။ ဟကောင်ရ၊ အရူးပါဆို ကျောင်းနေလို့ ရမလားကွ။

မေး။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဒါထက် အခုတလော အစ်ကိုကြီး နားထောင်ဖြစ်တဲ့ သီချင်း၊ ကြည့်ဖြစ်တဲ့ ရုပ်ရှင်၊ ဖတ်ဖြစ်တဲ့ စာအုပ်လေးများ ရှိရင် …။

ဖြေ။ နိုး နိုး ကိုယ် မလုပ်ဘူးလေ။ ကိုယ် ဘာမှ မကြည့်ဘူး။ နားမထောင်ဘူး။ စာကလည်း ဖတ်ချင်တောင် စာမှ မတတ်တဲ့ဟာ မောင်ရင် အမှတ်သညာ နည်းတာပဲ။

မေး။ ဟုတ်ကဲ့ နည်းနည်း ရှင်းပြပါလား။

ဖြေ။ ဒီလိုလေ။ အဲဒါတွေ နားထောင်ရင်၊ ကြည့်ရင် ကိုယ့် လမ်းကြောင်း ပြောင်းသွားလိမ့်မယ်။ ကိုယ်က အရူး၊ ပြန်မကောင်းသွားချင်ဘူး၊ ဒီအတိုင်းပဲ ကိုယ် ရူးနေချင်တယ်လေ။ အဲဒါတွေ စိတ်မဝင်စားဘူး။

မေး။ သဘောပေါက်ပြီ ခင်ဗျ။ အစ်ကိုကြီးရဲ့ တစ်နေ့တာ ရူးပုံလေး ပြောပါဦး။

ဖြေ။ သိပ်မထူးခြားပါဘူးလေ။ ကိုယ်က တခြား အရူးတွေလို လျှောက်ရူးပြနေတာမှ မဟုတ်တာ။ မိုးလင်းလာတယ်။ ကိုယ် ဒီအတိုင်းထိုင် ရူးနေလိုက်တာပဲ။

မေး။ တော်တော်လည်း စုံသလောက် ရှိသွားပါပြီ။ နောက်ဆုံး အစ်ကိုကြီး အနေနဲ့ အရူး လောကကို ဘာများ ပြောချင်ပါသလဲ။

ဖြေ။ ပြောချင်တာ တစ်ခု ကိုယ် ရှိတယ်လေ။ အရူး လောကရော လူကောင်းတွေပါ အရူးကို စိတ်ညစ်အောင် မလုပ်ကြပါနဲ့လို့။

www.burmeseclassic.com

အရှုး စိတ်ချမ်းသာရင် ဘာဖြစ်တယ် ဆိုတာ မောင်ရင်တို့ သိပါတယ်။ ရာသီဥတုကလည်း ပူတယ်လေ။ ကိုယ်လည်း အသက်လေး ရလာတော့ သိပ်သောင်းကြမ်းပြီး အရှုးထ မနေချင်တော့ဘူး။ ရှေ့လျှောက် အေးဆေးပဲ ဆက်ရူးသွားတော့ မယ်လို့ စိတ်ကူးထားတယ်။

မေး။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

ဖြေ။ . . . . . . . . . . . . . .



BURMESE CLASSIC .com

## အလှူ ဆိုသည်မှာ ....

လွန်ခဲ့သော နှစ်များ ကာလက ဤကမ္ဘာ လောက၏ တစ်နေရာဝယ် လူငယ် တစ်စုတို့ အသက်ရှင် နေထိုင်ခဲ့ကြဖူးလေ၏။ ထိုလူငယ် တစ်စုတို့ သည် အရွယ်အားဖြင့် လေးငါးခြောက်နှစ် သူငယ်လေးများက လူကြီးတွေ ဟု အထင်ခံကြရ၍ လေးငါးခြောက်ဆယ် အရွယ်များက 'ဒီကလေးတွေ' ဟု သမုတ်ခြင်း ခံရသည့် ဆယ်ကျော်သက် စကောစက ဗရုတ်သုတ်ခ တစ်သိုက် ဖြစ်လေသည်။ ထိုလူငယ် တစ်သိုက်တို့သည် တစ်ယောက်နှင့် တစ်ယောက် ဘယ်တော့မှ မတည့်ကြသော်လည်း တတွဲတွဲသာ နေကြကုန် ၏။ တစ်ယောက်ကို တစ်ယောက် ချောက်ချ၍ အမြဲ ဒုက္ခပေးနေကြသော် လည်း ဒေါမပွားဘဲ တဟဲဟဲသာ တွဲနေကြမြဲ ဖြစ်ကုန်၏။ တစ်ယောက် ကွယ်ရာတွင် တစ်ယောက်က မကောင်းတာတွေချည်း အပုပ်ချ ရှာကြံ ပြောတတ်ကြသော်လည်း အပြင် သူစိမ်း တစ်ယောက်ယောက်က သူတို့ အကြောင်း မကောင်း ပြောသံ ပြန့်ကြားသော် လွန်စွာ စည်းလုံးကြ၍ ထိုသူစိမ်းအား ဒေါ်ပွ ရန်စတတ်ကြကုန်၏။ တစ်ယောက်ကို တစ်ယောက် လုံးဝ အထင်မကြီးသော်လည်း တစ်ယောက် တစ်ခုခု လုပ်လျှင် ကျန်တစ်စု က လိုက်လုပ်ကြကုန်၏။ တစ်ယောက် ခဏ ကောင်းစားလျှင် ကျန်တစ် သိုက်က မဲ့ရွဲ့ ရွဲ့ချတတ်ကြသော်လည်း တစ်ယောက်က ဒုက္ခ ရောက်သော် ကျန်တစ်ပြုံလုံးက ခွေးကျုံးဝက်ကျုံး ကူညီကြကုန်၏။ ထိုလူငယ် တစ်သိုက်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် လက်ဖက်ရည်ဆိုင် တစ်ခုတွင် တစ်ယောက်နှင့် တစ်ယောက် ဘုကြည့် ကြည့်၍ စတွေ့ခဲ့ကြလေသည်။ ထိုလက်ဖက်ရည်ဆိုင်တွင်ပင် တစ်ယောက်ကို တစ်ယောက် မသက်ာဘဲ လွန်စွာ ရင်းနှီး ကျွမ်းဝင် ချစ်ခင်ခဲ့ကြလေသည်။ ထိုလက်ဖက်ရည်ဆိုင်ကိုပင် မိမိတို့ အိမ်လို သဘော ထား၍ မိုးလင်း မိုးချုပ် တရုန်းရုန်းနှင့် အချိန်ဖြုန်းကာ ပျော်ရွှင်စွာ နေထိုင်ခဲ့ ကြဖူးလေသည်။ ထိုလက်ဖက်ရည်ဆိုင် ပိုင်ရှင် မိသားစုသည် ရာသီ အလီလီ ပြောင်း၍ နှစ်ပေါင်း များစွာ အကြာ ဆိုင်နေရာ ပြောင်းရွှေ့သွား ကြချိန် အထိ ထိုသူငယ် တစ်သိုက်ကို မိသားစုဝင်လို သဘောထား ချစ်ခင်လျက် လွန်စွာ အနွံအတာ ခံခဲ့ကြလေ၏။ ထိုလက်ဖက်ရည် ဆိုင်ငယ် ရှိခဲ့ဖူးရာ ရပ်ကွက်ငယ်သည်လည်း ထိုလူငယ် တစ်သိုက်တို့ အရွယ် ရ၍ တကွဲတပြား ဖြစ်သွားကြချိန် အထိ လွန်စွာ အနွံအတာ ခံခဲ့ဖူးလေ၏။ ထိုလက်ဖက်ရည်ဆိုင် တည်ရှိရာ ထိုရပ်ကွက်ငယ်တွင် ကျင်လည်ခဲ့ဖူးကြ သော တစ်ချိန်က ထိုလူငယ် တစ်စုတို့သည် မတရား ဒုက္ခပေးခဲ့ကြသည်နှင့် အမျှ ကူညီခဲ့ကြဖူးလေ၏။ မတရား ဆိုးသွမ်းခဲ့သည်နှင့် အမျှ လိမ္မာခဲ့ကြဖူး လေ၏။ မတရား အပျင်းထူခဲ့ကြသည်နှင့် အမျှ သွက်လက် ဖျတ်လတ်ခဲ့ ကြဖူးလေ၏။ သူတို့ကို မြင်ရသည်မှာ စိတ်ရှုပ်စရာ ကောင်းလှသလို ပျော်စရာလည်း ကောင်း၏။ ခပ်ကင်းကင်း နေဖို့ ကောင်းသလို ခင်စရာ လည်း ကောင်း၏။ ဘယ်နေရာမှ စိတ်ချဖို့ မကောင်းသလို အကူအညီ တောင်းလို့ ကောင်း၏။ ပုံပန်းသဏ္ဍာန်က အစ ဘယ်လိုမှ လိုက်ဖက် မညီကြသလို အတူတူ တွဲလျက် ရှိကြသည်ကို မြင်နေရမှ သဘာဝကျသလို ဖြစ်၏။ ထိုလူငယ် တစ်သိုက်တို့၏ အမျိုးမျိုး၊ အဖုံဖုံ စုံလင်လှသော အဖြစ်အပျက်များကို အရပ်က မြင်ခဲ့ ကြားခဲ့ကြရ၏။ ထိုလူငယ် တစ်သိုက် တို့သည် လွန်စွာ ဥတီး ဥကျ ရှိ၏။ ဇရုတ်သုတ်ခ နိုင်၏။ အမြင်တော် သလို မတော်သလို ဖြစ်၏။ မျက်စိနောက်သလို မနောက်သလို ဖြစ်၏။ သူတို့ အကြောင်း ကြားရသည်မှာ စိတ်ပျက်ရမလို ရယ်ရမလို ဖြစ်၏။ လွန်စွာ ထူကြ၊ အကြ၊ နကြ၊ တုံးကြသဖြင့် 'ပိန်းဉများ' ဟု အရပ်က ခေါ်တာ ခံကြရလေ၏။ ယခုမူ ထိုရပ်ကွက်ငယ်သည် အတော်ပင် ပြောင်း လဲသွားခဲ့ပေပြီ။ ထိုပိန်းဉ တစ်သိုက်မှာလည်း တကွဲတပြား လိမ့်သွားကုန်





ကြပြီ ဖြစ်၏။ ထိုပိန်းဉများ ထည့်ထားရာ တောင်းသဖွယ် လက်ဖက်ရည် ဆိုင်ငယ်သည်လည်း အရပ်တစ်ပါးသို့ ပြောင်းရွှေ့ ထွက်ခွာသွားပြီ ဖြစ်၏။ ထိုပိန်းဉများ ထားရစ်ခဲ့သည့် အဖြစ်အပျက် ပေါင်းစုံတို့မှာမူ အမှတ်ရမိသူ တို့ အတွက် ပြောစရာတစ်ခု အဖြစ် ရခဲ့လေ၏။ ထိုအမှတ်ရမိသူတို့ အနက်မှ ကျွန်တော့် အတွက်မှာမူ ပုံပြင်သဖွယ် ရေးစရာ တစ်ခုပြီး တစ်ခု ရခဲ့လေတော့သတည်း။

တစ်ခါက အရပ် ရှည်ရှည် လည်ပင်း ရှည်ရှည် လျှာရှည်ရှည် ပိန်းဉ မဲမဲ တစ်လုံးသည် နံပြားဖိုကို ကျောမှီလျက် ယိုင်နဲ့နဲ့ ခွေးခြေ တစ်လုံးပေါ် ပျင်းရိပျင်းတွဲ ထိုင်ကာ တစ်စုံတစ်ရာကို ပြောပြနေလေသည်။ ကျန်ရုပ်ဆိုးဆိုး ပိန်းဉ တစ်လုံး၊ မျက်ခုံး မျက်လုံး နဖူးတော့ပေါ်ပေါ် မုတ်ဆိတ် နှင့် ပိန်းဉ တစ်လုံး၊ ပုကွကွ ဘုကျတတ်သော ပိန်းဉ တစ်လုံး၊ ပိန်းဉ အထီးတန်မဲ့ အမကဲ့သို့ မကြာခဏ ပါးကွက် ကွက်တတ်သော ပိန်းဉ တစ်လုံး အစရှိသော ပိန်းဉ လေးငါးခြောက်လုံးတို့သည် အနီမဲမဲ ပိန်းဉရှည် ၏ စကားအား မကြား တစ်ချက် ကြားတစ်ချက် လိုလို စိတ်မပါလျက် လူမှုရေး အရလိုလို၊ ဂရုတစိုက် မရှိလှသလိုလို ပုံဖမ်းလျက် သမ်းလိုက် ဝေလိုက်ဟန် လုပ်ကာ စားပွဲ ခုံပု တစ်လုံးအား ဝိုင်းပတ်လျက် စိတ်ဝင်တစား ထိုင်နားစွင့်နေကြလေ၏။ ပိန်းဉ မဲမဲ ရှည်ရှည် ပြောနေသည်မှာ

'အဲဒီလိုနဲ့ တစ်နေ့ကျတော့ သူ ခရီး တစ်ခု အသွား ရထားပေါ် တက်ရော၊ ရထားကလည်း ထွက်ခါစ ဆိုလား ဖြစ်နေတော့ အမှတ်တမဲ့ သူ့ဖိနပ် တစ်ဖက် ကျွတ်ကျ ကျန်ခဲ့တယ်တဲ့၊ ပြန်ဆင်းကောက်လို့လည်း မရတော့ဘူးလေ၊ အဲဒီအခါမှာ သူ ဘာလုပ်သလဲ သိလား၊ သေသေချာချာ နားထောင်နော်၊ သူ့ခြေထောက်မှာ စီးလျက်သား ပါလာတဲ့ ဖိနပ် တစ်ဖက် ကို ချွတ်ပြီး ဟိုကျကျန်ရစ်ခဲ့တဲ့ ဖိနပ်နားကို လှမ်းပစ်ချထားခဲ့တယ် ဆိုပဲ၊ အဲဒီတော့ ရထားပေါ်က လူတွေက ဂန္ဒီကြီးကို မေးတာပေါ့၊ ဘာလုပ်တာလဲ ဘာညာ ဆိုတော့ သူက ပြန်ဖြေတယ် ကျွတ်ကျ ကျန်ခဲ့တဲ့ ဖိနပ် တစ်ဖက် ကို ကောက်ရတဲ့ လူဟာ တစ်ဖက်တည်းဆို ဘာမှ အသုံးမကျမှာမို့လို့ နောက်တစ်ဖက်ပါ ရသွားရအောင် ပစ်ထားခဲ့တာ ဆိုပဲ၊ တစ်ရံလုံး ရသွား တော့ စီးသွားလို့ ရတာပေါ့လို့ ဖြေတယ်တဲ့၊ မင်းတို့ ကြည့်စမ်း၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် စိတ်ထား ကောင်းလိုက်သလဲ ဆိုတာ ငါတို့လည်း တစ်ခါတလေ ဖိနပ် ကျွတ်ကျ ကျန်ခဲ့ဖူးတာပဲ၊ တစ်ခါမှ သူ့လို မတွေးမိဘူး မဟုတ်လား၊ ဒီတစ်ခါ ဖြစ်ရင်တော့ အဲဒီလို သတိထားပြီး ကောင်းမှုလေး တစ်ခု ဖြစ်အောင် လုပ်ရမယ်' ဟု သူ ဖတ်လာသော မဟတ္တမဂန္ဒီကြီး၏ ဖိနပ်တစ်ရံ အကြောင်းကို အဆုံးသတ်လေ၏။

နားထောင်နေသော ပိန်းဥများမှာ စိတ်မဝင်စားသလို ဟန်လုပ်နေသော်လည်း မဟတ္တမဂန္ဒီ၏ ကောင်းမွန်လှသော စိတ်ထားကို လွန်စွာ အားကျ၍ သူတို့လည်း ကြုံလျှင် ထိုသို့ ပြုမူမိရန် ကြံကြလေသည်။ သို့သော် ပါးစပ်က ထုတ်ဖော်၍ အားရပါးရ ထောက်ခံမိပါက ထိုအကြောင်း ပြောပြနေသော 'ပိန်းမဲ့ဥရှည်' သည် သူ့စကား သူများ ထောက်ခံလျှင် လွန်စွာ ရောင့်တက်၍ သုံးလေးရက် ဆရာကြီး လုပ်နေတတ်သဖြင့် အကြောင်းသိသော ပိန်းဥများ အချင်းချင်း ပါးစပ်နှင့် မထောက်ခံဘဲ စကားလမ်း လွှဲ၍ စိတ်ထဲမှာသာ စေးမှတ်ထားကြလေသည်။ ထို့အပြင် ပိန်းဥများ စဉ်းစားသည်မှာ ထိုဖိနပ် ကိစ္စနှင့် ပတ်သက်သည့် ကောင်းမှုကို သူများ အရင် မိမိ ပြုရသော် အချင်းချင်းကြား မိမိ အရင် မျက်နှာရမည် ဖြစ်၍ နောက်တစ်နေ့ မိုးလင်းသည်မှစ ဘတ်စ်ကား ဖြစ်စေ၊ ရထား ဖြစ်စေ ပတ်စီးပစ်မည်။ တစ်ချိချိတော့ ကျိန်းသေ ဖိနပ် ကျွတ်မှာပဲ မကျွတ်လည်း တစ်ဖက်ဖက်ကို အတင်း ချွတ်ချထားခဲ့ပြီး နောက်တစ်ဖက်ကို လှမ်းပစ်၍ ဖိနပ် အလှူ လုပ်လိုက်မည်ဟု အသီးသီး ကိုယ်စီ ကြိတ်၍ ကြံလေ၏။ ထိုသို့ဖြင့် နောက်နေ့များတွင် ပိန်းဥတို့သည် အမျိုးမျိုး ဖြစ်ပျက်ကြရာ အောက်ပါအတိုင်း ရှိလေတော့၏။

နေရာတကာ နမော်နမဲ့ နိုင်လှသော ပိန်းဥ တစ်လုံးသည် ထိုကိစ္စ ကြားသော် ပြုံး၏။ ထိုဖိနပ် အလှူ ကိစ္စသည် သူ့အတွက် မဆန်း။ သူသည် နေရာတကာ ဖြဲလရမ်းကောင် ဖြစ်၏။ ရှုစိ ရှုစိ နမော်နမဲ့နှင့် အမြဲ ဆတ်စလူး ထနေသူ ဖြစ်ရာ ရထား စီးစီး ကားစီးစီး ဆယ်ခါ တစ်ခါ ဖိနပ် ကျွတ်ကျတတ်၏။ ပြန်ကောက်၍ ရလျှင် ပြန်ကောက်၊ မရလျှင် ဖိနပ် တစ်ဖက်တည်းနှင့် ဒီအတိုင်း ဆက်သွားနေကျ၊ ရထား စီးမှ ကားစီးမှ မဟုတ်၊ တစ်ခါတုန်းက လမ်းလျှောက်နေရင်းပင် 'ရှလွတ်'





ဆိုပြီး ဖိနပ် ကျွတ်ကျန်ခဲ့၍ ပြန်လှည့်စီးရဖူး၏။ သို့ဖြစ်ရာ ဤနေရာ ဤကိစ္စတွင်တော့ အခြား ပိန်းဥများ သူ့ မယှဉ်နိုင်။ အိတ်စပီးရီးရင့်မှာ သူက တစ်ဝကြီး သာသည်။ သူ နှုတ်ခမ်း ထောင့်စွန်း တစ်ဖက်တည်း တွန့်ခနဲ တစ်ချက် ပြုံးမိ၏။ 'ကြည့်ကြသေးတာပေါ့ ဘယ်သူ အရင် ဖိနပ် လှူနိုင်မလဲ' ဟုလည်း စိတ်ထဲ ကြုံးဝါး၏။

နောက်တစ်နေ့ မနက် နေပင် မထွက်သေး။ မှုန်တိမှုန်ဝါး အရုဏ်တက်မှာပင် သူ အိမ်က ထွက်ခဲ့၏။ အိတ်ကပ်ထဲတွင် ဘတ်စ်ကားခ၊ ရထားခ အလုံအလောက် စရိတ်ကို သူ့ မုန့်ဖိုးနှင့် ဘယ်လိုမှ မလောက်။ ထို့ကြောင့် နတ်ကွန်း အုန်းသီးကြား သူ့အဘွား 'ကိုး' ထားသော ပိုက်ဆံများ နတ်ကို တောင်းပန်၍ သူ ယူလာ၏။ တွေ့ရာ တက်စီးမည်၊ စီးလျှင် ကျွတ်မည်၊ ကျွတ်သော် ပြန်မည်၊ မကျွတ်သော် ဆက်စီးမည်၊ ထိုသို့ တွေး၍ လမ်းထိပ် ကားဂိတ်သွား လာရာကား တက်စီးရန် စောင့်၏။ ကား တစ်စီးလာသည်။ မနက် အစောကြီး ဈေးကြို့ကား ဖြစ်၍ ချောင်၏။ အေးအေးဆေးဆေး မောင်း၏။ သူ ကားပေါ် တက်တာ အေးဆေး ရပ်ပေးထား၏။ ထို့ကြောင့် ဖိနပ် မကျွတ်ကျ။ မကျွတ်ကျ၍ သူ မကျေနပ်။ ရှေ့မှတ်တိုင် ရောက်သော် ပြန်ဆင်း၍ နောက်ကားတစ်စင်း စောင့်လေ၏။ စပယ်ယာက ဘာကောင်လဲဟု ကြည့်သွား၏။

နောက်တစ်စင်း လာပြီ။ ဒရောသောပါး မောင်းချလာ၍ သူ အားရ၏။ မှတ်တိုင်တွင် ရပ်၍ ကျန် အဒေါ်ကြီး နှစ်ယောက်နှင့် သူ့ကို မြန်မြန်တက်ဟု လော၏။ အဒေါ်ကြီး နှစ်ယောက်ကို အရင် တက်ရန် သူ လမ်းဖယ်ပေးလိုက်သည်။ သူသည် စပယ်ယာ လူငယ်နှင့် ရွယ်တူလောက် ဖြစ်၍ လိုင်းကား စီးနေကျ ရပ်လည်း ဖြစ်သဖြင့် သူတို့ အရွယ် ယောကျ်ားလေးကို အဆင်း၊ အတက် ဘယ်ကားဆရာကမှ ပြွတ်ကျမှာ ဖြစ်။ ထို့ကြောင့် အဒေါ်ကြီး နှစ်ယောက် တက်ပြီးသော် 'မောင်း' ဟု ခေါ်၍ ဝူးခနဲ ကားထွက်မည်။ ထိုအခါ သူ လွှားခနဲ ခုန်တက်လိုက်သည်။ အပြေးအလွှား လုပ်လျှင် သူ့ ထုံးစံ အတိုင်း ဖိနပ် ကျွတ်ကျနေကျ။ ထိုသို့ ဖြစ်လျှင် အောင်ပြီဟု သူ တွေး၏။ သူ တွေးထားသည့်အတိုင်းပင် ဖြစ်လေသည်။ 'ဝူးခနဲ' ကားထွက်လေလျှင် လက်ကိုင်တန်းကို လှမ်းဆွဲ၍ သူ 'ကားခနဲ'



www.burmeseclassic.com

www.burmeseclassic.com



ခုန်တက်လိုက်၏။ ထိုအခါဝယ် ရေအိုင်ထဲ တမင် ဖြတ်လျှောက်လာသဖြင့် ချောနေသော သူ၏ ရာဘာ ဖိနပ် တစ်ရံ အနက်မှ ညာဘက် တစ်ဖက်သည် ခြေထောက်မှ အောင်မြင်စွာ ကျွတ်ထွက်ကာ လက်ပြ နှုတ်ဆက် ကျကျန်ခဲ့လေတော့သတည်း။ သူ ဝမ်းမြောက်လှ၏။ ခါတိုင်းလို ဖိနပ် ကျသွားလို့ ဘာညာ ထမအော်။ နောက်တစ်ဖက်ကိုသာ အလျင်အမြန် ချွတ်၍ ကန်ချထားခဲ့၏။ စပယ်ယာလည်း မသိလိုက်။ ကားပေါ်မှ အခြားလူများလည်း ကိုယ့် အတွေးနှင့် ကိုယ်မို့ သူ ဘာလုပ်လိုက်သလဲ ဘယ်သူမှ စိတ်မဝင်စား။ မြင်လည်း အလွယ်တကူ မမြင်နိုင်လောက်။ အဘယ်ကြောင့် ဆိုသော် သူသည် ဒိုင်နာကား အမျိုးအစား၏နောက် အတက်အဆင်း ခြေနင်းပေါ်မှာသာ ရှိနေသေးသောကြောင့် ဖြစ်၏။ ဖိနပ် အလှူကိစ္စ စောစီးစွာ ဖြစ်မြောက်လေပြီ။ သူ အမျိုးမျိုး ပီတိ ဖြစ်လျက် ဝမ်းသာနေသဖြင့် နောက်နှစ်မှတ်တိုင်လောက် ကားနှင့် ပါသွားသေး၏။ ပြီးမှ သတိရ၍ ကပျာကယာ ပြန်ဆင်းကျန်နေခဲ့ရသည်။ အချိန်ကား ဝေလီဝေလင်း မသဲမကွဲ မနက်။ သူ့ အပြန် ခရီးကို ကားပင် မစီး။ သုံးလေးမှတ်တိုင်စာကို ခေါင်းမော့ ရင်ကော့၍ ပျာယာပျာယာ ခြေဗလာနှင့် ပြန်ခဲ့သည်။ ဟိုကောင်တွေ ဖိနပ် အလှူ ထွက်လျှင် ရပ်ကွက်ထိပ်က ပိတ်စောင့်၍ ဆီး ဆီးကြွားပစ်လိုက်မည်ဟု အကြံရလျှင် ပို၍ ရွှင်ပျသွားပြီး လေများတောင် ချွန်လိုက်မိလေသည်။ သို့သော် ...

သူ တစ်ခု မသိလိုက်သည်မှာကား မှုန်တိမှုန်ဝါး အလင်းရောင် ရှိသည့် မနက် အစောကြီးတွင် အိမ်ရှေ့ ကပြင် ဖိနပ်ချွတ်မှ ဖိနပ် အများကြီးကြား ပျာယာပျာယာနှင့် သူ စီးချလာ၍ ကားပေါ်မှ ကန်ချခဲ့သော ရာဘာ ဖိနပ် နှစ်ဖက်မှာ တစ်စုံသာ ဖြစ်၍ တစ်ရံ မဟုတ်။ ညာတစ်ဖက်သည် သဲကြိုး အနီရောင်တပ် သူ့ဖိနပ် ဖြစ်၍ ဘယ်တစ်ဖက်မှုကား သဲကြိုး အပြာရောင်တပ် သူ့အစ်ကို ဖိနပ်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။ ထိုသို့ဖြင့် ထိုနမော်နမဲ့ ပိန်းဥ၏ ဖိနပ် အလှူဒါနမှာ ထင်သလို အဆင်မပြေတော့ဘဲ သူ ကန်ချခဲ့သော တစ်ရံကို ကောက်ရသူ ရှိရင်တောင် အနီ တစ်ဖက် အပြာ တစ်ဖက်နှင့် ဘယ်လိုမှ အဆင်မပြေရုံမျှမက အိမ်မှာ ကျန်ခဲ့သည်ကပါ ထိုကဲ့သို့ ကျွဲတစ်ဖက် နွားတစ်ဖက်ကြီး ဖြစ်နေ၍ ဖိနပ် နှစ်ရံလုံး ဆုံးသည်





သာ မြတ်ရှာလေသတည်း။

ပိန်းဥ နောက်တစ်လုံးမှာ မုတ်ဆိတ်နှင့် ဖြစ်၏။ စကား ပြောလျှင် ဝဲတဲ ဝဲတဲနှင့် ခေါင်းလေး တခါခါ ပြောတတ်၏။ သူသည် ဖလော်ဆော်ဖာခေါ် အတွေးခေါ်သမားဟု သူ့ကိုယ်သူ ထင်နေလေသည်။ ဤဖိနပ် ကိစ္စဗဟုသုတကို စာသိပ်မဖတ်သော ပိန်းမဲဥ ပြောမှ သူ သိရသည်ကို သူ မကျေနပ်။ သူသည် အရာရာ နှံ့စပ်ပါလျက် ဒီကိစ္စ ဟိုကောင် ပြောပြမှ သိသည်မှာ မဖြစ်သင့်ဟု သူ ထင်၏။ သို့သော် ဤအလှူလေး မွန်မြတ်သည်ဟု သူ ကျေနပ်၍ ထိုကဲ့သို့ လှူဖြစ်ရန်လည်း သူ ရည်သန်၏။ တခြားကောင်တွေထက် အရင် လှူဖြစ်ချင်စိတ်တော့ ရှိသည်။ ဤတွင် သူ စဉ်းစားလေ၏။ ဤကိစ္စသည် လွယ်သည့် ကိစ္စတော့ မဟုတ်။ သေသေချာချာ လုပ်မှ ဖြစ်မည်။ မဟာတ္တမဂန္ဒီကြီးသည် ဤကိစ္စကို အိန္ဒိယတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်မည်။ သူသည် အိန္ဒိယတွင် နေထိုင်သူ မဟုတ်။ ထို့ကြောင့် ရေခံ မြေခံ လွဲနေသည်။ တစ်ခုတော့ ရှိသည်။ မဟာတ္တမဂန္ဒီကြီးသည်လည်း အိန္ဒိယတိုင်းသား၊ သူသည်လည်း ထိုအနွယ်ဖွား ဖြစ်သည်။ လူမျိုးချင်း ခပ်ဆင်ဆင် ရှိ၍ ထိုကိစ္စတွင် သူ အောင်မြင်နိုင်သည်ဟု ကောက်ချက် ရလေသည်။

အသေးစိတ် စဉ်းစားစရာများ ကျန်သေးသည်။ ဂန္ဒီကြီး ကျွတ်ကျကျန်ခဲ့တာ ဘာအမျိုးအစား ဖိနပ်မှန်း သူ မသိ။ သိသည့်တိုင်အောင်လည်း ထိုအမျိုးအစားက သူ့ ပတ်ဝန်းကျင်တွင် ဝယ်လို့ လွယ်ချင်မှ လွယ်မည်။ သေချာတာ တစ်ခုကတော့ ကျွတ်လွယ်သော ဖိနပ်မျိုး ဖြစ်နိုင်သည်။ ဖိနပ် အမျိုးအစား အရင် စုံစမ်း၍ အိန္ဒိယရှိ သူ့အမျိုးများကို လှမ်းမှာပြီး ဖိနပ် ရမှ လက်တွေ့ ကွင်းဆင်းရသော် ကောင်းမလား။ နောက်တစ်ချက် ရှိသည်က ဂန္ဒီကြီး ဖိနပ် ကျွတ်သော ကိစ္စ ဖြစ်စဉ်က အသက်အရွယ် အတော် ကြီးနေပြီလား။ ဒါ စဉ်းစားရမည့် ကိစ္စ ဖြစ်သည်။ သူသည် ဖျတ်လတ် သန်မာသော အရွယ် ဖြစ်၍ ဖိနပ် မြဲသော်လည်း ဂန္ဒီကြီးသည် ဖိနပ် ကျွတ်ချိန်တုန်းက အိုမင်းမစွမ်းမို့ ဖိနပ် မမြဲ၍ ကျွတ်ကျသလား။ ဒါဆို အဘိုးကြီး ဖြစ်အောင် စောင့်ပြီးမှ လုပ်ရင်ကော။ ဒီလောက်ကြီးတော့လည်း သူ မစောင့်နိုင်။ နောက်တစ်ခု ရှိတာက ဂန္ဒီကြီး၏ ဘယ်ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



က ဖိနပ် ကျွတ်ကျမှန်း မသိ။ ဘယ်ဘက်လား။ ညာဘက်လား။ ဘယ်ဘက် ခြေထောက်က ဖိနပ် ကျွတ်ကျသည် ဆိုလျှင် ညာဘက် ခြေထောက်နှင့် ရထားပေါ် လှမ်းတက်ခြင်းလား။ အဲဒီခေတ် သူတို့ တိုင်းပြည်က ရထား တွေရဲ့ အတက် အဆင်း လှေကားတွေ ဘယ်လောက် မြင့်၍ ဘယ်နှထစ် ရှိသလဲ။ စဉ်းစားစရာတွေ တစ်လှေကြီး ပေါ်လာသည်။ လက်တွေ့ လေ့လာ သုတေသန ပြုစရာတွေလည်း တဝကြီး ရလာ၏။ အခန့်မသင့် တိုက်ဆိုင် လျှင် 'လူတစ်ယောက်၏ ခြေထောက် တစ်ဖက်သည် နောက်တစ်ဖက် လောက် ဖိနပ်ကို ထိန်းသိမ်းနိုင်စွမ်း မရှိ' ဟူသော ခန္ဓာဗေဒ သီအိုရီသစ် တစ်ခုကိုတောင် သူ ဖော်ထုတ် တွေ့ရှိ၍ ကမ္ဘာကျော်သွားနိုင်သည်။ ကမ္ဘာ့ ဖိနပ် ဈေးကွက်ကြီးလည်း သူ့ကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား နိုင်၏ စသည်ဖြင့် အမျိုးစုံ လျှောက်တွေးနေ၍ ဖိနပ် ကိစ္စ ခဏ မေ့သွားပြီး နောက် အတော်ကြာမှ သတိ ပြန်ရရာ ပြန်စဉ်းစား၏။ နောက်ဆုံး ကောက် ချက်များ ရ၍ မဟာဗျူဟာ နည်းဗျူဟာများ ချမှတ်ပြီးသော် သူ့ကိုယ်သူ ကျေနပ်သွားလေသည်။ ဖိနပ်သည် လွန်စွာ ကျွတ်လွယ်သော အမျိုးအစား ဖြစ်ရမည်။ ထွက်ခါနီးဆဲဆဲ ယာဉ်တစ်စီးစီးပေါ် အတက်ဒွဲသာ ကျွတ်ရမည်။ အဆင်းတွင် ကျွတ်၍ ထိုယာဉ်ပေါ် ဖိနပ် တစ်ဖက် ပါသွားသော် နောက် တစ်ဖက် ချွတ်၍ လိုက်ပစ်တင်ပါက ယာဉ်ကို ဖိနပ်နှင့် လိုက်ပေါက်သလို ဖြစ်၍ အဓိပ္ပာယ် မရှိ။ စီးမည့် ယာဉ်အမျိုးအစားနှင့် အတက် အဆင်း ပြုလုပ်မည့် နေရာကို သတ်မှတ်ပြီးသော် သူ့ အစီအစဉ်ကို နောက်တစ်နေ့ တွင် အကောင်အထည် ဖော်လေသည်။

နောက်တစ်နေ့ မနက် ဈေးဖွင့်ချိန်တွင် ဈေးထဲသို့ သူ သွား၏။ ကုန်စုံဆိုင်တွင် သူ့ဖိနပ် အလှူ စီမံကိန်း လက်နက် ကိရိယာ တပ်ဆင်မှု တွင် လိုအပ်သည့် ခုံဖိနပ် တစ်ရံ၊ စားအုန်းဆီ ငါးကျပ်သား တိတိ ဝယ် လေသည်။ ထို့နောက် အိမ်ပြန် ရေမိုးချိုး၍ အပြင် ထွက်ရန် ရယ်ဒီ လုပ်ပြီးသော် တံခါးဝတွင် ကျကျနန ထိုင်၍ ခုံဖိနပ် နှစ်ဖက်လုံးကို စားအုန်း ဆီများ ဝနေအောင် သုတ်လေ၏။ ကောင်းလှသော အတွေးအခေါ်ပင်တည်း။ သူ ဒါန ပြုရန် ရည်သန်သော ဖိနပ် နှစ်ဖက်မှာ မည်မျှ ကျွတ်လွယ်၍ ခြေမမြဲသနည်း ဟူသော် သူ့ အိမ်ရှေ့ သံမံတလင်း ပြောင်ပြောင်ဝယ်





ဆီသုတ်ထားသော ခုံဖိနပ် နှစ်ဖက်ကို သူ တက်စွပ်၍ အစမ်း လမ်းလျှောက် ကြည့်လေလျှင် တဖိုင်းဖိုင်းနှင့် သုံးလေးခါမက ဖိနပ်လည်း ခြေမှ ကျွတ်၍ လူလည်း ခြေလွတ် လက်လွတ် လဲသော ဟူ၏။ မခံနိုင်လွန်းတော့မှ သဲ အနည်းငယ် ပွတ်ပြီး စီးသော် စီး၍ ရလေသည်။ ထို့နောက်မှ ကျေနပ်သွား၍ ကားဂိတ်ဘက်သို့ ထွက်လေသည်။

သူက ဤသို့ အကွက်ချထားသည်။ မြို့ပတ် ရထားများသည် အန္တရာယ် ဖြစ်မှာ စိုး၍ ဖြည်းဖြည်းသာ မောင်းကြ၏။ နောက် ဘူတာ သည် သူတို့ အိမ်နှင့် တော်တော် ဝေးသည်။ သည်ခုံဖိနပ် ချော်လချွတ်ကြီး နှင့် ဘူတာရုံအထိ သူ မလျှောက်နိုင်။ ထို့ကြောင့် ရထား မစီး။ လိုင်းကား သာ သွားစီးမည်။ ကားစီးရာတွင်လည်း သူတို့ ရပ်ကွက်ထိပ် ကားမှတ် တိုင်တွင် မစီးချင်။ ထိုမှတ်တိုင်တွင် ရပ်ကွက်ထဲက မျက်နှာသိများချည်း ရှိ၏။ ကိုယ့်သိသူများ ရှေ့တွင် ကိုယ့် ကိစ္စ အဆင်ပြေသော် ကိစ္စ မရှိ။ မတော် ကားပေါ် အတက် ဖိနပ် မကျွတ်ဘဲ ချော်လဲနေလျှင် ဝိုင်းဟားခံရ၍ ရပ်ကွက်ထဲ အလကားသက်သက် အရှက်ရနိုင်သည်။ ထို့အပြင် ဟိုကောင် တွေ ပြန်ကြား၍ ဝိုင်းဟားခံရတာ ပိုနာစရာ ဖြစ်မည်။ ထို့ကြောင့် လမ်းထိပ် ရောက်သော် တက္ကစီ ငှားကာ သူ သွားချင်သော အခြား လိုင်းကား မှတ်တိုင် တစ်ခုသို့ လစ်လေ၏။ မှတ်ဆိတ် ပိန်းဥ ရောက်သွားသော ကားမှတ်တိုင်သည် သူ လိုချင်သော ပုံစံနှင့် ကွက်တိ ဝင်လေသည်။ ထိုမှတ်တိုင်သည် မှတ်တိုင်ကြီး တစ်ခု ဖြစ်၍ လူလည်း များ၏။ ဈေးသည် များလည်း ရှိ၏။ လိုင်းကား မျိုးစုံ ဝင်လာလိုက်၊ ရပ်လိုက်၊ ထွက်သွားလိုက် နှင့် တကယ် စည်သော နေရာ ဖြစ်သည်။ ကားကြီး တစ်စီး ဆိုက်လာသည်။ လူအများနှင့် အတူ သူလည်း တိုးဝှေ့၍ ကားပေါ် တက်၏။ သို့သော် ခြေနင်းခုံသည် အနည်းငယ် မြင့်၍ အားရပါးရ သူ လှမ်းတက်သော ကျွတ်လွယ်လွန်းသော သူ၏ အဖိုးတန် ခုံဖိနပ်သည် တစ်ဖက်သာ မဟုတ်၊ နှစ်ဖက်လုံး အောက်တွင် နေရစ်ခဲ့၏။ သူ ရည်ရွယ်သလို မဖြစ်သေးခင် ခုံဖိနပ် အဆုံး မခံနိုင်သောကြောင့် ကားပေါ် ရောက်ပြီး အတင်း တိုးဝှေ့ ကာ ပြန်ဆင်းလာပြန်သည်။ အခုတင် တက်ပြီး အခုပဲ အတင်း ပြန်တိုးဆင်း သဖြင့် စပယ်ယာနှင့် ခရီးသည်များ ဝိုင်းမေတ္တာပို့ကြ၏။ သူကမူ 'ဟရေး



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ် ကျန်နေတယ်နော်' ဟုသာ ပြန်အော်၏။ အမှန်မှာ ထားခဲ့လိုက်ရင်လည်း လိုချင်၍ လာကောက်သူမှာ တစ်ရံလုံး ရ၍ ကိစ္စက ပြတ်နေပြီ ဖြစ်သည်။ သို့သော် ထိုသို့ သူ မတွေး။ စိတ်ရှုပ်ရှုပ်နှင့် ဖိနပ် ပြန်ရှာစီး၍ နောက်ကားတစ်စီး အလာ စောင့်ပြန်၏။

ဒီတစ်ခါ လာသော ကားမှာ ဟိုင်းလက် ကားသေး ဖြစ်၏။ အနည်းငယ် ချောင်၏။ သူ တက်မည် ပြုလေသည်။ သို့သော် ကားက လူခေါ်နေသေးသဖြင့် ခေတ္တ ရပ်ထား၏။ သူလည်း တက်မည် လုပ်ပြီးမှ ယောင်ပေပေနှင့် မတက်သေးဘဲ ရပ်နေ၏။ ဒီလောက်တော့ သူ တွက်တတ်သေးသည်။ သူ ကားပေါ်တက်၊ ဖိနပ် တစ်ဖက် ကျွတ်ကျန်လျက် နောက်တစ်ဖက်ကို သူက ချွတ်ပစ်ချလိုက်ပြီးမှ ကားက မထွက်သေးဘဲ ရပ်ထားလျှင် ဖိနပ် ဆင်းကောက်ပြန်လည်း သူ့ကိစ္စ အချည်းနှီး ဖြစ်၍ မကောက်ဘဲ ဒီအတိုင်း ငုတ်တုတ် ကားပေါ် ထိုင်နေလျှင်လည်း သူ့လုပ်ရပ် ပေါ်တင်ကြီး ဖြစ်နေလိမ့်မည်။ စပယ်ယာကမူ 'အစ်ကို လာလေ ထိုင်စီးရမယ်' ဟု ခေါ်၏။ သူက မကြားယောင် ဆောင်၍ ယီးတီးယားတား လုပ်နေလေသည်။ 'ကား ထွက်တယ်နော် တစ်ခါတည်း ဆွဲတက်လိုက်မယ်' ဟုလည်း အားခဲထား၏။

တကြော်ကြော် ခေါ်၍ လူ သိပ်မရသော် ကားသည် ထွက်လေတော့၏။ ကားထွက်သော် သူသည် လေ၏ အလျင်ဖြင့် ရုတ်တရက် လက်ကိုင်တန်းကို ဖတ်ခနဲ ဆွဲ၍ ခုန်တက်လေသည်။ စပယ်ယာပင် လန့်သွားသေး၏။ ရည်ရွယ်ထားသော ကိစ္စမှာ သူ့ စိတ်တိုင်းကျ ဖြစ်လာ၏။ ညာဘက် ခုံဖိနပ် တစ်ဖက်သည် သူ့ ခြေမှ ပြွတ်ခနဲ ကျွတ်၍ ကျန်ခဲ့၏။ သူသည် ကား လက်ကိုင်တန်းကို လက်တစ်ဖက်ဖြင့် ကိုင်၍ ကျန်လက်နှင့် ဘယ်ခြေမှ ဖိနပ်ကို ကုန်းချွတ်ကာ နောက်သို့ အားကုန် ပစ်လိုက်လေသည်။ သို့သော် ကားသည် ဘီးလိမ့်ရုံသာ ရှိ၍ အသာလေး ချွတ်ချထားခဲ့ရင်တောင် ဖိနပ် တစ်ဖက်နှင့် တစ်ဖက် လေးငါးလှမ်း အကွာလောက်သာ ရှိ၏။ နောက်တစ်ချက်မှာ သူ ဖိနပ် ကျွတ်ကျန်ခဲ့သည်ကို စပယ်ယာ မြင်၍ 'ဟိုးထား အစ်ကိုရေ' ဟု အော်သဖြင့် ကား ပြန်ရပ်သွားလေသည်။ မရပ်သည်မှာ ကား သူ အားကုန် ပစ်ထည့်လိုက်သော ခုံဖိနပ် တစ်ဖက်သည် ကား





စောင့်နေကြသော ခရီးသည် တစ်စု၏ ခေါင်းပေါ်မှ 'ဝီခနဲ' ကျော်သွားကာ ရေခဲရေသည် ပုံးထဲ 'ဂလုန်း' ခနဲ ဝင်သဖြင့် အဆီ တဝေ့ဝေ့နှင့် ရေကူးနေပြီ ဖြစ်၏။ ဤတွင် သိပ်ရောင်းမကောင်းရသည့် ကြားထဲ ခုံဖိနပ် ပစ်ထည့်ခံရ၍ ရေခဲရေသည် မိန်းမကြီးသည် ဒေါ်အပွကြီး ပွကာ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ကားနား ကပ်လာပြီး သူ၏ မုတ်ဆိတ်ကို ကိုင်ကာ ကားပေါ်မှ ဆွဲချရင်း ပါးစပ်ကလည်း 'လာခဲ့စမ်း ဒီနှာခေါင်းရှည်၊ သူများ စီးပွားကို တုတ်နှင့် မွှေရအောင် နင်က ဘာကောင်တုန်း၊ လျော်စမ်း မလျော်လို့ကတော့ အုံလိုက် နှုတ်ပစ်မယ်' စသဖြင့် ပယ်ပယ်နယ်နယ် ကြိမ်းမောင်း အော်ဟစ်လေတော့ရာ သူ့ သတိထားမိ၍ ကြည့်မရ ဖြစ်နေသော ငုံးဥသည်ကလည်း …

'ဒီအကောင် ခုနကလည်း ကားပေါ် တက်သွားပြီးမှ ကိုးရို့ကားယားပြန်ဆင်းလာတယ်၊ အခုလည်း စပယ်ယာ ခေါ်နေတုန်းက မသိချင်ယောင်ဆောင်နေပြီး ကားထွက်မှ သေပြေး ရှင်ပြေးနဲ့၊ မဟုတ်မှလွဲရော ခါးပိုက်နှိုက် ဖြစ်မှာပဲ' ဟု အချွန်နှင့် မလေတော့၏။ ကျန်လူတစ်ယောက်၊ နှစ်ယောက်ကလည်း ဟော့ကောင် ဘာလဲ ဘာညာနှင့် တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပါလာ၍ ဆွမ်းကြီးလောင်းချင်သလိုလို တပြင်ပြင် ဖြစ်လာကြသော်ငြား သူမူကား အမွေး ဆွဲခံထားရ၍ 'အဘား အဘား' သာ အော်နိုင်ရှာလေသတည်း။

တတိယ ပိန်းဥ တစ်လုံး၏ အစီအစဉ်မှာမူ ပီပီပြင်ပြင် အကောင်အထည် ပေါ်လေသည်။ မနက် စောစော ခြောက်နာရီလောက် ထကာ ဂန္ဓိကြီး၏ ဖိနပ် တစ်ရံ ကိစ္စမှ အားကျ၍ ပေါ်ပေါက်လာသော ဖိနပ် အော်ပရေးရှင်းကို လုပ်ငန်း စလေသည်။ အိမ်မှ ထွက်၍ ကားမှတ်တိုင်ရောက်လေလျှင် စီးရန် ကားကို အေးအေးပင် စောင့်၏။ သူသည် မှာ သမားဟု သူ့ကိုယ်သူ သတ်မှတ်ထားပေရာ စနစ်တကျ အစီအစဉ်ချထား၏။ ဤဖိနပ် ကိစ္စ အကောင်အထည် ဖော်ရန် မနက် ခြောက်နာရီတွင် အိမ်မှ ထွက်မည်။ မှတ်တိုင်တွင် လာရာကား တက်စီးမည်။ သို့သော် စီးရမည့် ကားသည် ဟိုင်းလက် ဒိုင်နာနှင့် ဘတ်စ် အမျိုးအစား ကားများသာ ဖြစ်သင့်သည်။ မှန်လုံ ကားများမှာ ဖိနပ် တစ်ဖက် ကျွန်လျှင် နောက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ချရန် မလွယ်ဟု သူ ယူဆ၏။

ဤသို့ဖြင့် သူ့အကြိုက် ကားတစ်စီး ဆိုက်လာရာ သူ တက်လေ၏။ သို့သော် ဖိနပ် မကျွတ်။ ဘယ်ရမလဲဟု စိတ်တွင် ကြုံးဝါး၏။ သုံးမှတ်တိုင် မြောက်တွင် ပြန်ဆင်း၍ နောက်တစ်စင်း စောင့်၏။ လာသော် တက်စီးပြန်၏။ ခြေထောက် နှစ်ချောင်းမှာ သူ့ အကာအကွယ် ဖိနပ် နှစ်ဖက်ကို တစ်သက်လုံး ထိန်းသိမ်းလာနေကျ ဖြစ်၍ လွယ်လွယ်နှင့် ကျွတ်မကျ။ ထိုသို့ဖြင့် တက်စီးလိုက်၊ ဖိနပ် မကျွတ်၍ ပြန်ဆင်းလိုက်၊ နောက်တစ်စီး လာသော် ပြန်တက်လိုက် မကျွတ်ပြန်သဖြင့် ပြန်ဆင်းလိုက်နှင့် စစီးရာ မှတ်တိုင်မှ တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားလေသည်။ နောက်ဆုံး တော်တော် ခေါင်သော နေရာလောက် အထိ ရောက်သွားရာ လူလည်း ညောင်း၊ ဗိုက်လည်း ဆာသဖြင့် နီးရာ လက်ဖက်ရည်ဆိုင် တစ်ခုတွင် ခဏ ထိုင်နား၊ ဗိုက်ထဲမှ ပိုးမျိုး ရှစ်ဆယ်တို့ကို ပေါက်စီ နှစ်လုံးနှင့် ပြုစု အချိုသတ်၍ ဖိနပ် နှစ်ဖက်ကိုလည်း ကျိန်ဆဲကာ နောက်ကြောင်း ပြန်၍ ဆင်းလိုက် တက်လိုက် စီးလာပြန်လေသည်။ တစ်ချိတွင်မူ သူ စီးရန် ရည်ရွယ်ထားသော လိုင်းကား ဟိုင်းလက် တစ်စီး သူ့ရှေ့ ဆိုက်လာ၏။ ဆင်းသူဆင်း တက်သူ တက်ကြ၍ ကားထွက်သော် သူလည်း တက်လိုက်၏။ သို့ရာတွင် သူ့ နောက်မှ ကသောကမျော တက်သော ခရီးသည် တစ်ဦးက သူ အတက်တွင် သူ့ဖိနပ် နောက်မြီး တစ်ဖက်ကို တက်နင်းမိ၍ ဖိနပ် ကျွတ်ကျန်ခဲ့လေ၏။ ဤတွင် သူလည်း ကျန်ဖိနပ် တစ်ဖက်ကို ခြေထောက်နှင့်ပင် ခပ်ချွတ်လျက် ပစ်ချထားခဲ့လေသည်။ စိတ်ထဲတွင်လည်း ဝဋ်ကျွတ်ပြီကွဟု သဘောကျ၍ ပြုံးစစ မျက်နှာပေး ရှိလေ၏။ ထိုအချင်းအရာ မြင်သော စပယ်ယာက

'ဘယ်လို လုပ်တာလဲ ငါ့ညီရာ၊ ပြောလိုက်ရင် အစ်ကိုတို့ ရပ်ပေးမှာပေါ့' ဟု ဆိုသော် ပိန်းဥက ပီတိဝေသော လေဖြင့် 'တစ်ဖက်တည်း ကောက်ရရင် မကောင်းဘူးလေဗျာ၊ တစ်ရံလုံး ရလိုက်တော့ စီးချင်လည်း စီးလို့ ရတာပေါ့' ဟု ဆိုလေသည်။ သူ့စကား ကြားရသူတို့က တလေး တစား ဝိုင်းကြည့်ကြလေ၏။ ကားအရှိန်လည်း နှေး၍ လမ်းကလည်း ဖြောင့်သည် ဖြစ်သောကြောင့် ဖိနပ် ချန်ထားသော နေရာကို လှမ်းမြင်နေရ





သေးရာ လှည့်ကြည့်မိသော စပယ်ယာက 'ဟိုမှာ ဟိုမှာ' ဟု ပြသဖြင့် မြင်ကြရသည်မှာ သူ ချန်ထားခဲ့သော ဖိနပ် တစ်ရံ အနက်မှ တစ်ဖက်ကို ခွေးပိန်မ တစ်ကောင်က ချီလျက် လမ်းတစ်ဖက်သို့ ကူးသွားလေ၏။ ဤသည်တွင် ပီတိ ဖြစ်မည်မှ မကြံရသေး။ ဖိနပ် တစ်ရံ ဆုံးရှုံး အပြင် ပြောပုံနှင့် ဖြစ်သွားပုံ လွဲ၍ အရှက်ကွဲကာ ဒေါသ ထွက်လှသော ပိန်းဥမှာ စဉ်းပင် မစဉ်းစား အသံနက်ကြီးဖြင့် 'ရပ် ရပ် အခု ရပ်' ဟု ကားဆရာကို တအား ကြုံးအော်၍ ခွေးမ နောက်သို့ ခုန်ချ ပြေးလိုက်လေသဖြင့် ကျန်ခရီးသည်များနှင့် စပယ်ယာပါ တဟားဟားနှင့် ကားမောင်း ထွက်ခွာသွားကြလေ၏။

အထက် ဖော်ပြပါ ပိန်းဥ သုံးလုံးသာမက အခြားသော ပိန်းဥများမှာလည်း ဖိနပ် တစ်ဖက် ပြဿနာနှင့် အမျိုးမျိုး ကြုံကြရသေးရာ စာရှည်မည် စိုးသဖြင့် အကျဉ်းရုံး တင်ပြရပါလျှင်

ဂင်တိုတိုနှင့် စိတ်တိုလွယ်သော ပိန်းဥ တစ်လုံးသည် သူတို့ တစ်သိုက် ကြိုက်၍ လိုက်လုပ်ဖြစ်ကြသော ဖိနပ် တစ်ဖက် ကိစ္စကို မြို့ပတ် ရထား စီးခြင်းအားဖြင့် ဖြေရှင်းရန် ကြံလေသည်။ ထိုအကြံဖြင့် နီးရာ ဘူတာရုံ တစ်ရုံဘက် လိမ့်သွား၏။ ရောက်သော် လက်မှတ် ဝယ်၍ ရထား အလာ ထိုင်စောင့်၏။ ရထားချိန်များကို မသိသလို သူ မလာခင် လေးတင်ကမှ ရထား တစ်စီး ထွက်သွားသည်ကိုလည်း မသိရာ ကြာကြာ စောင့်ရသော် စိတ်တိုလာလေ၏။ သို့သော် ဤကိစ္စ ဤတစ်ခါနှင့် ပြတ်ရန် သည်းခံ စောင့်လေသည်။ မြို့ပတ် ရထား ဝင်လာလေပြီး တက်ဆင်းရန် ရပ်လေသည်။ သူသည် တွဲတစ်တွဲနား ကပ်သွား၏။ သို့သော် မတက်သေး။ ရထား စထွက်မှ တက်လိုက်ရန် ကြံ၏။ ဖိနပ် တစ်ဖက်ကိုလည်း အသင့် ချွတ်ထားလျက် ပလက်ဖောင်းပေါ်တွင် ရှုတည်တည် ရပ်နေ၏။ ရထားသည် ဥသြဆွဲ၍ တဖြည်းဖြည်း စထွက်ခွာလေသည်။ သူသည် အသင့် ချွတ်ထားသော ဖိနပ် တစ်ဖက်ကို ထားခဲ့၍ ကျန်တစ်ဖက်ဖြင့် ရထားပေါ်သို့ လှမ်းတက်လိုက်လေ၏။ ထိုစဉ်မှာပင် ဆွေးနေပြီဖြစ်သော ဖိနပ် တစ်ဖက် လက်ကျန်သည် သူ ရထားပေါ်သို့ အောင့်ကြီးအောင့်ကြီး တက်လိုက်သောကြောင့် ခေါင်မှ ပြတ်၍ ဗတ်လောင်ကြီး ရှိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဖိနပ်ပြတ်ကြီး တစ်ဖက် လက်တွင် ကျန်လျက် အစီအစဉ်လည်း ပျက်ရလေသော ပိန်းဥဂင်တို့မှာ ထိန်းမနိုင် သိမ်းမရ ဒေါသ ထွက်လှသဖြင့် သူ့ဖိနပ်ပြတ်ကြီးကို ရထားတွဲ ကြမ်းပြင်နှင့် တဗုန်းဗုန်း ရိုက်လျက် ပါးစပ်ကလည်း အမျိုးမျိုး ကြိမ်ဆဲကာ ရထားပေါ် ပါလာလေတော့၏။ တွဲပေါ်တွင် အခြား ခရီးသည်များလည်း ပါလာကြသည် ဖြစ်ရာ အားလုံးက အခု ဘူတာမှ ဖိနပ်ပြတ်ကြီး တစ်ဖက်နှင့် တက်လာ၍ တဗုန်းဗုန်း တဗန်းဗန်း ပွဲကြမ်းနေသော ပိန်းဥကို အရူးဟု ထင်ကြလေတော့သည်။ ငယ်ငယ်ရွယ်ရွယ် လူရည်သန့်နှင့် သနားစရာ ရူးနေရှာတယ်ဟု ကြည့်ကြသော်လည်း နောက်တစ်ဘူတာ ဆိုက်သော် အားလုံး တွဲပြောင်းသွားကြလေတော့၏။ ဤသည်တွင်မှ တစ်ယောက်တည်း ကျန်သဖြင့် စိတ်တိုင်းကျ ကြဲနေသော ပိန်းဥကို မီးရထား ဝန်ထမ်းများ လာတားကြသည်တွင် ငြိမ်ကျသွား၍ နှာတပွပွနှင့် ဘူတာကြီး အထိ ပါသွားလေသတည်း။

ယောက်ျားတန်မဲ့ ပါးကွက် ကွက်တတ်သော ပိန်းဥ ဖြူဖြူ တစ်လုံးသည်လည်း ရထား စီး၍ အကြံကြီး ကြံလေသည်။ သို့သော် လူပုံ နွဲ့နွဲ့နှင့် ကြောက်လည်း ကြောက်တတ်သဖြင့် ရထား လာလျှင် ပြန်မထွက်ခင်ပင် အရင် တက်၏။ သို့သော် ရထားလည်း သိပ်မစီးဖူးသဖြင့် တုန်တုန်ယင်ယင် လုပ်မိသောကြောင့် သူတွင်မှ အမှန်တကယ် ဂန္ဓီကြီးလို ဖိနပ်တစ်ဖက် ကျွတ်၍ ရထား လမ်းဘေး ကျလေတော့သည်။ သို့သော် တစ်ယောက်တည်း ဖြစ်၍ ကြောက်လည်း ကြောက်သဖြင့် ရထား မထွက်ခင် ပြန်ဆင်း မကောက်ရဲ။ ခပ်ရှိုရှို ရပ်နေသည်။ ထို့ပြင် ကျန်သူ့လက်ထဲရှိ တစ်ဖက်ကိုလည်း လွှင့်မပစ်ရက်ဘဲ နှမြောနေသေး၏။ ရထား ထွက်လို့တော်တော် အရှိန် ရမှ စိတ်ဒုန်းဒုန်း ချကာ သူ့ခြေ တစ်ဖက်တွင် စွတ်လျက် ကျန်ခဲ့သော ဖိနပ်ကို ပြတင်းပေါက်မှ မျက်စိ မှိတ်၍ ပစ်ချလိုက်လေသည်။ ထိုအခါ သူ့ဖိနပ် နှစ်ဖက်သည် တစ်ဖက်နှင့် တစ်ဖက် ဓာတ်တိုင် အတိုင် နှစ်ဆယ်မျှ ကွာသွားပြီး ဖြစ်ရာ ဘာမျှ အကျိုးထူး ဖြစ်မလာဘဲ ဆုံးတာသာ အဖတ်တင်လေသည်။ ထိုသည်သာမက ယောက်ျားလေးတန်မဲ့ လူပုံကလည်း ခပ်နွဲ့နွဲ့ ဖြူဖတ် ဖြူရော် မျက်နှာလည်း အပျက်ပျက်၊ ဖိနပ် မပါ ခြေဗလာနှင့် ဖြစ်၍ မြို့ပတ် ရထား စီးနေကျ လူကြမ်း တစ်သိုက်က





တစ်ယောက် တစ်ခွန်း ဝိုင်းစကြ၍ ငိုကြီးချက်မနှင့် ဘူတာ တစ်ခုတွင် အတင်း ဆင်းကာ တက္ကစီငှား အိမ်ပြန်လာလေရာ ရထားမှ တက္ကစီ အကူး ပုလင်းကွဲ ခြေတွင် စူး၍ သုံးလေးရက် အပြင် မထွက်နိုင် ဖြစ်လေသည်။

ပိန်းဥ ငပျင်း တစ်လုံးမှာလည်း ဘော်ဒါတွေ အလယ် မျက်နှာငယ်မည် စိုး၍ ပျင်းသော်လည်း ဖိနပ် ကိစ္စ ကြိုးစားရလေသည်။ လိုင်းကားကို သုံးခါ တက်ဆင်းကြည့်၏။ သူ့ ဖိနပ် မကျွတ်၍ ပျင်းလာကာ ရောက်ရာနေရာတွင် တွေ့ရာ ဖိနပ်ဆိုင် တစ်ဆိုင်မှ ဖိနပ် တစ်ရံဝယ် အသင့် တွေ့ရာဆွမ်းခံ ကိုယ်တော် တစ်ပါးအား လှူလိုက်သော ဟူ၏။

ခြေမမြဲ လက်မမြဲ ပိန်းဥ တစ်လုံးသည် ကားပေါ်မှ ပြုတ်ကျ၍ ဆေးခန်း ပြရလေ၏။ လူကောင် ထွားထွား ပိန်းဥ တစ်လုံးသည် လိုင်းကားပေါ် အတက် ဖိနပ် တစ်ရံလုံး ချွတ်ထားခဲ့၍ တစ်ခါ ပြန်ကြည့်သော် ကလေးများက ကစားရန် ကောက်သွားကြကုန်သည်ကို မြင်လေသည်။ ဉာဏ်နည်းသော ပိန်းဥ တစ်လုံးမှာလည်း သူ့အဖေနှင့် အတူ ကားစီးသွားစဉ် အဖိုးတန် နိုင်ငံခြားမိတ် ဖိနပ်ကြီး ဖြစ်၍ ကားမောင်းနေစဉ်တွင် ခဏ ချွတ်ထားသော သူ့ အဖေ ဖိနပ်ကို (သူ့ဖိနပ် မပစ်ရက်သောကြောင့်) ဗလိုင်းကြီး ယူ၍ လွှင့်ပစ်လိုက်သဖြင့် ဖက်ပိုး အအုပ်ခံရကာ ပေးနေကျ မုန့်ဖိုးလည်း ဖြတ်ထားခြင်း ခံရသော ဟူ၏။

နောက်ဆုံး၌ အဆိုပါ ပိန်းဥ လူငယ် တစ်သိုက်သည် ထိုကိစ္စကို လက်လျှော့ကြ၍ လက်ဖက်ရည်ဆိုင်တောင်းထဲသို့ တစ်လုံးပြီး တစ်လုံး ပြန်လိမ့်ဝင်လာကြပြီးလျှင် သူ့အဖြစ်လည်း ကိုယ့် မပြော ကိုယ့် အဖြစ်လည်း သူ့ မပြော နေကြကာ ခပ်တည်တည်ပင် ဆက် စခန်းသွား နေထိုင်လျက် ရှိကြပေတော့၏။ တစ်ခု ထူးခြားသည်မှာကား ထိုလူငယ် တစ်သိုက်[illegible] အခါကြီး ရက်ကြီး တစ်ရက်၌ အချင်းချင်း မတိုင်ပင်သော်လည်း[illegible] မင်္ဂလာ အတွက် ရည်စူးလျက် ဘုန်းကြီးစီး ဖိနပ် တစ်ရံစီ ကို[illegible]သောနှင့် ကိုယ် ဝယ်ကာ ရပ်ကွက် ဓမ္မာရုံမှ တစ်ဆင့် ဘုန်းတော်ကြီး ကျောင်းသို့ လှူဒါန်းလိုက်ကြသော ဟူသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အမြင် ဆိုသည်မှာ ....

မိုး လေးလ ကုန်လွန်သောအခါ မြို့ရိုး တံတိုင်း၏ တစ်ဖက် တစ်ချက်တွင် ညောင်ပင်ငယ် နှစ်ပင် ပေါက်လာလေသည်။ အနီးအပါး၌ ဖုန်းဆိုးပင်များသာ ရှိသည့် အပြင် မြင့်မား ထုထဲသော မြို့ရိုး တံတိုင်းက ကန့်လန့်ဖြတ် ခွဲချထားသဖြင့် အပင်ငယ်တို့သည် ကျောချင်းကပ် အနေ အထားမှာပင် တစ်ဦးတည်း သီးခြား ရှိနေသည်ဟု သူတို့ကိုယ် သူတို့ ထင်မှတ်နေကြလေ၏။ ပတ်ဝန်းကျင် အပင်များနှင့်လည်း ဘာသာ မတူသော ကြောင့် သူတို့ နှစ်ဦးသည် ပါးစပ် ပိတ်၍ ကြီးပြင်းကြရလေသည်။ မြို့တွင်းမှ ညောင်ပင်ငယ်သည် မြို့တွင်း မြင်ကွင်းများဖြင့် တောက်လျှောက် ရှင်သန်လာခဲ့ပြီး မြို့ပြင်မှ တစ်ဦးသည်လည်း မြို့ပြင် ရှုခင်းများဖြင့် အညောင်း ဆန့်ခဲ့လေ၏။ သို့သော် သူတို့မှာ ငယ်ရွယ်ကြသောကြောင့် ဆိုင်ရာ မြင်ကွင်း တို့ကို ရုပ်ရှင် ပိတ်ကား သဖွယ် ထိုင်ကြည့်နေခဲ့ကြပြီး သက်ပြင်းချသံပင် မရှိအောင် အသံတိတ်ခဲ့ကြလေသည်။

ဆောင်းဦးပေါက် တချို့ ဖြတ်သန်းသွားပြီးနောက် အပင်ငယ်တို့သည် သူတို့၏ အမြစ်များ နည်းတူ ကိုယ်ပိုင် အမြင် အချို့ကို ကုပ်တွယ်၍ အသီးသီး အရွယ် ရောက်လာကြလေသည်။ စိမ်းနုရောင် မျက်နှာများသည် လည်း အစိမ်းရင့်ရောင် အဖြစ် ပြောင်းလဲခဲ့ပြီ ဖြစ်၍ နက်မှောင်သော တို့နံ့နံ့ မုတ်ဆိတ် တချို့က သူတို့ မျက်နှာ အသီးသီး အောက်တွင်

www.burmeseclassic.com



ယီးလေးခိုစ ပြုလေ၏။ သူတို့ကိုယ် အသီးသီး၌လည်း သစ်မာခေါက် အပေါ်ရုံကို ဝတ်ဆင်ထားမိကြလေသည်။

ရာသီဥတု သာယာသော နံနက်ခင်း တစ်ခု၌ မြို့တွင်း ညောင်ပင်သည် မြင်နေကျ အရာများကို ငေးမောရင်း သူ့ကိုယ်သူ ငြီးငွေ့လာလေသည်။ အရွက်စိမ်းများ တရှဲရှဲ မြည်အောင် ဦးခေါင်းကို ယမ်းလျက် ရှည်လျားသော သက်ပြင်း တစ်ခုနှင့် အတူ တစ်ကိုယ်တည်း ညည်းညူမိ၏။

'တကယ်တော့ လောကကြီးဟာ ယောက်ယက်ခတ်နေတဲ့ ဆက်ရက် တစ်ကောင်လိုပဲ၊ အသံစုံ မြည်ပြီး ဆူညံနေမယ်၊ နိမ့်လိုက် မြင့်လိုက် ဖြစ်နေမယ်၊ ရှုပ်ယှက်ခတ်နေမယ်၊ ဒီလောက် အပြင် ပိုမရှိတော့ဘူး ထင်တယ်၊ တစ်လျှောက်လုံး ဒီအတိုင်း သွားတော့မှာပဲ'

သူ့အသံနှင့် မရှေးမနှောင်းမှာပင် သူ့နောက်မှ ရုတ်တရက် အသံ ထွက်လာလေ၏။

'လုံးဝ မဖြစ်နိုင်ဘူး၊ တကယ်တမ်းကျတော့ လောကကြီး ဆိုတာ ဟိုး အမြင့်ကြီးမှာ ပျံနေတဲ့ စွန်တစ်ကောင်နှင့် တူတယ်၊ ဘာသံမှ မကြားရဘူး၊ အရှုပ်အထွေးလည်း မရှိဘူး၊ လွတ်လွတ်လပ်လပ် စီးမျောနေမယ်၊ ဒီအတိုင်းပဲ၊ ဒီလိုပဲ ပျင်းစရာ ကောင်းအောင် ရှင်းနေလိမ့်မယ်'

ထိုအသံကြောင့် မြို့တွင်း ညောင်ပင်သည် ရွက်ဟောင်း တချို့ ကြွေကျသွားအောင် ဆတ်ခနဲ လန့်သွား၏။ ထို့နောက် သူသည် တဖြည်းဖြည်းလည်း ဒေါပွလာလေသည်။

'မင်းက ညောင်ပင်ပဲလား၊ ဘယ်တုန်းကတည်းက ငါ့နောက်မှာ ရှိနေတာလဲ၊ ဘာလို့ မင်းအသံကို မကြားရတာလဲ'

တစ်ဖက်မှ စကားသံ ထွက်လာလေ၏။

'ငါလည်း ညောင်ပင်ပဲ၊ ဒါပေမဲ့ မှတ်ဆိတ်တွေ ငါ့မှာ ရှိတယ်၊ လွန်ခဲ့တဲ့ ကာလ အတော်ကြာကြာကတည်းက ဒီနံရံကြီးရဲ့ တစ်ဖက်မှာ ငါ ရှိနေခဲ့တာ၊ ဘာလို့ ငါ့အသံ မကြားရသလဲ ဆိုတော့ ဒီအနီးအနားမှာ ငါ တစ်ယောက်တည်း ရှိနေတယ် ထင်လို့ပဲ၊ ပြီးတော့'

မြို့တွင်း ညောင်ပင်က စကား မဆုံးခင် ဖြတ်ပြော၏။





'ဒါဟာ နံရံ မဟုတ်ဘူး၊ ဒါဟာ တောင်တန်းကြီးပဲ၊ ငါ မွေးကတည်းက ဒါကြီးကို မှီပြီး ငါ ကြီးလာတာ၊ ငါ့အနားမှာ ဒါကြီးပဲ မပြောင်းမလဲ တည်ရှိနေတယ်'

'ဒါ နံရံကြီးကွ၊ တောင် မဟုတ်ဘူး'

'ဒါ တောင်တန်းကြီးပါကွာ၊ သူတို့ကိုယ် သူတို့ ပညာ ရှိလို့ ပြောတဲ့ ခြေနှစ်ချောင်းနှင့် အကောင်တွေ ပြောသံ ငါ ကြားဖူးတယ်၊ တောင်တွေဟာ ကြာရှည် တည်တံ့ နိုင်မာတယ်တဲ့'

မြို့ပြင်ညောင် ဒေါသ ထွက်လာလေသည်။

'မင်း မြင်ဖူးလို့လားကွ၊ မလှမ်းမကမ်းက တောင်တွေကို ငြီးငွေ့စရာ ကောင်းလောက်အောင် ငါ တစ်သက်လုံး မြင်လာရတာ၊ တောင်တွေက ဒါကြီးနှင့် မတူဘူး၊ ဒီလို တိတိကျကျနှင့် ကန့်လန့်ကြီးလည်း ဖြစ်မနေဘူး'

'ဒါ တောင်ကြီးပါကွာ၊ ငါက ခြေနှစ်ချောင်းကောင်တွေနှင့် အမြဲ နေနေရတာ၊ သူတို့က စွမ်းအား ရှိတယ်၊ သူတို့ ပြောတာတွေလည်း မှန်တာ များတယ်'

'မင်း ပြောတဲ့ ခြေနှစ်ချောင်းကောင် ဆိုတာ မျောက်တွေကွ၊ အမြီး ရှည်တွေနှင့် မျက်စိနောက်စရာ အကောင်းဆုံးပဲ၊ လောကမှာ အရှုပ်ဆုံးကောင် တွေကွ'

'လုပ်ပြန်ပြီ ဘယ်က အမြီးရှည်ရမှာလဲ၊ အမြီးတောင် မရှိဘူး၊ မင်း ပြောသလို မျောက်လို့လည်း မခေါ်ဘူး၊ လူလို့ ခေါ်တယ်ကွ၊ မှတ်ထား'

'ဘာလူလဲ မျောက်က မျောက်ပေါ့၊ ယောက်ယက်ခတ်မယ်၊ ရှုပ်မယ်၊ ဒါပဲ'

'ယောက်ယက်မခတ်ဘူး၊ ရှုပ်လည်း မရှုပ်ဘူး၊ လူတွေကွ၊ တို့လို အပင်တွေ စိုက်နိုင်တယ်၊ လှလှပပ အိမ် ဆိုတဲ့ ဟာတွေနှင့် နေကြတယ်'

'အဲဒါ အိမ်မဟုတ်ဘူး ဂူတွေဟ၊ လှလည်း မလှဘူး၊ မဲ့လှတာမှန်း'

'လုံးဝ မဟုတ်ဘူးကွ၊ တို့လို အပင်တွေနှင့် လှလှပပ လုပ်စားတာ'

'မျောက်တွေကလား အပင် စိုက်မှာ၊ အပင် ကြီးရင် တက်လိုက် ဆင်းလိုက် လုပ်မယ်၊ အသီးအရွက်တွေ ခူးစားမယ်၊ အပင် သေးရင် ဖျက်ဆီးမယ်၊ ဒါပဲ၊ ငါ့တစ်သက်လုံး မျောက်တွေ စိုက်တဲ့ အပင် တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဖူးဘူး'

'လူတွေပါကွာ၊ အပင်တွေကို ဂရုစိုက်တယ်၊ ငါ့ အောက်ခြေကို တောင် မကြာခဏ ရှင်းပေးသေးတယ်၊ တချို့တလေလောက်သာ မကောင်းတာ'

'တော်စမ်းပါ၊ ဘယ်က ဂရုစိုက်မှာလဲ၊ ငါ့ အောက်ခြေကို ရှင်းဖို့ မပြောနှင့်၊ အရပ်လေးမျက်နှာက အမှိုက်တွေ လာထားသွားမယ်၊ ငါ့ မုတ်ဆိတ်တွေ ခိုစီးမယ်၊ ဗရုတ်သုတ်ခတွေ'

'အရပ် လေးမျက်နှာကို မင်း သိလို့လား၊ ညာဘက်က နေထွက်တာ၊ အဲဒါ အရှေ့ပဲ'

'လွဲပြန်ပြီ၊ ဘယ်ဘက်က နေထွက်တာဟ့၊ ရှုံ့ကြယ်က ငါ့နောက်မှာ အဲဒါ မြောက်အရပ်ကွ'

'ရှုံ့ကြယ်က ငါ့ရှေ့မှာပါကွ၊ ညာဘက်က အရှေ့ အရပ်'

'ညာဘက်က အနောက် အရပ်ကွ'

'ညာဘက်က အရှေ့ပါဆို'

'အနောက်ကွာ'

'အရှေ့ကွာ လုံးဝ မရဘူး'

'အနောက်ဆို အနောက်ပဲကွာ၊ လူတွေ ပြောတာကွ'

'အဲဒါ မျောက်တွေကွ၊ လူ မဟုတ်ဘူး'

'လူကွာ'

'မျောက်တွေပါ'

'မဟုတ်ဘူးကွ'

'ဟုတ်ပါတယ်'

'…………'

'…………'

မုတ်ဆိတ်များ လှုပ်ခါလာသည် အထိ ညောင်ပင် နှစ်ပင် ရှုးရှူးရှားရှား ဖြစ်၏။ ထိုသို့ဖြင့် တစ်သက်လုံး ဆက်၍ ငြင်းသွားကြလေသည်။ ကံဆိုးသည်မှာ ညောင်ပင် နှစ်ပင်၏ မြင့်တက်နိုင်စွမ်းသည် မြို့ရိုးကြီးကို မကျော်ခြင်း ဖြစ်၏။





မြို့ရိုး တံတိုင်းကြီးမှာမူ ညောင်ပင် နှစ်ပင် စတင် အငြင်းပွားချိန်မှ စ၍ သူတို့ နှစ်ဦး ကန့်လန့်ခွဲ ချထားရသော သူ့အဖြစ်ကို သဘောကျကာ အူတက် မတတ် မျက်ရည်များ ထွက်အောင် တခိခိ ရယ်ရင်း သုံးလေးရက် အကြာတွင် အမောဆို့ကာ ကွယ်လွန်သွားရှာလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## မှန် ဆိုသည်မှာ ....

ဒီကောင်လေးနှင့် ပတ်သက်ပြီး တွေးပြော ပြောရရင် သူ ဘယ်တုန်းကမှ စိတ်တိုင်းကျတယ်ရယ်လို့ မရှိခဲ့ဖူးဘူး။ မွေးကင်းစ အရွယ်လေးကတည်းက သူ မျက်ခြေ မပျက် စောင့်ကြည့်လာခဲ့တာ ကောင်လေးဟာ ငယ်ငယ်ကတည်းက ကျန်းမာရေး ချူချာတယ်။ သူများ ကလေးတွေထက် ပိုပြီး ငြိမ်ငြိမ်လေး နေတတ်တယ်။ တော်ရုံတန်ရုံနှင့် မငိုတတ်ဘူး။ နောက်ပြီး ကျန်းမာရေး အရ လှုပ်လှုပ်ရှားရှား သိပ်မရှိဘူး။ ဒါကို သူ အားမရဘူး။ ဘာဖြစ်လဲ ကလေး ဆိုတာ ငိုစရာ ရှိရင် ငိုရမယ်၊ ကစားရမယ်၊ လှုပ်လှုပ်ရှားရှား တက်ကြွနေရမယ်၊ ဒီလိုပဲ ဖြစ်နေရမှာပေါ့။ သူ ငယ်ငယ်တုန်းကလည်း ဒီအတိုင်းပဲ။ အမြဲတမ်း ဆော့နေတာပဲ။ အခုတော့ ကောင်လေးကို သူ အားမရ ဖြစ်နေတယ်။ ဒါပေမဲ့ ကောင်လေးဟာ ဉာဏ်ကောင်းတယ်။ မျက်လုံး တောက်တောက်လေးတွေနဲ့ တစ်ချိန်လုံး တစ်ခုခုကို တွေးနေသလိုပဲ။ ဒါကို သူ ရိပ်မိတယ်။ သူ ကောင်လေးကို အရိပ် တကြည့်ကြည့် လုပ်နေခဲ့တာကိုး။

ဒီလိုနဲ့ပဲ ကောင်လေးဟာ သူ့မျက်စိအောက်မှာပဲ တဖြည်းဖြည်း ကြီးပြင်းလာတယ်။ သူနဲ့ ကောင်လေးရဲ့ ကြားမှာ နှစ်တွေဟာ တစ်နှစ်ပြီး တစ်နှစ် ဖြတ်သန်းသွားတယ်။ သူ့ဘဝနဲ့ ရင်းပြီး ရလာခဲ့တဲ့ အတွေ့အကြုံနဲ့ သင်ခန်းစာတွေကို အခွင့်သာတိုင်း ကောင်လေးကို သူ ပြောပြ

www.burmeseclassic.com



ခဲ့တယ်။ သူ မှားခဲ့ဖူးတဲ့ အမှားမျိုး၊ သူ ခံစားခဲ့ရဖူးတဲ့ ဆိုးရွားတဲ့ ခံစားမှုမျိုး ကောင်လေးရဲ့ ဘဝမှာ မကြုံတွေ့ရအောင် သူ အင်အား ရှိသလောက် ကြိုးစားခဲ့တယ်။ လောကကြီး အကြောင်း၊ အိပ်မက်တွေ အကြောင်း၊ သောက နှင့် မာယာတွေ အကြောင်း၊ လူတွေ အကြောင်း ကောင်လေးနှင့် သူ ဆွေးနွေးဖြစ်ခဲ့တယ်။ ကောင်လေးရဲ့ သတင်းတွေရယ် တဖြည်းဖြည်း ကျယ်ပြန့်လာတဲ့ သူ မပါတဲ့ ကောင်လေးရဲ့ ပတ်ဝန်းကျင်ရယ်ကို အဆက် မပြတ် သူ နားစွင့်ထားတယ်။ သူတစ်ယောက်တည်း ရှိတဲ့ အချိန်တွေမှာ လည်း ကောင်လေးရဲ့ အနာဂတ်ကိုပဲ သူ စဉ်းစားနေတတ်ခဲ့တယ်။ သူ့ရဲ့ ကောင်လေးဟာ ဘယ်သူနှင့်မှ မယှဉ်သာတဲ့ ကောင်လေး တစ်ယောက် ဖြစ်လာလိမ့်မယ်လို့တော့ သူ ယုံကြည်တယ်။ ဒါပေမဲ့ အခု အချိန်တွေ အထိ ကောင်လေးကို သူ စိတ်တိုင်းမကျသေးဘူး။ သူ ကောင်လေး အတွက် အားမလို အားမရ ဖြစ်နေတုန်းပဲ။

တစ်နေ့တော့ ကောင်မလေး ဓာတ်ပုံ တစ်ပုံကို ကောင်လေးရဲ့ စာကြည့် စားပွဲပေါ်မှာ သူ အမှတ်မထင် တွေ့လိုက်တယ်။ အဲဒီ အချိန်ကစပြီး သူ့ရဲ့ စိတ္တဇဟာ ပိုပြီး ပြင်းထန်လာတယ်။ ကောင်လေးရဲ့ အပေါင်းအသင်း လေးတွေကိုရော၊ လူတွေ အကုန်လုံးကိုရော၊ နောက်ဆုံး ကောင်လေးရဲ့ အမေကိုတောင် သူ မယုံတော့ဘူး။ လောကမှာ ရှိတဲ့ ဘယ်လို လူမျိုးကမှ ကောင်လေးကို သူ့လောက် တန်ဖိုး မထားနိုင်ဘူးလို့ သူ တစ်ထစ်ချ ယုံကြည်သွားတယ်။ နောက်ပြီး သူ မေ့နေတာ တစ်ခု ရှိသေးတယ်။ သူ့ရဲ့ ကောင်လေးဟာ သူ့ ဖိနပ်ကို နေသားတကျ စီးနိုင်နေပြီပဲ။

အဲဒီ ညနေက မုန်တိုင်း တစ်ခုကို သူ တွေ့လိုက်တယ်။ ဓာတ်ပုံ လေး တစ်ပုံကို အကြောင်းပြုပြီး ကောင်လေးကို သူ ပြောခဲ့တဲ့ စကားလုံး တွေဟာ အရမ်းကို လေးလံ မာကျောလွန်းနေတယ်။ သူ သိတယ်၊ ကောင် လေးဟာ ဘာမှ နားမလည်တဲ့ မျက်လုံးတွေနဲ့ သူ့ကို မော့ကြည့်နေခဲ့တယ် လေ။ သူ့ စကားလုံးတွေဟာ ဒါးစက်၊ လုံစက်တွေလို သူ့ နားထဲ ပြန်တိုးဝင်နေတယ်။ ဒီလိုပဲ ကောင်လေးရဲ့ နားထဲက ပြန်လျှံကျနေတဲ့ သူ့ စကားလုံးတွေကို သူ တွေ့နေတယ်။ နောက်တော့ ကောင်လေးဟာ သူ့ လက်ထဲက ဓာတ်ပုံလေးကို အေးအေးဆေးဆေး လှမ်းယူလိုက်ပြီး





အပိုင်းအစ အသေးလေးတွေ ဖြစ်အောင် လုပ်ပစ်လိုက်တယ်။ သူ့ရှေ့က စိတ်အေးလက်အေး ထွက်သွားတဲ့ ကောင်လေးဟာ သူ့အတွက် မေးခွန်းတွေ အများကြီး ထားခဲ့တယ်။ ကောင်လေး အတွက် အားမရမှုတွေဟာ သူ့ ကျောပေါ်ကို တရွရွ တက်လာနေရင်းကနေ သူ စိတ်မကောင်း နည်းနည်း ဖြစ်သွားတယ်။

ဒီလို အဖြစ်အပျက်မျိုး နောက်ထပ် ဖြစ်မလာတော့ဘူး။ ဒါပေမဲ့ ကောင်လေးနှင့် သူ့ရဲ့ ဆက်ဆံရေးဟာ ဒီအဖြစ်အပျက် နောက်ပိုင်း နည်းနည်း ပြောင်းလဲသွားတယ်။ ကောင်လေးဟာ ပတ်ဝန်းကျင်မှာ လူတော်လေး တစ်ယောက် ဖြစ်လာပြီး သူကတော့ ပတ်ဝန်းကျင် အတွက် လူ့ဥစာ တစ်ယောက် ဖြစ်လာခဲ့တယ်။ တချို့ နေရာမှာ သူနဲ့ တော်တော်လေး တူတဲ့ သူ့ရဲ့ ကောင်လေးဟာ သူ့ အမြင်မှာ ပိုပြီး နက်ရှိုင်းလာတယ်။ သူ့ ဆံပင်ဖြူတွေ များလာတဲ့ အချိန်မှာတော့ ထူးဆန်းတဲ့ ခံစားချက် တစ်မျိုး သူ့မှာ ရှိလာတယ်။ သူ့ ကောင်လေးဆီက နွေးထွေးတဲ့ တစ်စုံ တစ်ရာကို သူ ခံစားကြည့်ချင်လာတာပဲ။ ဒါဟာ ဘာလဲ။ အခုအချိန်ထိ တော့ ကောင်လေးကို သူ စိတ်တိုင်းမကျသေးဘူး။ စိုးရိမ်ပူပန်မှုတွေလည်း သူ့မှာ ရှိနေတုန်းပဲ။ ကောင်လေးနှင့် ပတ်သက်ပြီး သူ စွန့်လွှတ်လိုက်ရတာ တွေ အတွက်တော့ သူ ဘယ်တော့မှ နောင်တ မရဖူးဘူး။

နှစ်တွေ ကြာလာပြီးတဲ့ တစ်ချိန်မှာ ကောင်လေးဟာ အနာဂတ် အတွက် သူ့အရိပ်က ခဏ ထွက်သွားတယ်။ ကောင်လေး မရှိတဲ့ အချိန်မှာ အရင်ကထက် စိတ်ပိုတိုတတ်လာတယ်။ ဒါဟာ ဘာလဲလို့လည်း သူ့ကို သူ ခဏ ခဏ မေးနေတတ်တယ်။ ကောင်လေး ဘာလုပ်တယ် ဆိုတာ သူ မသိရတော့ဘူး။ ကောင်လေး အကြောင်း အမျိုးမျိုး တွေးကြည့်ပြီး သူ့မျက်နှာဟာ သုန်မှုန်နေတတ်တယ်။ ပတ်ဝန်းကျင်နှင့် သူ အဆင်မပြေ တော့ဘူး။ နိစ္စဓူဝ ကိစ္စတွေကိုတောင် သူ ဒေါသ ဖြစ်နေတတ်တယ်။ ကောင်လေးနှင့် ပတ်သက်ပြီးတော့လည်း ပိုပြီး အားမလို အားမရ ဖြစ်လာ တယ်။ တော်တော်ကြီး ဝေးကွာတဲ့ အရပ်ကို ရောက်နေတဲ့ ကောင်လေးကို သူ နေ့တိုင်း စိတ်တိုင်းမကျ ဖြစ်နေတယ်။ ကောင်လေး သူ့ကို နားမလည် ဘူးလို့ပဲ သူ ယူဆနေတယ်။ 'ဒီကောင်လေးဟာလေ' လို့လည်း မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com

သူ ပြောဖြစ်တယ်။ ဒါပေမဲ့ ကောင်လေး ပြန်လာတဲ့ အချိန်မှာတော့ 'နည်းနည်း ဝလာတယ်' ဆိုတဲ့ မှတ်ချက်က လွဲပြီး သူ ဘာမှ မပြောခဲ့ဘူး။ ကျန်တဲ့ လူတွေက သူ့အကြောင်း ကောင်လေးကို ပြောပြပြီး ကြိတ်ရယ်ကြတယ်။ ဒါတွေ သူ သိတာပေါ့။ ဘာဖြစ်လို့လဲ မသိဘူး။ ဒါတွေကို သူ ကျေနပ်သလိုလိုပဲ။ နောက်ပြီး ကောင်လေးက သူ့ကို ပြုံးပြုံးလေး ပြောလိုက်တဲ့ စကား တစ်ခွန်းကိုလည်း သူ ကျေနပ်မိသေးတယ်။

နောက်ပိုင်း နှစ်တွေမှာ ကောင်လေးက သူ့ဆီက မကြာခဏ ထွက်သွားလေ့ ရှိတယ်။ ဒါပေမဲ့ သူ့ကို ပထမဆုံး အကြိမ်ကလောက် မထိခိုက်စေတော့ဘူး။ ခဏ ခဏ ထွက်သွားတတ်တဲ့ သူ့ရဲ့ ကောင်လေး အတွက် သူ နေသားတကျ ဖြစ်လာတယ်။ သူ့ စိတ္တဇတွေလည်း တဖြည်းဖြည်း လျော့ကျလာသလိုပဲ။ ကောင်လေးဟာ အံ့ဩစရာ ရပ်တည်မှု တစ်ခုပေါ်ကို ရောက်နေပြီး သူ စိတ်တိုင်းမကျပေမဲ့ လက်ခံနိုင်တဲ့ အခြေအနေပေါ်ကို သူ့ရဲ့ ကောင်လေး ရောက်နေပြီ။ ဒါပေမဲ့ ကောင်လေးကို သူ မျက်ခြေမပြတ် စောင့်ကြည့်နေမိတုန်းပဲ။ သူ အကျင့်ပါနေပြီလေ။

ဒီလိုနှင့်ပဲ ကောင်လေးရဲ့ လက်တွဲဖော်လေးကို သူ လက်ခံခဲ့ရတယ်။ သူ့ဘဝရဲ့ ကြီးမားတဲ့ အရာတစ်ခုကို ခွဲဝေယူသွားတော့မယ့် အဲဒီ ကောင်မလေးကို သူ တစ်ဖက်သတ် ဆက်ဆံပစ်ခဲ့တယ်။ အံ့ဩစရာ ကောင်းတဲ့ နူးညံ့မှုတွေရဲ့ နောက်က အဲဒီ ကောင်မလေးဟာ သူ့ကို နားလည် လေးစားပြီးပြီ။ တစ်ခါတစ်ရံမှာ သူ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရတယ်။ သူ့အတွက် ကောင်လေး နောက်တစ်ယောက် မွေးဖွားလာသလို သူ ခံစားလာရတယ်။ သူတို့ နှစ်ယောက်ကို ကြည့်ပြီး သူ ပျော်လာတယ်။ တစ်ခါတုန်းက တစ်စစီ ဖြစ်သွားခဲ့ဖူးတဲ့ ဓာတ်ပုံလေး အကြောင်းကိုလည်း သူ မလုံမလဲ သတိရလိုက်သေးတယ်။ ဘာပဲဖြစ်ဖြစ် သူ့ အကျင့် အတိုင်း ကောင်လေးကိုရော၊ ကောင်မလေးကိုရော သူ အားမလို အားမရ ဖြစ်နေမိတုန်းပဲ။ ဒီလိုနှင့်ပဲ သူ ခေါင်းညိတ်ခဲ့တဲ့ မင်္ဂလာပွဲလေး တစ်ခုမှာ လူတကာကို လိုက်လိုက်လှဲလှဲ သူ ပြုံးပြဖြစ်ခဲ့တယ်။ သူ့ရဲ့ ကောင်လေးဟာ ကြယ်ဖြူလေး တစ်ပွင့် ဖြစ်လာခဲ့ပြီ။ တစ်ခုခု ခံစားရပေမဲ့ သည်ပွဲမှာ သူ ပျော်နေပါပြီ။ သူ့ရဲ့ ကောင်လေးလည်း ပျော်နေလိမ့်မယ်လို့ သူ ထင်တယ်။





တစ်ခါတုန်းက သူ့ရဲ့ ကောင်လေးဟာ အခုအချိန်မှာ သူ့ကိုယ်သူ အဖြစ် သူ မြင်လာတယ်။ သူ့ အကျင့် အတိုင်း ကောင်လေးကို သူ စိတ်တိုင်းမကျသေးပေမဲ့ 'ဒီကောင်လေးဟာလေ' လို့ သူ မညည်းတွားဖြစ်တော့ဘူး။ သူ့မျက်လုံးထဲမှာ ပုံရိပ်ဟောင်းတွေ တဖျတ်ဖျတ် ရွေ့လျားသွားနေတယ်။ သူ့ရဲ့ နှုတ်ခမ်းတွေဟာလည်း အပြည့်အဝကို ပြုံးနေတယ်။ သူ့ရဲ့ နားထဲမှာ တစ်ခါတုန်းက ကောင်လေး ပြောခဲ့တဲ့ စကားကို ပြန်ပြီး ကြားလာတယ်။

'အဖေဟာ ကျွန်တော့် အတွက် အလေးနက်ဆုံးနဲ့ အလင်းလက်ဆုံးပါ'

သူ ကျေကျေနပ်နပ် ပြုံးပြီး သူ့ရဲ့ ကောင်လေးဆီကို သူ လှမ်းကြည့်လိုက်တယ်။ ကောင်လေးရဲ့ မျက်လုံးတွေဟာ ဟိုးတစ်ချိန်တုန်းကလို တောက်ပနေတုန်းပဲ။ ကောင်လေးဟာ သူ့ကို ကြည့်မနေခဲ့ဘူး။ ဒါပေမဲ့ ကောင်လေးရဲ့ မျက်လုံးတွေဟာ မှန်ထဲက သူ့မျက်လုံးတွေနှင့် လုံးဝ ဆင်တူနေပြီလေ။ သူ့မျက်လုံးထဲက အရိပ်တွေ ကောင်လေးဆီမှာ ရှိနေပြီ။ သူ့ရဲ့ ကောင်လေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာက သူ ဖြစ်လာခဲ့ပြီ။ သူ့ရဲ့ စိတ်တိုင်းမကျမှုတွေကို ကောင်လေး မျက်လုံးထဲမှာ သူ မြင်နေရပြီ။ ဒီလိုနဲ့ပဲ ....


www.burmeseclassic.com

www.burmeseclassic.com

## အသုဘ ဆိုသည်မှာ ....

ကျွန်တော့် သက်တမ်းဇာ ကျွန်တော် နေ၍ ကျွန်တော် သေလေသည်။ (ကျွန်တော် သေသည်။ ထို့ကြောင့် ကျွန်တော် ရှိခဲ့သည်ဟု ယူသော်ရ၏။) ကျွန်တော် သေသော အခါ ...

ကျွန်တော်၏ ကျန်ရစ်သူ မိသားစုသည် ကျွန်တော် မသေခင်က အတန်တန် မှာခဲ့သမျှ တစ်ခုမှ မလုပ်ကြဘဲ သောက်လွဲ ဖြစ်ကုန်၏။ 'ငါ သေရင် ငိုမနေနဲ့၊ ကျက်သရေ ယုတ်တယ်' ဟု မှာခဲ့ငြား (မည်သူက ပိုချစ်သည်ဟု လူရှေ့ ပြချင်ဇောဖြင့်) မသာ ဖအေကြီး အနီး တဟီးဟီး ငိုပြကြလေသည်။ ကျွန်တော်၏ သမီး တစ်ယောက်သည် ကျွန်တော် မသေခင် နာနေစဉ်က တစ်ခေါက်မျှသာ လာဖော် ရသော်လည်း သေသော အခါမှ အပြေး ရောက်လာ၍ 'အမယ်လေး အဖေရဲ့' ဟု တက်တောင် တက်ပြလေ၏။ (ထိုသမီးမှာ ငယ်စဉ် ဆယ့်ခြောက်နှစ် သမီးက မော်ဒယ်လ် သရုပ်ဆောင်မ ခဏ လုပ်ဖူးသူ ဖြစ်၏။)

'ငါ သေရင် ချက်ချင်းသာချ၊ နင်တို့ အကုန်အကျ ကကြီးကထ သက်သာတယ်' ဟု မှာခဲ့ငြား ကျွန်တော့် သားသမီး ငါးယောက်သည် အရပ် စကား နားယောင်ကာ ကျွန်တော့် ကြွင်းကျန် ခန္ဓာအား ငါးရက်တောင် အိမ်မှာ ထားလိုသဖြင့် အသုဘ အချ ပုပ်ပွကာ ရုပ်မလှ ကျွန်တော် ဖြစ်မည်ကို မြင်လေသော ကျွန်တော့် အပေါင်းအသင်း အဘိုးကြီး

www.burmeseclassic.com



တစ်ယောက်က အတန်တန် နားချမှ သုံးရက် ထားရန် သဘောမျှလေသည်။ ကျွန်တော် ရှင်းစဉ်က ပြည့်စုံအောင် ရှာဖွေနိုင်ခဲ့သဖြင့် သင်းတို့အား 'အကောက်အစား အကူငွေ မလိုဘူး၊ ငါ့အသုဘမှာ ဖဲဝိုင်း မထောင်နဲ့ အကုသိုလ် ဖြစ်မယ်' ဟု ရည်ရွယ်လျက် 'ခုနစ်ရက် အတွင်း စတုဒီသာ လှူကြစမ်းပါ' ဟု ပြောစဉ်က ကတိ ထားကြသော်လည်း သေသော် မေ့၍ ရပ်ကွက် ဂျပိုးများ အလျှိုလျှို ရောက်လာကာ ကုလားဖျင်းထိုး ယောင်ယောင်၊ ကွာစေ့ဝယ် ယောင်ယောင်နှင့် မှောင်လာသော် ပထမ ညမှာတင် တဝါးဝါး တဟားဟားနှင့် ဝိုင်းဖြစ်သွားကာ သမီး အကြီးဆုံးက အိပ်ရေးပျက်ခံသမျှ အကောက် ရသော ဟူ၏။

ပထမ သေသော ရက်က မတွက်ချက် မစိစစ်နိုင်အောင် အနိုင်နိုင် အလုပ် များကြသော်ငြား ဒုတိယရက် မနက်မှ စ၍ တွက်ချက်နိုင်ပြီ ဖြစ်ရာ လာသမျှ ဧည့်သည်ကို လက်ဖက် မတည်၊ ကော်ဖီ မချ၊ ကွာစေ့ နှင့် သကြားလုံး ပန်းကန်ပါ နောက်ဖေး ပြန်မသွား၍ ရှိသမျှ ပရိဘောဂ ရွှေ့ပြောင်းနိုင်သမျှကို ကားဂိုဒေါင်တွင် အသာ ဖုံးလျက် ကားကိုပါဝှက်၊ နွမ်းပါးယောင် ဆောင်လျက် ကျွန်တော် နာစဉ်က ဆေးဖိုးနှင့် မမျှ၍ အိမ်ခွဲပဲ ကျန့်သည် အဆိုပြုကာ အလုအယက် ကူငွေ အလှူခံ ထွက်ကြလေ၏။ အသုဘ ရှုအလာ ဧည့်သည် ခများလည်း လက်ဖက်ခြောက် မှိုတက် ရေနွေးခွက်ကို ခပ်သွက်သွက် မှုတ်သောက်၍ အလောင်းနှင့် ခုတင်သာ ကျန်ရှာ၍ ဖျာပင် မခင်းထားသော ဧည့်ခန်းတွင် ကြောင်တက်တက်နှင့် ပါသမျှငွေ ဓားပြ အတိုက်ခံကာ ပြန်ရှာလေသည်။ စီးပွားရေး ပါရဂူ ကျွန်တော့် သားသမီး ငါးစုံနှင့် မြေးများကား သူ ပိုရသွားသည် ငါ ပို ရသွားသည်ဟု ကူငွေ ဂုဏ်ပြိုင်ရင်း မျက်နှာကြီး ဧည့်သည် ကားနှင့် လာလေလျှင် အချင်းချင်း တံတောင်နှင့် တွတ်သူ တွတ်၊ ခြေထိုးခံသူ ခံကာ အလုအယက် ထွက်ကြို၍ ဧည့်သည် သနားလောက်အောင် အပြိုင် အဆိုင် နှုးကြလျက် လှူပြန်လျှင် ကား ကျန့်ခဲ့အောင် အထိပင် ကြံကြလေ၏။

တတိယ အသုဘ ချမည့် နေ့ကြား ကျွန်တော့် သားအကြီးဆုံးသည် အစ်ကိုကြီးတော့ အဖ အရာဟု အဆိုပြု၍ သားကြီး ဩရသ ရပိုင်ခွင့် မှန်သမျှ သိမ်းကြုံးရန် ရှေ့နေ လက်ဆွဲ၍ အလောင်း သူ့ အဖေ အိမ်ထဲ





ရဲရဲ ဝင်လာရာ ကျန်သူများ 'ပြာ' သွားကြလေ၏။ သားကြီးနှင့် သားလတ် မှာ အိမ်ဂရံ မြေချေး အစ်ကိုကြီး ပေး၍ အသက် အာမခံနှင့် တကွ ကား တစ်စီးနှင့် ပစ္စည်း ပစ္စယ၊ သွားလေသူ အဖေ၏ လမ်းလျှောက်တုတ် ကောက်ခွ၊ ပရိဘောဂပါ မကျန် ညီလတ်ထံ အပ်နှံရန် ရှေ့နေရှေ့ သဘော တိတ်တိတ် ကြိတ်မျှလေသည်။ ထိုသတင်း လျှင်စွာ ပျံ့နှံ့လျက် သမီးကြီး နားရွက် ဆောက်နှင့် နှက်သလို ဝင်လေလျှင် အစ်မကြီး အမိအရာ ဆိုသည့် အတိုင်း 'အတွင်း ပစ္စည်းတွေ ငါတို့ချည်း အုပ်ထားမဟဲ့' ဟု ညီအစ်မ သုံးလက် လည်ပင်းဖက် တိုင်ပင်ကာ တစ်အိမ်လုံး ပိုက်စိပ်တိုက်လျက် သွားလေသူ သူတို့ အမေ ဓာတ်ပုံဘောင် အောက်နှင့် တကွ ကျွန်တော့် အလောင်းပါ ခဏ မ၍ မြေလှန်ကြလေ၏။

ထိုသည်ကို မြင်သော် ညီအစ်ကို နှစ်ယောက်၏ မိန်းမ (ကျွန်တော့် ချွေးမ) များမှာလည်း ခေလေသူများ မဟုတ်ရတကား မြွေမြွေချင်း ခြေမြင်၍ မိန်းမချင်း အတင်းချရာမှ ဗြောင်ကျကျ ဖြစ်လာကာ ယောကျ်ားသားများ ဝင်ပါလာ၍ ငါးစုံတွဲ ဆယ်ယောက် ရန်ပွဲ ဖြစ်မြောက်လေလျှင် အရပ်က ဝင်ဆွဲသော်လည်း မရဘဲ သည်းသည်းမဲမဲ ကြဲကြလေ၏။ ကလေးတွေက ဆူ၊ လူကြီးတွေက ဆဲ၊ အရပ်က ဆွဲနှင့် ဝုန်းဒိုင်းကြဲ သောင်းကျန်းကြ၍ မသာအိမ်ပျောက် ဘောက်ဆင်ပွဲ သဏ္ဍာန် ရောက်ကာ မသဲမကွဲ အားပေးသူ ပင် ရှိလာ၍ သားကြီးမှာ အားရပါးရ ရရှိလှသဖြင့် သူ့အဖေအောက် မသာ ခုတင်ထောင့်မှ ကျောက်ဖရုံသီးပင် ဝင်ဆွဲ၍ နီးရာလူ နှံလေသည်။ အသုဘ ချချိန် ကျ၍ ရပ်ကွက်နှင့် ဆိုင်ရာ လူကြီးများပါ ရောက်လာလေမှ ကြေးစည် ပျောက်သလိုလို၊ ခွဲရန် ရေအိုးပဲ မျက်စိမှောက်သလိုလို အလျှိုလျှို ပျောက်ကုန်ကြရာ သူတို့ အဖေ ကျွန်တော့် အလောင်းမှာ မမည့်သူ ရှာမရ၍ ခဏ ပြန်ခေါ်ကြရသေး၏။

ဗရုတ်ဗရတ်နှင့် သုသာန်ဘက် ထွက်ခဲ့ကြ၍ သင်္ချိုင်းဟင်းလင်း ရှေ့ မှောက် ရောက်လေသော် လူမြင် သူမြင် ဖြစ်၍ ဆွေးမြေ့ဟုပ်မမ်းကာ သားနှစ်ယောက်တည်းသာ အဖေ ကျွန်တော့်အား 'နောက်ဆုံး နှုတ်ဆက် မခြင်းအားဖြင့် ဦးချမည်' ဟု ကြွေးကြော်လျက် ယောကျ်ား မာန အံကြိတ် ၍ မကြကာ ကားပေါ်မှ တွန်းလှည်းပေါ်သို့ ရွေ့ကြလေသော် ...

www.burmeseclassic.com



မနိုင့်တနိုင် ဖြစ်ရကား ခလုတ်တိုက်၍ ခေါင်းဖုံး ပွင့်ကာ မသာ ကျွန်တော် အောက်ပြုတ်ကျ သတိပါ ပြန်ရပါသဖြင့် ချိုစောင်းတွင် တစ်ဘု ထွက် ငုတ်တုတ်ထ လူလုံးပြလျက် ရှိလျှင် "ဟင် …" ဆိုသော အသံကြီး ကျန်ရစ်သူ မိသားစုကြား တစ်ပြိုင်နက် ကြားရ၍ ဝမ်းသာရမည့် အစား ဖုတ်ဖတ်ခါ အားလုံး ထွက်သွားကြသဖြင့် အရပ်က ကားဖြင့်ပင် ကိုယ့်အိမ် ကိုယ် ပြန်ရ၍ ရက်လည်သော် ကိုယ့်မသာ မုန့်ဟင်းခါး ရပ်ကွက် အကူနှင့် ကိုယ်တိုင် ချက်စား၍ ဘုန်းတော်ကြီး တရားနာရသည် ဖြစ်ရကား သင်းတို့ အားလုံး စိတ်ဆင်းရဲ သေလေသော်မှ စည်းစိမ်တွေ ကျွန်တော် ရကာ သက်တော်ရာကျော် အတော် ရှည်ရှည် တစ်ကျော့ ပြန်နေရလေသတည်း။ (တိုက်ဆိုင်မှု အားလုံးကို ခွင့်လွှတ်ပါ)



## ကော်ပီ ဆိုသည်မှာ ….

မြောက်အရပ်တွင် မျောက်များ ရှိပါသည်။ တောင်အရပ်တွင် တောင်ကုန်း တောင်တန်းများ ဖုထစ်နေပါသည်။ အနောက် အရပ်တွင် နောက်ပြောင်တတ်သူများနှင့် အရှေ့ အရပ်တွင် ရှေ့နေ တချို့ ရှိကောင်း ရှိပါမည်။ လူလည် ဆိုသူမှာ အလယ် တည့်တည့်တွင် နေသူလား၊ လယ်ထွန်သူ လယ်သမားလား၊ အလည်အပတ် များသူလား ကျွန်တော် မသေချာပါ။ ကျွန်တော် မသေချာခြင်းသည် ခင်ဗျား မသေချာခြင်း ဤစာစု၏ မသေချာခြင်း ဖြစ်နိုင်ပါသည်။ ဝိဒူရ အမတ်၏ မသေချာခြင်း၊ အက်ဂါအယ်လင်ပိုး၏ မသေချာခြင်း ဖြစ်နိုင်ပါသည်။ မုန့်ကျွဲသဲ၏ မသေချာခြင်း၊ နယူတန်၏ မသေချာခြင်း၊ လက္ခဏာသည် သီတာ ဒေဝီကို ကြိုက် မကြိုက် မသေချာခြင်း၊ စီးပွားရေးသမား၏ မသေချာခြင်း၊ ဆရာဝန်၏ မသေချာခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤစာစုသည် (နောက်တစ်မျက်နှာ မကူးမချင်း) တစ်မျက်နှာ ဝတ္ထု ဖြစ်ပါသည်။ ဖတ်နေသော ခင်ဗျား မျက်လုံးနှင့် ကျွန်တော့် စိတ်၏ ကြားတွင် ဖြစ်ပါသည်။ လူနှင့် လက်များ ကြားမှ ဖြစ်သော စကား ဖြစ်ပါသည်။

တစ်ရံရောအခါက ကမ္ဘာတွင် လူတူ ချွတ်စွတ် နှင်းဟောက် မရှိပါ။ စီးပွားရေး၊ လူမှုရေး မရှိ၍ နိုင်ငံရေး မရှိပါ။ ဖော်ဟောင်ဘာ ၁၁နှင့် ဆူနာမီ မရှိပါ။ နပိုလီယန်၊ အနော်ရထာ၊ ဂျင်ဂစ်ခန်၊ ဟစ်တလာ၊ မူဆိုလီနီ



www.burmeseclassic.com

နှင့် ဘင်လာဒင် မရှိပါ။ ရှိတ်စပီးယား၊ ဘရစ်တနီ စပီးယား၊ အက်(တ) မောစဖီးယား၊ မာဖီးယား မရှိ၍ ဗင်းနစ်(စ်) မြို့သား ကုန်သည်သည် ကုတ်အင်္ကျီ အနက်၊ မျက်မှန် အနက်နှင့် အသက် ၀၀ မရှုဘဲ ပါပရာဇီများကို ရှောင်ပုန်းရင်း ဗိုက်မကြီးပါ။ ပိုက်ဆံ မရှိ၍ သူဌေး မရှိပါ။ လူတိုင်း တင်းပုတ် ကိုင်၍ ထုရိုက် စားသောက်ကြသော တင်းပုတ် ယဉ်ကျေးမှု ရှိပါသည်။ ဆံပင်ရှည်နှင့် မုတ်ဆိတ် ရှိပါသည်။ ကျောက်တုံး ကျောက်ခဲ များနှင့် ဂေါ်ဇီလာ ရှိပါသည်။ ကျောက်ဂူထဲ နေ၍ အရာရာ ကြောက်ရသော ကျောက်ခေတ်တွင် ကျောက်ကပ် တစ်ခြမ်းကို တရားမဝင် ရောင်းမစားပါ။ ထိုသို့ အမှန်တကယ် ရှိခဲ့ကြောင်း အထောက်အထားနှင့် ကျွန်တော် ဖတ်ဖူးပါသည်။ (လုံး၀ မယုံကြည်ပါ) ခင်ဗျား ယုံကြည်မည် ဆိုလျှင်တော့ ဤစာစုသည် မော်ဒန် အနုပညာ နည်းနာ တစ်ခု ဖြစ်သည့် *Collage* ခေါ် စပ်ထည် အမျိုးအစား ဖြစ်ကြောင်း (ဦး) သစ္စာနီက 'ပြာဖြစ်သွားသော ပန်းသီးနှင့် အခြား ဝတ္ထုတိုများ' စာအုပ်၏ ၅၂ နှင့် စ၍ အိပ်မက် အသစ်မှ ထုတ်ဝေသည်နှင့် ဆုံးသော စာမျက်နှာတွင် အတိအလင်း ဖော်ပြ ထားကြောင်း အထောက်အထားနှင့် တကွ ကျွန်တော် အဆိုတင်သွင်းပါမည်။ ထို့အပြင် ကျွန်တော့်ထံ၌ လိုရာဆွဲ ဖော်ပြ၍ အပြည့်အစုံ တစ်ခုလုံးကို ဖုံးဖိထားတတ်သော၊ အထောက်အထား အတိအကျနှင့် တကွ စနစ်တကျ လိမ်ညာတတ်သော မော်ဒန်လူ ပီသမှု၏ *Collage* ခေါ် စပ်ထည် အမျိုး အစား စိတ်ဓာတ် တစ်ခု ရှိကြောင်းလည်း အဆိုတင်သွင်းပါမည်။ အထွန့် တက်၍ ရသွားလျှင် ကျွန်တော့်ထံ၌ ကင်ဆာနှင့် တူသော ကော်ပီ၊ အုန်း ကျွန်း (မြန်မာလို ဖတ်ပါ) ခွဲရေး တွဲရေး ရောဂါ တစ်မျိုး စွဲကပ်နေကြောင်း ခင်ဗျား၏ ခေါင်း ခါး ခြေ လက် ကိုယ်ကာယ လှုပ်ရှားမှုများသည် ခင်ဗျား အရင် အသက်ရှင်သွားကြသော ရှေးလူများ၏ လှုပ်ရှားမှုများကို ကော်ပီ လုပ်ထားခြင်း ဖြစ်၍ ခင်ဗျား၏ ကိုယ်ပိုင် အတွင်းတရားနှင့် သောက်ကျင့် (သောက်တတ်သော အကျင့်) သည် အုန်းကျွန်း ဖြစ်ကြောင်း၊ ကျွန်တော့် တူမလေးသည် လေးလ သမီးလေး ဖြစ်၍ ကော်ပီများသာ အားကောင်းနေသေးကြောင်း၊ ကျွန်တော့် ဇနီးသည် ကျွန်တော်က သူ့ကို ချစ်သောကြောင့် အုန်းကျွန်းဟု ထင်ကြောင်း၊ နံပြားနှင့် ပေါက်စီသည်





ကျွန်တော်တို့ အတွက် ကော်ပီ ဖြစ်၍ မုန့်ဟင်းခါးသည် အုန်းကျွန်းဟု ထင်ကြောင်း၊ မုန့်လင်မယားသည် အုန်းကျွန်းဟု ထင်ကြောင်းတို့ကိုလည်း ခင်ဗျားကို အရွဲ့တိုက်၍ (အရက်တိုက်၍ မဟုတ်ပါ) ပြောပြပါမည်။

အနောက်တိုင်း လူငယ် ဂီတဝိုင်း *Blur* ကို ကျွန်တော်က 'ဗလာ' ဟု မြင်၍ ခင်ဗျားက *Blur!* ဟု မြင်နိုင်ပါသည်။ *Green Day* ဝိုင်းတော်သားများသည် အနောက်တိုင်းသားများ ဖြစ်၍ ဂရမ်မီဆု ရကြသော ညက ဗီသိုဗင်ကို ကျွန်တော် အိပ်မက် မက်ပါသည်။ သူ အဆိုတော် ဖြစ်ရန် ကြိုးစားနေကြောင်း၊ နောက်နှစ် အော်စကာဆု မှန်းကြောင်း၊ မော်ဒယ်လ် လုပ်ရင်း စာလည်း ရေးကြည့်ချင်သေးကြောင်း၊ ယခု ကုမ္ပဏီ အစည်းအဝေး တစ်ခုမှ ပြန်လာကြောင်း၊ အိပ်မက်ထဲက တစ်ဆင့် လက်ကိုင် ဖုန်းနှင့် ကျွန်တော့်ကို ပြောရာ အကြီးအကျယ် ထိတ်လန့်၍ ကျွန်တော် လန့်နိုးရပါသည်။ ဗီသိုဗင်မှာ လွန်ခဲ့သော လေးနှစ်က ကွယ်လွန်ခဲ့၍ မကြာခဏ တစ္ဆေ ခြောက်တတ်သော ကျွန်တော် မွေးဖူးသည့် ခွေးမြီးတို ဖြစ်ပါသည်။ ခင်ဗျားနှင့် ကျွန်တော့် နားလည်မှု မရနိုင်ပါ။ ကျွန်တော့် ကွန်ပျူတာသည် အထီး မဟုတ်ပါ။ ဤစာစုသည် စပ်ထည် အမျိုးအစား မဟုတ်၍ မြန်မာ စာပေ လောက၏ လေးကွက်ကြား ဝတ္ထုတို မဟုတ်ပါ။ ကျွန်တော် စာရေးဆရာ မဟုတ်ပါ။ ကျွန်တော့် အိမ်တွင် ကြိုး မရှိ၍ မီးလာမည် မဟုတ်ပါ။ ကျွန်တော်သည် မော်ဒန် စပ်ထည် အမျိုးအစား 'လူ' ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်သောကြောင့် အမှား လုပ်မိမည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## စတူဒီယို ဆိုသည်မှာ ....

အချိန်ကျပြီ ဖြစ်ရာ အသံဖမ်း ဝိဇ္ဇာ အင်ဂျင်နီယာသည်ကား မစ်ဆာဘုတ် ခပ်စုတ်စုတ် တစ်ခု ရှေ့ဝယ် ငုပ်တုပ် စံပယ် တင့်တယ်စွာနှင့် ရှိနေလေပြီး ထိုသူ၏ တပည့် ဘဝ လက်ထောက် အင်ဂျင်နီယာ ငတေမှာကား သူတို့၏ စတူဒီယို အချိန် ပိုမှန်လေကြောင်း ကပ်စတန်မာ အများ သိကြစေရန် အကြံဖြင့် တိုင်ကပ်နာရီစုတ်ကို နံရံမှ ဖြုတ်၍ ခေတ်ခဲ ထည့်ကာ ဆယ်နာရီ တိတိသို့ လှည့်လေသည်။ နာရီ ပြန်ချိတ်၍ ပြီးလေသော အခါမှ 'လူတွေများ ဝီရိယ တဝကြီး နည်းသကိုး' ဟု ယိုးစွပ်သံည်တွင် အင်ဂျင်နီယာတန်မဲ့ နားလေးလျက် ရှိသော သူ့ဆရာမှ ဘာကြားသည် မသိ 'အေး နှစ်ချောင်းလုံး တပ်လိုက်တော့' ဟု မိန့်ရာ 'ခင်ဗျာ' ဟု အူကြောင်ကြောင် ဖြစ်ရာလေပြီးမှ သတိသွားရ၍ မစ်ဆာဘုတ် စားပွဲအောက် လေးဘက်ထောက် ဝင်ကာ ဖြုတ်ထားသော မီးပလပ် နှစ်ခေါင်းအား အသင့် ရှိရာ ပလပ်ပေါက်များမှ နှစ်ခုထဲသို့ ကပ္ပိခဲ့လေ၏။

အသံ သွင်းမည့် သူများ မရောက်လာကြသေးသည့် အားလပ်ချိန်မှာ လက်ထောက် အင်ဂျင်နီယာ ငနဲသည် လုပ်မြဲ အစဉ်အလာအားဖြင့် အခန်း ထောင့်မှ တံမြက်စည်းမွေးတိုကို အမွေးကို အပေါ် ထား၍ ပြောင်းပြန် ထောင်ခြင်း၊ ဒရမ်မာ ထိုင်တီးရန်ထားသော သစ်သားရှေး ခုံခြစ်ကို လက်အစုံ ဖြင့် အသက် အောင့်လျက် ခုနှစ်ချက် တဖုတ်ဖုတ် ပုတ်ခြင်း စသဖြင့်

www.burmeseclassic.com



လူ အလာ များရန် ဓာတ်ဆင် ဓာတ်ရိုက်နည်း အားဖြင့် လာဘ်ခေါ်၍ ပြီးနောက်တွင် ...

ကုလား ဘင်ခရာ တီးဝိုင်းမှ အပေါင်ဆုံး အဖြစ် ရထား၍ 'ဘော့စ်ဒရမ်' ဖြစ်နေရရှာလေသော 'ဘင်' မှုဆိုးမလေးကို လည်းကောင်း၊ သင်းနှင့် ချိတ်တိတ်တိတ် ဖြစ်နေလေသည့် 'ဘော့စ်ဒရမ်ကစ်' တစ်ဖြစ်လဲကြေးစည် ထုသည့် မုဆိုးဖို ဘုမည်းမည်း အမူးပြုသော 'ပက်ဒယ်' ကို လည်းကောင်း၊ ကျောင်း တစ်ကျောင်းမှ ခိုးရာပါ ပစ္စည်း ဖြစ်သည်ဟု မသင်္ကာ ခံရ၍ အတန်တန် ရှင်းကာ အာမခံဖြင့် စခန်းမှ ပြန်ယူလာခဲ့ရသည့် 'စနဲ' ကို လည်းကောင်း၊ ဓာတ်ခေါင်းကွဲ တစ်ခုမှ အောက်ဈေးဖြင့် ခပ်တင်းတင်း ဆွဲခဲ့သည့် လင်ကွင်း နှစ်ခုကို သံချောင်းတို၊ သံချောင်းရှည်၊ စပရိန်၊ မှုလီဆက်လျက် နည်းပညာ ဆန်းသစ်ထားသော 'ဟိုင်းယက်' ကို လည်းကောင်း၊ 'ဓာဂျီယန်' ဟု ဗမာလို ရေးထားသည့် ပြည်တွင်းဖြစ် မကွေးကြေး 'ဆင်ဘယ်' နှစ်ချပ်ကို လည်းကောင်း၊ ပလာစတာ ဖာရာ အထပ်ထပ်နှင့် သပ်ရပ်စွာ နှစ်လုံးပြူးနေသည့် 'တွမ်' ခေါ်တောင်တောင် များကို လည်းကောင်း၊ ပတ်မကြီး တစ်လုံးကို ပုဆိုးနှင့် အုပ် ကြိုးတုပ်ထားသည့် ကလိန်ခြံ 'ဖလိုး' ကို လည်းကောင်း စသည့် ပစ္စည်းများ စုပေါင်းထား၍ ခြေလက် လေးဘက် ကားယား အလုပ် များရသည့် အနောက်တိုင်း တူရိယာ တစ်ခုအား ဂြိုဟ်သွား ဂြိုဟ်လာများနှင့် အညီ နေသားတကျ ရှိမရှိ ကြည့်ရှုပြီး လတ်သော် အခန့်မသင့်လျှင် ဓာတ်လိုက်တတ်လျက် အဖတ်၊ ဓာတ်ကြိုး၊ အင်ပလီဖိုင်ယာ ဗာဟီရစုံစီနဖာ စုံလင်စွာ ပါပါမှ အသံ တစ်ချက် နှစ်ချက် ထွက်တတ်သည့် ခြောက်ကြိုးတပ်နှင့် လေးကြိုးတပ် အလက်ထရစ် ဂစ်တာ နှစ်လက်ကို ဆက်လက် စစ်ဆေးနေလေ၏။

ဂီတ ပညာရှင်ကြီးများ ကြွချီလာကြပြီ ဖြစ်ချေရာ ရှုကြကုန်လော့။

တရုတ် မသာ ခုနှစ်ခါ တိတိ တီးဖူးသည့် တိုင်းကျော် ပြည်ကျော် ခေတ်ပေါ် တေးဂီတဝိုင်း တစ်ခု၏ ဆရာသိက္ခာတော်ရ 'ဒရမ်မာ' က တစ်ယောက်၊ သုံးနှစ်သားက ယောင်းမနှင့် တစ်ခါ ဆော့ဖူးသဖြင့် ပါရမီ ထူးရှာသည်ဟု သမုတ်ခံရလေသော ခြောက်ကြိုးတပ် လောကမှ အောချ နေကြရသူ အူတူတူ စုတ်ဖွားဖွား 'လိဒ်' ဂစ်တာသမားက တစ်ယောက်၊





လေးကြိုးတပ် တီးခတ်ခြင်းသည် ခြောက်ကြိုးတပ် တီးခတ်ခြင်းထက် ရှေ့ ပဝေသဏီကပင်လျှင် အစဉ် သာလွန်လျက် 'ခက်' လှသော ပညာဟု အစဉ် ယုံနေရှာသော 'ဘော့စ်' ဂစ်တာက တစ်ယောက် အစရှိသော ဂီတ လောကတွင် သမ္ဘာရှိသည့် ဆရာ ကဝိ ပညာရှိ အဆူဆူတို့သည် တပည့်၊ သား၊ မြေး စုံလင်စွာ ယောင်ချာချာ နောက်လိုက် နှစ်ဆယ်တို့ ခြံရံလျက် စပ်ဖြဲ စပ်ဖြဲနှင့် ခပ်ရဲရဲ လာကြလေကုန်၏။

ထိုသူတို့၏ နောက်၌တွင်ကား သူ့ ပြု၍ ပိုက်ဆံ ရအောင် လုပ်ရမည့် ကိစ္စတွင် အခရာ ကျသဖြင့် ပရိဂျူဆာတို့နှင့် တကွ လူတကာက မြှောက်ပင့်ကပ်စား 'ဖား' နေကြရလေသည့် အသုဘ ငိုချင်းသည် လောက တလွှားတွင် ဟိုးဟိုးထ ကျော်ကြားခဲ့သော တရုတ် မိုက်ကရိုဖုန်း တစ်လုံး တိတိ ပိုင်သနေပြီ ဖြစ်သည့် 'အဆိုတော်' ဆိုသည်မှာ ၎င်း၏ ခယ်မ၏ မောင်၏ ယောက်ဖ၏ အစ်ကို နှစ်ဝမ်းကွဲ၏ ဘကြီး၏ ဒုတိယ မယားမှ မွေးပြီး သူ မွေးစားထားသည့် အာကျယ်ကျယ် ကလေးငယ်ကို ရင်ဝယ် ထွေးလျက် အချစ်တော် ခွေးဝဲစားကို လက်မှ ဆွဲကာ ဝင်လေ၏။ နောက်၌တွင်ကား အဆိုတော်၏ ဘယ်နှယောက်မြောက်မှန်း မသိသော ပျံ့တံ့တံ့ ရည်းစားသည် မျက်နှာထိ မျက်နှာထား ချိုလျက် လက်ကိုင်ဖုန်း တစ်လုံးကို နားဝတွင် နှစ်ပြား ဂဟောဆက် 'ဟယ်လို ဟယ်လို' ခုနှစ်သံ ထွက်ကာ ဘောက်ဆတ်ဘောက်ဆတ်နှင့် (သူနှင့် ဘာမှ မပတ်သက်သော်ငြား) လိုက်ပါ ချီးမြှင့်လေ၏။ ပိန်ညှောင်ညှောင် ရှုသိုးသိုး တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေပုံ မျက်နှာပေါက်မျိုးနှင့် တေးရေးဆရာသည် လည်းကောင်း၊ ဆောင်းပါးရှင် ဖြစ်ရသည်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဖြစ်ရသည် ထင်၍ အင်တင်တင် အောက်သိုးသိုး အပေါက်ဆိုး ထ ထမှုတ်တတ်သည့် စတူဒီယိုတွင်း သတင်း လာယူသူသည် လည်းကောင်း အလုပ် ရှိ၍ဘာ လာ[illegible] နှင့် အချိုးမပြေ ဝင်လာကြလေ၏။ အဆိုပါ လူဗျောက်သောက် [illegible]တို့သည် ထသူထ၊ ထိုင်သူထိုင်၊ ဟိုဟာကိုင် ဒီဟာကိုင် [illegible] ဒီမေး ဟိုပြော ဒီပြောနှင့် ရုတ်ရုတ် ရုတ်ရုတ် လုပ်ကာ ရှု[illegible]ကြသော်ငြား အင်ဂျင်နီယာဆရာမှာကား ဦးမာဃ ဘီလူးစီးသည့် [illegible]သော သင်္ကြန်တွင်းက မူးမူးနှင့် သူ အသံဖမ်းစဉ် တစ်ခြမ်း [illegible] လောင်ကျွမ်း ရှော့ခ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဖြစ်သလို ပြန်လုပ်ထားရသော မစ်ဆာဘုတ်ရှေ့ဝယ် ခလုတ်များကို ဟိုတို့ ဒီတို့လျက် ရှိနေလေ၏။ တပည့် အင်ဂျင်နီယာမှာလည်း ခြောက်ကြိုး မာစတာ၏ ပြွန်တဆာ 'ဂစ်ဘဆင်' အသံလွှင်ရန်ကို လည်းကောင်း၊ လေးကြိုးကဝိ၏ သုံးခွ 'ယမဟာ' အသံစာရန်ကို လည်းကောင်း အထူးလုံ့လ ပြုနေရာရင်းမှ 'ကြိုးလွဲနေပြီ' ဟု တစ်ခွန်း ပြောမိရာ အဆိုတော် ရည်းစား ကြားသဖြင့် 'မိုက်ရိုင်းလိုက်တာ' ဟု ထောပနာခြင်းကို ခံရသည် သာမက သူ့ဆရာမှ နားစွန်နားဖျားနှင့် 'မိုက်စမ်းရဦးမယ်လေ' ဟု ငေါက်ခြင်းကိုပါ ဆက်၍ ခံရရှာလေသည်။ ထိုခဏ၌ မည်သည့် အသံကိုမဆို တစ်သားတည်း ဖမ်းရန် ရည်ရွယ်၍ မျက်နှာကြက် အလယ်ခေါင် တည့်တည့်မှ တစ်လုံးထဲ တွဲလောင်းချထားသည့် အရင့် အရင် အဆိုတော်များ တံတွေး သကြိန်ကျသွားသဖြင့် အာပုပ်နံ့နှင့် သံချေး တလှိုင်လှိုင် ဖြစ်နေသော မိုက်ကရိုဖုန်းနား အဆိုတော် ကပ်သွားရာ အင်ဂျင်နီယာမှ 'အသံလေး တစ်ချက်လောက်' ဟု လှမ်းတောက်သဖြင့် ယောင်နန်နှင့် ဘာသံ ရွတ်ရမှန်း မသိ ဖြစ်နေပြီးမှ 'ဘူဒိတ်ပိတ် ဗတ်ဗတ် ဗတ်ဗတ် အု' ဟု အသံပြုလေ၏။ အသံကား ဖမ်း၍ ရလေပြီ။ စနေထောင့်မှ ဂစ်တာ ပလေယာများလည်း ဘုရား တရား အာရုံပြု၍ ရယ်ဒီ လုပ်နေကြသော်ငြား ဒရမ်မာကား အသင့် အနေ မရ၊ ဒရမ် အစမ်း တီးကြည့်စဉ်က ဘေ့စ်ဒရမ် တစ်လှည့်၊ သူ့ညို့သကျည်း တစ်လှည့် ဆောင်တော်ကူးလျက် အပြန်အလှန် ထုနက် ပျော်မြူးပြခဲ့သော ကြေးစည်ဘုရန်မှ ကာကွယ်ရန် ပုဆိုး ချွတ်၍ ညို့သကျည်းအား ပတ်ပြီးလျှင် ထိန်းသိမ်း စောင့်ရှောက်ရန် ကြံနေရလေသည်။

အဆုံး၌ကား ပလေယာများ အားလုံး နေသားကျရုံမက အဆိုတော်မှာ ဆိုရန် ခါးတောင်းပင် မြှောင်အောင် ကျိုက်ထားပြီးလေ၍ အင်ဂျင်နီယာမှ 'အသံဖမ်းမယ် အားလုံး ငြိမ်ပါ' ဟု ကျန်လူများ ကြားအောင် အော်ရလေ၏။ သို့သော်ငြား ကျန်လူသွမ်း တစ်စုမှာကား တဝေးဝေးတဝါးဝါး စကားများနေကြသည် ဖြစ်၍ မည်သူကမျှ မကြား၊ ဝါးခနဲ ရယ်သံ တစ်ခုက လွှမ်းသွားသည် ဖြစ်ရာ အတွေ့အကြုံက စကား ပြောသည့် အလျောက် အဆိုတော်က မိုက်နား ကပ်ကာ 'စမယ်' ဟု မက်တယ်သံနှင့် ကြုံးအော်





လိုက်ရ၏။ ထိုအခါမှ အတန်ငယ် ငြိမ်သက်သွားပြီး ရုတ်တရက် တိတ်သွားသည်ကို ရိပ်မိနေကြပြန်သဖြင့် ယီးတီးယားတား ဖြစ်သွားကြပြီးမှ ဒရမ်မာမှ နွားရိုက်သော ကြိမ်ကို ထက်ပိုင်း ချိုး၍ လုပ်ထားသော 'ဒရမ်စတစ်ခ်' နှင့် 'ဆင်ဘယ်' တစ်ချပ်ကို တဗွမ်ဗွမ် နှံကာ 'ကြူ' ပေး၍ တိုင်မင်ခေါ်လိုက်ရာ ကြူဆုံးသော် ဂစ်တာသမားများ ဒရောသောပါး လိုက်တီးကြလေ၏။ တေးရေးဆရာမှ 'တစ်ဘားစောတယ်' ဟု မှုန်ကုပ်ကုပ်နှင့် မှတ်ချက် ပြုသည်ကို အဆိုတော် ရည်းစား ကြား၍ အနားက တစ်ယောက်ကို လက်တို့ကာ 'ဂီတသမားတွေ အတော် ရိုင်းတာပဲ' ဟု ထောပနာပြန်လေသည်။ အဆိုတော်လည်း ဝင်ဆိုနေပြီ ဖြစ်၍ အင်ဂျင်နီယာမှာလည်း မမိမိအောင် အားခဲ အသံဖမ်းနေစဉ် အဆိုတော်၏ အချစ်တော် ဝဲစားမှာ အသံတကာကို နားကလောလှသည်ထင့် တအင့်အင့် အသံပြုရာမှ မတရား ထ၍ အူနေရာ မရှေးမနှောင်းမှာပင် အဆိုတော် ရည်းစားမှာ လက်ကိုင်ဖုန်း လာသံ ကြား၍ 'ဟယ်လို ဟယ်လို' နှင့် ခုနစ်သံချီ ဟစ်နေပြန်လေသည်။

နောက်ခဏတွင်မှာကား ပေနှစ်ဆယ် ပတ်လည် ယိုင်နဲ့နဲ့ စတူဒီယိုစုတ်လေးဝယ် အဆိုတော်၏ ဝမ်းခေါင်းသံကြီးသည် လည်းကောင်း၊ ဒရမ်မာ၏ တဖုန်းဖုန်း၊ တဗွမ်းဗွမ်း၊ တဗတ်ဗတ်၊ တဖြတ်ဖြတ်သံသည် လည်းကောင်း၊ မကြာခဏ ခေတ်လိုက်နေကြသည့် စနေထောင့်မှ ဂစ်တာဆရာနှစ်ယောက်၏ ပြုတ်တောင်း ပြုတ်တောင်း ကွိကွိ ကွကွ ဒူဒူ ခပ်အူအူ အသံ နှစ်ခုသည် လည်းကောင်း၊ ဆွဲဆွဲငင်ငင်နှင့် လွှမ်းချင်ဖွယ် ကောင်းလှသော ခွေးအူသံသည် လည်းကောင်း၊ ကလေး ငိုသံ၊ စကား ပြောသံ၊ ငြင်းခုန်သံ၊ ရယ်သံ၊ ဆဲသံ၊ အတင်းပြောသံ၊ ကျန်လူတစ်သိုက်ထံမှ ပေါက်ကရ အသံများနှင့် တကွ အဆိုတော် ရည်းစား၏ 'ဟယ်လို ဟယ်လို' သံများ အားလုံးတို့သည် တစ်သံကို တစ်သံ ဖေးမ တွဲခေါ် အားပြုလျက် တစ်လုံးတည်းသော မိုက်မှ တစ်ဆင့် မစ်ဆာထဲသို့ တစ်လုံးတစ်ခဲတည်း ဝင်နေလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## စီရီး တစ်ခွေ ဆိုသည်မှာ ....

ကျွန်တော်၏ နီးစပ်ရာ ပတ်ဝန်းကျင် လောက ယနေ့ခေတ် အခါ သမယ လူငယ်ထုကြားတွင် ဝါသနာကြမ်းပိုးက သူတို့ ဖင်ထိုး၍ပဲလား၊ အောင်မြင် ကျော်ကြား ပေါ်ပြူလာ စတား လူတကာ သိသည့် စူပါ စတိ ဖြစ်ချင်၍ပဲလား ကျွန်တော် မကွဲပြားသော်ငြား ဟိုလူလည်း အခွေ လုပ်ချင် ဒီလူလည်း အခွေ လုပ်ချင်နှင့် တပြင်ပြင် တရွရွ ဖြစ်နေကြသော လူငယ်များ မနည်းလှသည်ကို သတိထားမိပေသည်။ ခိုးကူး၊ ပြောင်ကူး၊ မရဲတရဲကူး၊ လက်တို့ကူး၊ အပျော်ကူး၊ အချင်းချင်း ပေးရန် ကူး၊ စီးပွား ဖြစ်ကူး၊ ဆလက်ရှင် ကူးနေကြလျက် ရေကူးနည်းတွင်ပင် လေးငါးနည်း သာသာလောက်သာ ရှိငြား အခွေ ကူးနည်းများ လောကတွင် ပွထနေရုံမက *MP3, MP4* တို့ဖြင့် တပေါးပေါး တဟိုးဟိုး မျိုးစုံ ဖြစ်၍ ဂီတ လောက တခွင် *Technology* ဆင်နင်းသဖြင့် ပြားပြားဝပ်နေသော အခြေ အနေတွင်ပင် အခွေ တည်ချင်သူ လူငယ်များ မရှားသည် ဖြစ်ရာ ကျွန်တော် သည်မှာကား လွန်ခဲ့သော ဆယ်နှစ်ခန့် ကာလများက စီးရီး တစ်ခွေ လုပ်ခဲ့ဖူးသည် ဖြစ်သည့် အလျောက် အမျိုးမျိုး ကြုံခဲ့ရဖူးသည်ကို သူတို့ အတွေ့အကြုံ ရစိမ့်သောငှာ ပြောပြချင်၍ ပါးစပ် တပြင်ပြင် လျှာတယား ယား ဖြစ်ရလေ၏။ သို့သော် တစ်ခု ရှိသည်မှာ ကျွန်တော် ဆိုသော သတ္တဝါသည် လေပေါက်လေး နည်းနည်း တည့်ပါက ပေါက်တတ်ကရ



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ စကားများလှသည် ဖြစ်ရာ (ကြုံဖူးသူများ နားရာဇဝတ်သင့်ဖူးကြပါမည်) နားထောင်မိသူ ခဏျာ မခံနိုင်စရာ အန္တရာယ် ကြီးသည့် အဖြစ်ကို မြင်မိ၍ ပါးစပ်နှင့် မပြောဘဲ လက်နှင့်ပဲ နည်းနည်း ရေး၍ ဂျာနယ် မဂ္ဂဇင်းတို့သို့ ပို့ကြည့်ရပါမူ သူတို့ သုံးပါက ဟန်ကျနိုင်လောက်သည်ဟု အကြံရသဖြင့် ချရေးကြည့်လေသည်။ ထိုသည်တွင်မှ ပါးစပ်က ပြောပါက အာညောင်းလျှင် ရပ်သွားပါသော်ငြား လက်ဖြင့် ချရေးသော အခါမှ ညောင်းလျှင် ခဏနား၊ ခဏ ကြာလျှင် ပေါက်တတ်ကရ ဆက်ရေးချ၍ မပြီးနိုင်အောင် စခန်း သွားနေသဖြင့် အနိုင်နိုင် အတင်း ရပ်၍ ပြန်ဖတ် အတိုချုံးကာ သိချင်သူများ အတွက် ခပ်သွက်သွက် တင်ပြရသည် ရှိသော် ...

စီးရီး တစ်ခွေ စီစဉ်၍ အလုပ် ရှုပ်ချင်သည် ဆိုပါက လုပ်ရန် အလုပ် အကြမ်းအားဖြင့် သုံးခု ထွက်၏။ အသံ သွင်းခြင်းသည် တစ်လုပ်၊ ရုံးတင်ခြင်းသည် တစ်လုပ်နှင့် ထုတ်လုပ် ဖြန့်ချိခြင်းသည် တစ်လုပ် စုစုပေါင်း သုံးလုပ် ရှုပ်ရ၏။ ဤသုံးခု အနက်မှ ရုံးတင်သည့် ကိစ္စသည် စိစစ်ရေးရုံးမှ စိစစ်ပေးရသည့် ကိစ္စ ဖြစ်၍ သင်ကိုယ်တိုင် ဝင်၍ စိစစ်ချင်သည်ဟု အူကြောင်ကြောင် ဝင်ရှုပ်၍ မရ၊ တာဝန်ရှိသူများ၏ ကိစ္စသာ ဖြစ်ရာ သင့်မှာ လုပ်စရာ နှစ်ပိုင်းသာ ကျန်၏။ အသံ သွင်းခြင်း အပိုင်းတွင် ဆိုတီးစရာ သီချင်း ရှိရ၏။ ဆိုတီးသူ ရှိရ၏။ အသံသွင်း အသံဖမ်းမှု ရှိရ၏။ ပြီးသော် အသံ ညီစေ၊ သာစေရန် *Mix down* ဟူသော ကိစ္စ လုပ်ရ၏။ *Mix down* ပြီး၍ *Master* ကိစ္စ ပြီးသော် တစ်ပိုင်း နိဂုံးချုပ်လေသတည်း။ နောက်တစ်ပိုင်းသည်ကား ဈေးကွက်တွင် ထုတ်လုပ် ဖြန့်ချိသည့် ကိစ္စ ဖြစ်၍ ကာဗာ ဒီဇိုင်း၊ အခွေ အခွံ၊ အခွေ အသားသာမက ကျန်ဗာရီရ တပြုံတမ သင့် လက်ဝယ် ရ၍ စိစစ်ရေးရုံး ခွင့်ပြုမိန့် အထွေထွေ ပါ ကျလာပါက ဈေးကွက်တွင် ကြော်ညာခြင်း၊ ဖြန့်ချိခြင်းတို့မှာ ဖြန့်ချိရေး လုပ်ငန်းနှင့် သင် အဆင်ပြေသလို အထွေထွေ ညှိ၍ အခွေ ထွက်ရက်ကို ဗေဒင် ထွက်ချင်ထွက် မထွက်ချင်နေ သတ်မှတ်ရပြီး အခွေ ထွက်လေသော် ပေါက်သည် မပေါက်သည်၊ အောင်မြင်သည် မအောင်မြင်သည်၊ ရောင်းရသည် မရောင်းရသည်မှာ သင့်အရာ မဟုတ်တော့သောကြောင့် အခွေ



BURMESE CLASSIC .com



တစ်ခွေ စီစဉ် ထုတ်ဝေပြီးလေသတည်း။ ဤစာပိုဒ်မျှ ဖတ်ပြီး၍ အခွေ ထုတ်ရတာများ အလွယ်သားဟဲ့ဟု သင် အထင် ရှိလေလျှင် အောက်ဖော်ပြပါ ကျွန်တော်၏ ခွက်ခွက်လန်ဖူးသော စီးရီး တစ်ခုကို ပမာ အဖြစ် ပြု၍ ဆင်ခြင်ကြည့်လေလော့။

စီးရီး တစ်ခွေ စီစဉ် ထုတ်ဝေမည့်သူကား အနုပညာနှင့် ဂီတလောက အကြောင်းကို ဘာတစ်ခုမှ မသိသည့် (၁၈) နှစ် အရွယ် ငတိ ဖြစ်၏။ ၎င်း အခွေ၏ ငွေကြေး ကုန်ကျစရိတ် အိတ်စိုက်သည်မှာ ၎င်း၏ မိဘများသာ ဖြစ်၍ ရှုံးသည် ဖြစ်စေ၊ မြတ်သည် ဖြစ်စေ ၎င်း တာဝန်ယူရကောင်းမှန်း မသိ ဖြစ်၏။ ဤအချက် နှစ်ချက်တည်းနှင့်ပင် ဘာဖြစ်လာတော့မည်ကို သင် သိလောက်ပေသည်။ မှန်ပါသည် မိတ်ဆွေ၊ သင်၏ အတွေး သွေးထွက်အောင် မှန်ပေရာ သောက်သရမ်းများသာ ဖြစ်လာလေတော့၏။ ကြည့်လော့ ...

ခေတ်ကို မော်ဒန်ခေတ်ဟု သူ ထင်နေ၍ သူ့ကိုယ်သူ *Rocker* စစ်စစ်ဟု အခြေအမြစ် မရှိ ခံယူ၏။ လွတ်လပ်ရမယ်၊ လွတ်လပ်ရမယ်ဟု ထထအော်တတ်၏။ တစ်ကမ္ဘာလုံးမှ *Rocker* များကို လွန်စွာ ကြိုက်၏။ ပါရမီရှင်တို့၏ အားလုံးပေါင်း အရည်အချင်း သူ့ကိုယ်တွင် ရှိသည် မှတ်၍ လက်ဖက်ရည်ဆိုင်သို့ ခပ်မာမာ သွားထိုင်၏။ မော်ဒန် ကဗျာ နှစ်ပုဒ်ခွဲ တိတိ စပ်၏။ ကာရန်ကဗျာ တစ်ပုဒ်နှင့် တစ်ဝက် စပ်၏။ တစ်ကွက်ထဲကိုမျှ တဖြတ်ဖြတ် မည်ရုံသာ တီးတတ်ရုံဖြင့် *Metallica* ကို ဝေဖန်၍ သူ့ဟာသူ သီချင်း ရေး၏။ သူ့ကိုယ်သူ *musician* ဟု သမုတ်၍ ထောင်ထောင် ထောင်ထောင် လုပ်၏။ သူ့အဖေက အလကားကောင်ဟု မှတ်ချက် ပြု၏။ သူ့အမေနှင့် သူ့အစ်မက သနားစရာဟု ရင်ဖိ၏။ ရပ်ကွက်ကတော့ ရှင်းသည်၊ 'သောက်ရူး' ဟု နှစ်လုံးတည်း အမည် ပေးထား၏။ သူသည်ကား လားလားမျှ မမှု၊ အနုပညာသမားသည် ခံနိုင်ရည်အား ကောင်းရမည်ဟု ဘာမှန်း မသိ ခံယူ၍ သူ့အစွမ်းပြ စီးရီး တစ်ခွေ စတည်ရန် ကြံလေသတည်း။

အခွေ သွင်းလျှင် သီချင်း ရှိရမည်ကို သူ သိ၏။ သို့သော် သူများ အာဘော်အောက် သူ အရောက်မခံ၊ ကိုယ့်သီချင်း ကိုယ် ရေးရန် ကြံ၏။



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ စကားများလှသည် ဖြစ်ရာ (ကြုံဖူးသူများ နားရာဇဝတ်သင့်ဖူးကြပါမည်) နားထောင်မိသူ ခမျာ မခံနိုင်စရာ အန္တရာယ် ကြီးသည့် အဖြစ်ကို မြင်မိ၍ ပါးစပ်နှင့် မပြောဘဲ လက်နှင့်ပဲ နည်းနည်း ရေး၍ ဂျာနယ် မဂ္ဂဇင်းတို့သို့ ပို့ကြည့်ရပါမူ သူတို့ သုံးပါက ဟန်ကျနိုင်လောက်သည်ဟု အကြံရသဖြင့် ချရေးကြည့်လေသည်။ ထိုသည်တွင်မှ ပါးစပ်က ပြောပါက အာညောင်းလျှင် ရပ်သွားပါသော်ငြား လက်ဖြင့် ချရေးသော အခါမှ ညောင်းလျှင် ခဏနား၊ ခဏ ကြာလျှင် ပေါက်တတ်ကရ ဆက်ရေးချ၍ မပြီးနိုင်အောင် စခန်း သွားနေသဖြင့် အနိုင်နိုင် အတင်း ရပ်၍ ပြန်ဖတ် အတိုချုံးကာ သိချင်သူများ အတွက် ခပ်သွက်သွက် တင်ပြရသည် ရှိသော် ...

စီးရီး တစ်ခွေ စီစဉ်၍ အလုပ် ရှုပ်ချင်သည် ဆိုပါက လုပ်ရန် အလုပ် အကြမ်းအားဖြင့် သုံးခု ထွက်၏။ အသံ သွင်းခြင်းသည် တစ်လုပ်၊ ရုံးတင်ခြင်းသည် တစ်လုပ်နှင့် ထုတ်လုပ် ဖြန့်ချိခြင်းသည် တစ်လုပ် စုစုပေါင်း သုံးလုပ် ရှုပ်ရ၏။ ဤသုံးခု အနက်မှ ရုံးတင်သည့် ကိစ္စသည် စိစစ်ရေးရုံးမှ စိစစ်ပေးရသည့် ကိစ္စ ဖြစ်၍ သင်ကိုယ်တိုင် ဝင်၍ စိစစ်ချင်သည်ဟု အူကြောင်ကြောင် ဝင်ရှုပ်၍ မရ၊ တာဝန်ရှိသူများ၏ ကိစ္စသာ ဖြစ်ရာ သင့်မှာ လုပ်စရာ နှစ်ပိုင်းသာ ကျန်၏။ အသံ သွင်းခြင်း အပိုင်းတွင် ဆိုတီးစရာ သီချင်း ရှိရ၏။ ဆိုတီးသူ ရှိရ၏။ အသံသွင်း အသံဖမ်းမှု ရှိရ၏။ ပြီးသော် အသံ ညီစေ၊ သာစေရန် *Mix down* ဟူသော ကိစ္စ လုပ်ရ၏။ *Mix down* ပြီး၍ *Master* ကိစ္စ ပြီးသော် တစ်ပိုင်း နိဂုံးချုပ်တော့လေသတည်း။ နောက်တစ်ပိုင်းသည်ကား ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ချိသည့် ကိစ္စ ဖြစ်၍ ကာဗာ ဒီဇိုင်း၊ အခွေ အခွံ၊ အခွေ အသားသာမက ကျန်ဗာရီရ တပြုံတမ သင့် လက်ဝယ် ရှ၍ စိစစ်ရေးရုံး ခွင့်ပြုမိန့် အတွေတွေပါ ကျလာပါက ဈေးကွက်တွင် ကြော်ညာခြင်း၊ ဖြန့်ချိခြင်းတို့မှာ ဖြန့်ချိရေး လုပ်ငန်းနှင့် သင် အဆင်ပြေသလို အတွေတွေ ညှိ၍ အခွေ ထွက်ရက်ကို ဗေဒင် တွက်ချင်တွက် မတွက်ချင်နေ သတ်မှတ်ရပြီး အခွေ ထွက်လေသော် ပေါက်သည် မပေါက်သည်၊ အောင်မြင်သည် မအောင်မြင်သည်၊ ရောင်းရသည် မရောင်းရသည်မှာ သင့်အရာ မဟုတ်တော့သောကြောင့် အခွေ





တစ်ခွေ စီစဉ် ထုတ်ဝေပြီးလေသတည်း။ ဤစာပိုဒ်မှ ဖတ်ပြီး၍ အခွေ ထုတ်ရတာများ အလွယ်သားဟဲ့ဟု သင် အထင် ရှိလေလျှင် အောက်ဖော်ပြပါ ကျွန်တော်၏ ခွက်ခွက်လန်ဖူးသော စီးရီး တစ်ခုကို ပမာ အဖြစ် ပြု၍ ဆင်ခြင်ကြည့်လေလော့။

စီးရီး တစ်ခွေ စီစဉ် ထုတ်ဝေမည့်သူကား အနုပညာနှင့် ဂီတလောက အကြောင်းကို ဘာတစ်ခုမှ မသိသည့် (၁၈) နှစ် အရွယ် ငတိ ဖြစ်၏။ ဒင်း အခွေ၏ ငွေကြေး ကုန်ကျစရိတ် အိတ်စိုက်သည်မှာ ဒင်း၏ မိဘများသာ ဖြစ်၍ ရှုံးသည် ဖြစ်စေ၊ မြတ်သည် ဖြစ်စေ ဒင်း တာဝန်ယူရ ကောင်းမှန်း မသိ ဖြစ်၏။ ဤအချက် နှစ်ချက်တည်းနှင့်ပင် ဘာဖြစ်လာတော့မည်ကို သင် သိလောက်ပေသည်။ မှန်ပါသည် မိတ်ဆွေ၊ သင်၏ အတွေး သွေးထွက်အောင် မှန်ပေရာ သောက်သရမ်းများသာ ဖြစ်လာလေတော့၏။ ကြည့်လော့ ...

ခေတ်ကို မော်ဒန်ခေတ်ဟု သူ ထင်နေ၍ သူ့ကိုယ်သူ *Rocker* စစ်စစ်ဟု အခြေအမြစ် မရှိ ခံယူ၏။ လွတ်လပ်ရမယ်၊ လွတ်လပ်ရမယ်ဟု ထထအော်တတ်၏။ တစ်ကမ္ဘာလုံးမှ *Rocker* များကို လွန်စွာ ကြိုက်၏။ ပါရမီရှင်တို့၏ အားလုံးပေါင်း အရည်အချင်း သူ့ကိုယ်တွင် ရှိသည် မှတ်၍ လက်ဖက်ရည်ဆိုင်သို့ ခပ်မာမာ သွားထိုင်၏။ မော်ဒန် ကဗျာ နှစ်ပုဒ်ခွဲ တိတိ စပ်၏။ ကာရန်ကဗျာ တစ်ပုဒ်နှင့် တစ်ဝက် စပ်၏။ တစ်ကွက်ထဲကိုမှ တပြတ်ပြတ် မည်ရုံသာ တီးတတ်ရုံဖြင့် *Metallica* ကို ဝေဖန်၍ သူ့ဟာသူ သီချင်း ရေး၏။ သူ့ကိုယ်သူ *musician* ဟု သမုတ်၍ ထောင်ထောင် ထောင်ထောင် လုပ်၏။ သူ့အဖေက အလကားကောင်ဟု မှတ်ချက် ပြု၏။ သူ့အမေနှင့် သူ့အစ်မက သနားစရာဟု ရင်ဖို၏။ ရပ်ကွက်ထဲ ကတော့ ရှင်းသည်၊ 'သောက်ရူး' ဟု နှစ်လုံးတည်း အမည် ပေးထား၏။ သူသည်ကား လားလားမျှ မမှု၊ အနုပညာသမားသည် ခံနိုင်ရည်အား ကောင်းရမည်ဟု ဘာမှန်း မသိ ခံယူ၍ သူ့အစွမ်းပြ စီးရီး တစ်ခွေ စတည်ရန် ကြံလေသတည်း။

အခွေ သွင်းလျှင် သီချင်း ရှိရမည်ကို သူ သိ၏။ သို့သော် သူများ အာဘော်အောက် သူ အရောက်မခံ၊ ကိုယ့်သီချင်း ကိုယ် ရေးရန် ကြံ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အနုပညာမြောက်သော သီချင်း တစ်ပုဒ်၏ တေးသွားနှင့် စာသား အကြောင်း ဘာတစ်ခုမျှ သူ မသိ။ သို့သော် ထင်ရာမြင်ရာ စွတ်ရွတ် တွေး၍ ပေါက်ကရ အတင်း ချရေး၏။ သူ့စာသားကို တခြားလူ မပြောနှင့် သူ ကိုယ်တိုင်ပင် နားမလည်။ (ယခုအချိန်ထိလည်း နားမလည်ပါ။ ပေါ တောတော ဖြစ်နေသည်ဟု ခံစားရ၏) သို့သော် ကိစ္စ မရှိ။ ဘယ်သူမှ နားမလည်ခြင်းသည် မော်ဒန်မြောက်သည်ဟု သူ ထင်၏။ သူ့ကိုယ်သူ အားရ၍ 'တယ်ဟုတ်တဲ့ငါ' ဟု သွေးနထင် ရောက်၏။ သူ ရေးထားသော ပေါက်ကရ သီချင်း (၁၂) ပုဒ်လောက်သည် ဂရမ်မီဆု ရနိုင်သည်ဟု သူ ယုံကြည်၍ စီးရီး သွင်းရန် အိမ်ကို တဂျီဂျီ ပိုက်ဆံ တောင်းလေတော့သည်။

သူ့အိမ်က ဤသို့ တွေး၏။ စီးရီးလေး တစ်ခုလောက် ပေးထုတ် လိုက်တော့ ရူးနေတာလေး နည်းနည်း ပေါ့သွားတာပေါ့ ဟူ၍ ဖြစ်၏။ သူကမူ သူ့ကိုယ်သူ ဤသို့ တွေး၏။ ငါသည် *Skid Roll* နှင့် *Bon Jovi* တို့ထက် ရပ်ရော အသံပါ သာ၏။ (ရူးပါ့ကွာ) ဂီတ အရာ၌လည်း ဗီသိုဗင်ထက် မညံ့သော ပါရမီ ရှိ၏။ (သွက်သွက်ကို ခါနေတာပဲ) ငါ၏ အခွေသည် ဂရမ်မီ ရမည့် အခွေ ဖြစ်၏။ (…!) ထို့ကြောင့် ငါ့ အခွေနှင့် သီချင်းများကို အခြားလူ အိုင်ဒီယာ ယူသွား၍ မဖြစ်၊ အရပ်ထဲမှ သူငယ်ချင်းများနှင့် လျှို့လျှို့ဝှက်ဝှက် လုပ်နိုင်မှသာ ဖြစ်မည် (……!) ဟု တွေး၍ နာမည်ကိုလည်း အနောက် နိုင်ငံမှ ဝိုင်းများ ကဲ့သို့ ဘိုနာမည် ပေးမှ တန်ကာကျမည်ဟု ယူဆကာ ရှည်ရှည်လျားလျား ခေါ်ရခက်သော နာမည်ကြီး တစ်ခု အတည်ပြု မှည့်ခေါ်လေ၏။ (ကွင်းစ ကွင်းပိတ်ထဲမှ စကားလုံးများသည် အသင်နှင့် ကျွန်တော် သဘောမျှသော ကိစ္စများ ဖြစ်ပေသည်)

သို့နှင့် အန်နီဗလာနံသည် အသံ စသွင်းရန် စတူဒီယို ဝင်လေ၏။ (ဤနေရာမှ စလွဲပေပြီ၊ ဖြစ်သင့်သည်မှာ အသံ သွင်းမည့် သီချင်း စာသား များကို စိစစ်ရန် ရုံးသို့ အရင် တင်ပြပြီး ရုံးခွင့်ပြုချက် ရမှ စသွင်းခြင်းသည် ပို၍ သဘာဝကျပေ၏) ဂီတ ကိစ္စ နကန်း တစ်လုံးမှ မသိဘဲ စတူဒီယို တွင်းသို့ ဝင်သဖြင့် စတူဒီယို အင်ဂျင်နီယာတို့က အစ နီးစပ်သူ အားလုံးက (ပိုက်ဆံ ရမည့် ကိစ္စ ဖြစ်ငြား ငွေမက်သူများ မပါ၍) စေတနာ ထားကာ





အခြေအမြစ် ရှိအောင် ကြိုးစား၍ ဝိုင်းဖျောင်းဖျကြသေးသော်လည်း သူမူကား လုံးဝ လက်မခံ။ အတင်း အသံ စသွင်းလေ၏။ ထိုအခါ ဘာဖြစ်ပါသနည်း။ ဟုတ်ကဲ့။ ဆက်ကြည့်ပါ ခင်ဗျာ။

သီချင်း တစ်ပုဒ် အတွက် အခြေခံအကျဆုံး *key* နှင့် *tempo* ကို သူ မသိ။ ကြိုက်သလိုချ လွှတ်လပ်မှ ကောင်းတာဟု ဖြီး၍ ဆရာကြီး စတိုင် ထိုင်နေလေရာ အတီးသမားများ စိတ်ညစ်ညူးကြ၏။ သူ့ကိုယ်သူကား ဘာ *key* လာလာ ငါဆိုနိုင်ပါတယ်ဟု ဘဝင်လေဟပ်လေ၏။ နောက်အခြေခံကိစ္စ သီချင်းကို *frame* ခွဲ၍ *bar* အတိအကျ သတ်မှတ်ခြင်း မရှိ။ အသုံးပြုမည့် *instrument* များ ရေရာခြင်း မရှိ၊ *instrument* များနှင့် *vocal* အတွက် ခိုင်မာသော *notes* များလည်း မထား၊ *arrangement* အားဖြင့် ဘာတစ်ခုမှ မသိ၊ *ending* တွင် *fine* လား *fadeout* လား ဘာလုပ်ရမှန်း မသိ၊ *intro, verse, chorus, solo* နှင့် *ending* များ *pattern* ခွဲရာတွင် မည်သည့် *pattern* နှင့် *arrangement* သည် သီချင်း အတွက် အကောင်းဆုံး အနေအထားတွင် ရှိသနည်းဟု သီချင်းကို အမျိုးမျိုး ပြောင်းလဲ၍ အစမ်းတိုက် ကြည့်ခြင်းလည်း မရှိ၊ (ထိုသို့ လုပ်ရသည်ဟုပင် သူမသိ) အစရှိသည့် အခြေခံအကျဆုံး လူတိုင်း သိသည့် ကိစ္စရပ်များကိုပင် သူ မသိရုံမက သူ ရေးထားသော ပေါက်ကရ သီချင်းများမှာ ဘယ်လောက် လုပ်လုပ် ပုံမလာသည်သာ ဖြစ်ငြား လွှတ်လပ်မှ ကောင်းတာဟု မျက်စိ စုံမှိတ် ဖင်ပိတ် ဖြီးဖြန်း၍ ရမ်းသမ်း လုပ်လေ၏။

အဆိုးဆုံးကား တစ်ခါမှ စတူဒီယိုထဲ မဝင်ဘူးသော ငတုံးက *Doctor Beat* ကို မကြားဖူးဘဲ နားစူးသည်ဟု အကြောင်းပြ၍ ပိတ်ခိုင်းလေရာ နဂိုကမှ မကောင်းသော သီချင်း အားလုံးသည် ပျက်စီးခြင်း ဘဝသို့ လုံးလုံး အဆုံးသတ်သွားလေတော့၏။ သူ့အသံနှင့် ဆိုဟန်များ ရေးပြ၍ပင် မကောင်းလောက်အောင် ရှိ၏။ ထိုသီချင်းများ ကြား၍ သူ စိတ်ပျက်သွားလောက်သည်ဟု အသင် ထင်လျှင် လုံးလုံး မှားလေ၏။ အဲဒါမျိုးမှ ဂရမ်မီ အယ်လ်ဘမ်ကွဟု ထကြွေးဝါးလျက် အခွေ ထွက်ပါမည် တကဲကဲ လုပ်သဖြင့် မနည်း ဝိုင်းတောင်းပန်ကာ စိစစ်ရေးရုံး တင်ရန်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ၊ *Mix down* ကိစ္စ လုပ်ရန် ကျန်သော အဝဝကို ပြောပြကြရသည်တွင် လွန်စွာ အလုပ်များလှသော စိစစ်ရေးရုံးမှ လူကြီးများသည် အဓိပ္ပာယ်မရှိသော စီးရီး တစ်ခွေ အတွက် အလုပ် ပိုကြရသည်သာမက စိစစ်ရေးရုံးမှ ထုတ်လုပ် ဖြန့်ချိ ခွင့်ပြုချက် ရလေသော် ထုတ်လုပ် ဖြန့်ချိရေး လောကမှ လူများ စိတ်ဆင်းရဲကြရလေသတည်း။

အခွေ ထွက်ချင်သူ သူ့အတွက်မှာကား အခွေ ကာဗာ ဒီဇိုင်း၊ ဝေါ်ရှိ ဒီဇိုင်းပါ သူ့ဟာသူ ဆွဲရ၍ ပိုစိတ်တိုင်းကျကာ ဒီပညာတွေလည်း ငါ တတ်သကိုးဟု အမျိုးမျိုး ပီတိ ဖြစ်လျက် ရှိ၏။ ငွေအင်အား လိုလျှင် အိမ်ပြန်၍ တဂျီဂျီ နားပူ တောင်း၏။ လူအင်အား လိုလျှင် သူငယ်ချင်း မိတ်ဆွေများကို အတင်း ချောဆွဲ၏။ ဤသို့ဖြင့် များမြောင်လှသော ကိစ္စ အဝဝကို ဖြတ်သန်း ပြီးစီး၍ သူ့အတွက် လူပေါင်းများစွာ စိတ်ဆင်းရဲကြရပြီး နောက်ဆုံး အခွေ ထွက်သော အဖြစ်သို့ ဆိုက်ရောက်လေရာ …

တစ်ရက်၊ နှစ်ရက်၊ တစ်ပတ်၊ နှစ်ပတ် ဘာသံမှ မကြားရ။ သောက်သောက်လဲ အရှုံး စာရင်း ပြလေ၏။ ပရိသတ် မရ၊ နားထောင်မိသူများ၏ ကြိမ်ဆဲခြင်းကိုသာ အားရပါးရ ခံရ၏။ သုံးလ ပြည့်လေသော် ဖြန့်ချိရေးဆိုင်မှ နေရာ မရှိရသည့်ကြား သူ့အခွေများက ရှုပ်လှ၍ သူ့ကို ဖုန်းဆက်ခေါ်ကာ အခွေများ ပြန်လာသိမ်းခိုင်းလေတော့သတည်း။ ဤသည်တွင် တစ်စခန်း ရပ်၍ သူ့အိမ်သည် ငွေရေး ကြေးရေး အရ လုံးဝ အရှုံးပြလေပြီး အရှုး ဒုက္ခ ပေးခြင်းကို ခံရလေ၏။ သူကိုယ်တိုင်မှုကား စိတ်ဓာတ်ကျသွားမည်ဟု အသင် ထင်လျှင် မှားပြန်ပါလေပြီ။ ထိုဗာလာနံအနွေးသည်မှာကား သူ၏ အနုပညာ မြင့်လွန်းလှ၍ နှစ်ထပ် ရှိမှ မှတ်မိလောက်သည်ဟု အထင် ရောက်ကာ နောက်တစ်ခွေ ထပ်တည်ရန် ကြံပြန်လေရာ အားလုံးက ဒေါသတကြီး ဝိုင်းတားတော့မှ ကြောက်ကြောက်နှင့် ရပ်သွားရပေတော့၏။

ဤသည်မှာကား လွန်ခဲ့သော ဆယ်စုနှစ် တစ်စုက အနွ တစ်ယောက် လျှောက်ခဲ့သော လမ်းတစ်ခု ဖြစ်၍ ယနေ့ခေတ် လူငယ် တစ်စုတို့ စီးရီး တစ်ခွေ လုပ်ရန် အကြံ ရှိပါသော် အထက်ပါ ငနဲ၏ နမူနာကို ပြောင်းပြန်ယူ၍ အစစအရာရာကို ချင့်ချိန် စဉ်းစားကာ မိမိ လမ်းကို





ဆက်သွားနိုင်ကြရန် ရည်ရွယ် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ အမြင်သည်ကား …

အနုပညာ တစ်ခု ဖန်တီးခြင်းသည် လွတ်လပ်ပါသည်။ သို့သော် ပေါက်လွတ်ပဲစား ထင်ရာ လျှောက်လုပ်၍ ရသော ကိစ္စ မဟုတ်ပါ။

မိမိ ယုံကြည်ရာ ကိစ္စ တစ်ခု အတွက် တစ်ခါတစ်ရံ လိုအပ်လျှင် သတ္တိ ကောင်းရပါသည်။ သို့သော် ခေါင်းမာ စိတ်ကြီးဝင် ဘဝင် လေဟပ်၍ ပေါက်တက်ကရ နေထိုင် လုပ်ကိုင်၍ မရပါ။ ထို့အပြင် မိမိ ယုံကြည်လုပ်ကိုင်လိုက်သော ကိစ္စ တစ်ခုမှာ မိမိတွင်သာ အပြည့်အဝ တာဝန်ရှိပါသဖြင့် အကယ်၍ ထိုကိစ္စသည် မိမိ ပတ်ဝန်းကျင်နှင့် တစ်စုံတစ်ယောက်ကို ထိခိုက်နိုင်ပါက သိပ်တန်ဖိုး မရှိလှသည်မှာ သေချာပါသည်။

မလောက်လေး မလောက်စားနှင့် မင်းက ဆုံးမချင်တာလားဟု မိတ်ဆွေ အမေး ရှိပါသော် ဤဘာမဟုတ်သည့် စာစုကို ဤနေရာလောက် ရောက်သည် အထိ ဖတ်ပေးခဲ့ခြင်းအားဖြင့် မိတ်ဆွေကို အထူး ကျေးဇူးတင်ရှိပါကြောင်းသာ ဖြေရန် ရှိပါတော့သည် ခင်ဗျာ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ကဗျာဖတ်ပြီး
ကဗျာရေး
သီချင်းနားထောင်ပြီး
သီချင်းရေး
ဝတ္ထုဖတ်တော့
ဝတ္ထုရေး
တရားတောဝင်တော့
ဘုရားဝင်ရွှေပြေး
ငွေမရှိငွေရှာ
ဆန်မရှိဆန်ရှာ
ပြဿနာမရှိပြဿနာရှာ
အလုပ်မရှိအလုပ်ရှာ
တစ်ရံရောအခါက
ဩ……
ကူးစက်လွယ်တဲ့ရောဂါ….။

www.burmeseclassic.com